# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ခန္ဓာငါးပါးကို မပြတ်ရှုမြင်**

ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မရှုမမြင်ဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှည်ရခြင်းထက် ခန္ဓာငါးပါးတို့၏ အဖြစ်အပျက်ကို မပြတ်ရှုမြင်ရသောပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည် ရခြင်းသည် မြတ်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၁၃)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၈ ရက် | ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ် (၀၃၂)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။


**ယနေ့ မာတိကာ**

**မဲဆန္ဒရှင်စာရင်း ပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများ လျာထားသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ** — ပြည်တွင်းသတင်း စာ - ၃

........................

**မြန်မာ - ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင် အစည်းအဝေးကျင်းပ** — ပြည်တွင်းသတင်း စာ - ၃

........................

**ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၆၁၁ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ** — ပြည်တွင်းသတင်း စာ - ၅

........................

**တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ အကြီးစားပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်** — နိုင်ငံတကာသတင်း စာ - ၁၄




ကမ္ဘောဇသာဒီရွှေနန်းတော်

## တန်ဆောင်တိုင်ပွဲတော်ကာလ ကမ္ဘောဇသာဒီရွှေနန်းတော်တွင် ဖျော်ဖြေရေးအစီအစဉ်များ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**ပဲခူး အောက်တိုဘာ ၃၁**

တန်ဆောင်တိုင်ပွဲတော်ရက်များတွင် ကမ္ဘောဇသာဒီရွှေနန်းတော်သို့ လာရောက်လည်ပတ်အပန်းဖြေကြသူများ စိတ်ရွှင်လန်း ပျော်ရွှင်မှုများဖြစ်ရေးအတွက် ဈေးရောင်းပွဲတော်များ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ဈေးရောင်းပွဲတော်အဖြစ် စာအုပ်ဈေးရောင်းပွဲတော်များ၊ အမှတ်တရ လက်ဆောင်ရောင်းချသည့်ဈေးဆိုင်များ၊ စားသောက်ဆိုင်ခန်းများ ပါဝင်မည်ဖြစ်ကြောင်း၊ နိုဝင်ဘာလ ၆ ရက်နေ့တွင် "ရှေးဘုရင်များ၏ မင်းခမ်းမင်းနား ပုံရိပ်များ" ဖျော်ဖြေရေးအစီအစဉ်များနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❁



## သံတွဲမြို့နယ်ရှိ ငပလီပင်လယ်ကမ်းခြေသို့ ခရီးသွားများ လာရောက်အပန်းဖြေမှုများလာ

**သံတွဲမြို့ အောက်တိုဘာ ၃၁**

ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ငပလီကမ်းခြေသို့ ခရီးသွားများ နေ့စဉ်လာရောက် အပန်းဖြေလျက်ရှိရာ မြန်မာနိုင်ငံ ဒေသအသီးသီးမှ လာရောက်အပန်းဖြေကြသူများဖြစ်ကြောင်း သိရသည်။ (ဓါတ်ပုံ)

"ငပလီကမ်းခြေကို လာရောက်အပန်းဖြေကြသူတွေမှာ အရင်နှစ်တွေလောက်မများပေမယ့် သံတွဲလေဆိပ်ကိုတော့ တစ်ရက်ကို လေယာဉ်အတက်အဆင်း ငါးခေါက်လောက်ရှိတယ်လို့ ကြားသိရပါတယ်။ လေယာဉ်ပေါ်ပါလာတဲ့ လူတော်တော်များများကလည်း အပန်းဖြေဖို့လာတဲ့သူတွေဖြစ်တယ်လို့ သိရပါတယ်။ အပန်းဖြေလာကြသူတွေဟာ ကမ်းခြေအနီးရှိ ပုလဲကျွန်း၊ LIGHT HOUSE အပန်းဖြေစခန်းနှင့် သဲဖြူကျွန်းနေရာတွေကို

*စာမျက်နှာ ၃ ကော်လံ ၃* ❑

# မြို့ရွာများအမြန်ဆုံး အေးချမ်းသာယာရေး အကြမ်းဖက်မှုများကို ပူးပေါင်းတိုက်ဖျက်

အကြမ်းဖက်လုပ်ကြံသတ်ဖြတ်မှုများ၏ ရည်ရွယ်ချက်မှာ ပြည်သူလူထုအတွင်း အကြောက်တရားဖြင့် လွှမ်းမိုးထားရန် ဖြစ်ပြီး နိုင်ငံတော်အုပ်ချုပ်ရေး ယန္တရားတွင် အခြေခံအကျဆုံးဖြစ်သော ရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးများ ပျက်ပြားစေရန်အတွက် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများ၊ ရာအိမ်မှူးများကို လုပ်ကြံသတ်ဖြတ်ခြင်း၊ အပြစ်မဲ့ပြည်သူများ၊ ရဟန်းသံဃာများကို ဒလန်ဟုစွပ်စွဲ၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ နိုင်ငံ့ဝန်ထမ်းများကို လုပ်ကြံသတ်ဖြတ်ခြင်းတို့ကို ရက်ရက်စက်စက် ပြုလုပ်ခဲ့ကြသည်။

အကြမ်းဖက်အုပ်စုများနှင့် အကြမ်းဖက်အားပေး မီဒီယာများက ပြည်သူလူထုအတွင်း လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်ပြီးတိုင်း ဆင်ခြေများပေးလေ့ရှိသော်လည်း ၎င်းတို့သည် လက်နက်ကိုင်ဆောင်ထားခြင်းမရှိသော ပြည်သူများကို လွယ်ကူသည့် ပစ်မှတ်များအဖြစ် လုပ်ကြံသတ်ဖြတ်ခြင်းနှင့် ယင်းကို အကြောင်းပြုကာ အကြမ်းဖက်အားပေးသူများထံမှ ငွေကြေးအလှူခံခြင်းတို့မှာမူ ထင်ရှားစွာ ပေါ်လွင်လျက်ရှိသည်။ မိမိတို့နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးလျက်ရှိသည့် အားလျော်စွာ ပြည်သူလူထုအတွင်း နိုင်ငံရေးအမြင်၊ ခံယူချက်တို့ အမျိုးမျိုးရှိနေမည်ဖြစ်သော်လည်း အစွန်းရောက် စိတ်ဓာတ်များနှင့် အကြမ်းဖက်မှု ပုံစံအမျိုးမျိုးတို့ကို လက်ခံအားပေးသူတို့မှာ လူနည်းစုမျှသာ ဖြစ်သည်ကို လေ့လာတွေ့ရှိနိုင်သည်။

ပြည်သူလူထုအတွင်း ရောနှောနေထိုင်ပြီး အကြမ်းဖက်အဖျက်လုပ်ငန်းများ၊ လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်ခဲ့ကြသည့် အကြမ်းဖက်သမားများကို အုပ်စုလိုက် ဖော်ထုတ်ဖမ်းဆီးရမိမှုများမှာ အကြမ်းဖက်မှုကို မလိုလားသော ပြည်သူတစ်ဦးချင်းက သော်လည်းကောင်း၊ ပြည်သူအများက သော်လည်းကောင်း သတင်းပေးမှုများကြောင့် ဖြစ်သည်ကို သတင်းများတွင် တွေ့ရှိနိုင်သည်။ နိုင်ငံရေးအစွန်းရောက် မသမာသူများ၊ ပြည်ပြေးများနှင့် အကြမ်းဖက်အဖျက်အုပ်စုများက မြန်မာနိုင်ငံအတွင်း သေကျေပျက်စီး ဝတ်မွတ်မှုများနှင့် အမင်္ဂလာပုံရိပ်များ၊ အနိဋ္ဌာရုံများ ဖြစ်ပေါ်နေသည်ကိုသာ မြင်တွေ့လိုကြခြင်းဖြစ်သည့်အလျောက် ပြည်သူလူထုအတွင်း ပျော်ပွဲရွှင်ပွဲကျင်းပခြင်း၊ ခရီးစဉ်ဒေသများသို့ သွားရောက်လည်ပတ် အပန်းဖြေခြင်း၊ ဘာသာရေးအရ အလှူအတန်းပြုလုပ်ခြင်း၊ ဘုရားဖူးခြင်း စသည်တို့ကို မနာလိုမရှုဆိတ်စွာဖြင့် ပြစ်တင်ရှုတ်ချခြင်း၊ ခြိမ်းခြောက်ခြင်းမှသည် ဘုရားဖူးပြည်သူများကို ပစ်ခတ်သတ်ဖြတ်ခြင်းနှင့် ဘုံကထိန်ပွဲကဲ့သို့သော ဘာသာရေးအခမ်းအနားကို လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်းတို့ ပြုလုပ်ခဲ့ကြသည်ကိုပင် တွေ့ခဲ့ကြရပြီ ဖြစ်သည်။

လူမှုကွန်ရက်မီဒီယာများတွင် အကောင့်အတုများဖြင့် အဖျက်အမှောင့်လုပ်နေသူ အချို့ကလွဲလျှင် မြန်မာတိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းလျက် သာယာဝပြောနေသည်ကိုသာ အလိုရှိကြသည်။ ကျက်သရေမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံ၍ ကောင်းသောအတိတ်၊ ကောင်းသောနိမိတ်၊ ဣဋ္ဌာရုံတို့ကိုသာ မြင်လို တွေ့လို ကြားလိုကြသည်။ ပြည်သူတို့၏ လိုအင်ဆန္ဒက အကြမ်းဖက်အဖျက်သမားတို့ ဖြစ်စေလိုသည်များနှင့် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေရာ အကြမ်းဖက်အဖျက်လုပ်ရပ်တို့ကို ဆန့်ကျင်၍ အကြမ်းဖက်မှုတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်လာကြသည်မှာ အများပြည်သူတို့၏ ဆန္ဒနှင့် အညီပင်ဖြစ်သည်။ ပြည်သူလူထုတစ်ရပ်လုံး၏ စွမ်းပကားဖြင့် အကြမ်းဖက်အဖျက်သမားများ ကျဆုံးခြင်းနှင့်အတူ မြို့ရွာများ အမြန်ဆုံး အေးချမ်းသာယာမည် မုချဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခိုင်ခိုင်အောင်ကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအဖွဲ့ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးဇော်နိုင်ဝင်း | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |
| (ခ) | ဦးမျိုးဇော်ဇော် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်တွင်းရေးရာဦးစီးဌာန<br>ကာကွယ်ရေးဝန်ကြီးဌာန |

## ပြည်ပရောက်မြန်မာနိုင်ငံသားများ၏ လုပ်ခ/လစာဝင်ငွေများ လွှဲပြောင်းသည့် ပမာဏအပေါ် နိုင်ငံတော်က ပံ့ပိုးငွေများ ထောက်ပံ့ပေးမည်

နိုင်ငံတော်အတွက် နိုင်ငံခြားငွေများကို တစ်ဖက်တစ်လမ်းက ရှာဖွေပေးလျက်ရှိသည့် ပြည်ပရောက်မြန်မာနိုင်ငံသားများအား နိုင်ငံတော်က ချီးမြှောက်သောအားဖြင့် ပြည်ပရောက် မြန်မာနိုင်ငံသားများ၏ နိုင်ငံခြားသုံးငွေဖြင့်ရရှိသော လုပ်ခ/လစာဝင်ငွေများကို ပြည်ပမှ ပြည်တွင်းသို့ နိုင်ငံခြားသုံးငွေရောင်းဝယ်ဖောက်ကားသည့် လုပ်ငန်းလိုင်စင်ရဘဏ်များမှတစ်ဆင့် လွှဲပို့ခြင်းအတွက် အမေရိကန် တစ်ဒေါ်လာ (ယင်းနှင့်ညီမျှသော နိုင်ငံခြားငွေ) အပေါ်တွင် ၃၀ ကျပ်အား နိုင်ငံတော်က အပိုဆောင်းငွေအဖြစ် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်းနှင့် ယင်းသို့ပံ့ပိုးငွေများကို ငွေထုတ်ယူသည့်နေ့တွင် ချက်ချင်းထည့်သွင်းပေးသွားမည်ဖြစ်ပြီး ၁-၁၁-၂၀၂၂ ရက်နေ့မှစ၍ အကျိုးသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၂၀၂၂ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် တက္ကသိုလ်နေ့သင်တန်း ပထမနှစ် (ပထမနှစ်ဝက်) ဝင်ခွင့်ရသူများစာရင်းကို နိုဝင်ဘာ ၃ ရက်တွင် ကြေညာမည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ကြေညာချက်

၁။ ၂၀၂၂ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့ကြသူများအတွက် တက္ကသိုလ်နေ့သင်တန်း ပထမနှစ်(ပထမနှစ်ဝက်) ဝင်ခွင့်ရသူများစာရင်းကို (၃-၁၁-၂၀၂၂)ရက်တွင် သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်ကောလိပ်များ၊ ပညာရေးဝန်ကြီးဌာန website http://www.moe.gov.mm နှင့် အဆင့်မြင့်ပညာ ဦးစီးဌာန website http://www.dhe.gov.mm တို့တွင် ကြေညာထားမည်ဖြစ်ပါသည်။

၂။ ပထမနှစ် (ပထမနှစ်ဝက်) သင်တန်းများကို (၂၁-၁၁-၂၀၂၂) ရက်တွင် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းဝင်မှတ်ပုံတင်ခြင်းကို သက်ဆိုင်ရာတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ်များတွင် (၁၀-၁၁-၂၀၂၂)ရက်မှ (၉-၁၂-၂၀၂၂) ရက်အထိ (စနေနှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

## Seoul food Week 2022 နှင့် စားသောက်ကုန်ကဏ္ဍ လေ့လာရေးခရီးစဉ်သို့ တက်ရောက်ရန် မြန်မာကိုယ်စားလှယ်အဖွဲ့ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၃၁**

ကိုရီးယားသမ္မတနိုင်ငံ ဆိုးလ်မြို့တွင် နိုဝင်ဘာ ၂ ရက်မှ ၅ ရက်အထိ ကျင်းပမည့် Seoul Food Week 2022 နှင့် စားသောက်ကုန်ကဏ္ဍ လေ့လာရေးခရီးစဉ်သို့ တက်ရောက်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှု မြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နေဘ်မူတာကပေါ ဦးဆောင်၍ စားသောက်ကုန်ထုတ်လုပ်သည့် လုပ်ငန်းရှင်များပါဝင်သော အဖွဲ့ဝင် ၁၂ ဦးပါ မြန်မာကိုယ်စားလှယ် အဖွဲ့သည် အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့မှ ကိုရီးယားသမ္မတနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။



**နည်းပညာရရှိရေး ဆောင်ရွက်မည်**

ခရီးစဉ်အတွင်း မြန်မာကိုယ်စားလှယ်အဖွဲ့သည် ကိုရီးယားနိုင်ငံ Jeonju မြို့သို့ သွားရောက်၍ ကိုရီးယားစားသောက်ကုန်သုတေသနဌာန Korea Food Research Institute (KFRI) တွင် စားသောက်ကုန် ထုတ်လုပ်ခြင်းဆိုင်ရာ နည်းပညာများ ဆွေးနွေးဖလှယ်ကြမည်ဖြစ်ပြီး စားသောက်ကုန် ထုတ်လုပ်သည့် စက်ရုံများသို့လည်း လေ့လာရေးသွားရောက်ကြမည်ဖြစ်သည်။

**ဈေးကွက်ရရှိရေး ဆောင်ရွက်မည်**

မြန်မာကိုယ်စားလှယ် အဖွဲ့သည် ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ COEX Convention & Exhibition Center ၌ ကျင်းပမည့် Seoul Food Week 2022 တွင် မြန်မာနိုင်ငံ ကိုယ်စားပြုပြခန်း၌ ကိုရီးယားဈေးကွက်တွင် အလားအလာရှိသော မြန်မာ့စားသောက်ကုန်များကို ဈေးကွက်သစ်များ တိုးချဲ့နိုင်ရန်အတွက် ပါဝင်ပြသသွားမည်ဖြစ်ပြီး ကုန်သွယ်မှုမြှင့်တင်ရေး ဆွေးနွေးပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်ရေးနှင့် မဲရုံများလျာထားသတ်မှတ်ခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် အောက်တိုဘာ ၃၁**

အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများအား ဥပဒေနှင့်အညီ အောက်တိုဘာလကုန်ထိ လစဉ်စိစစ်ပြုစုထားသည့် လူဦးရေစာရင်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်တို့ရှိ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများက ပူးပေါင်းစိစစ်ဆောင်ရွက်ထားရှိမှုများနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် အောင်လံခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သရက်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိက အောင်လံမြို့နယ်နှင့် ဆင်ပေါင်ဝဲမြို့နယ်များ၏ အခြေခံမဲဆန္ဒရှင်စာရင်းများ လစဉ်စိစစ်ဆောင်ရွက်မှုနှင့် စပ်လျဉ်းပြီး အောက်တိုဘာလအထိတင်ပြရာ–

(၁) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ စိစစ်ချက်အရ

(က) သေဆုံး၊ ပြောင်းထွက်၊ (၂) ကြိမ်ထပ်၊ (၃) ကြိမ်ထပ်တို့မှ လျော့သည့် လူဦးရေ (၄၉၆)ဦး

(ခ) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လက်ကျန်စာရင်းမှ ပြန်လည်ထည့်သွင်းသည့် ထပ်တိုးလူဦးရေ (၁၃၄၆) ဦး

(ဂ) အောက်တိုဘာလအတွင်း မြေပြင်လူဦးရေ (၃၆၅၃၇၂) ဦး

(၂) အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ စိစစ်ချက်အရ

(က) မြေပြင်ထပ်တိုး

- ပုံစံ (၆၆/၆) ရှိသူ (၉၂) ဦး
- ပုံစံ (၆၆/၆) အခြားနှင့် (၆၆/၆)မရှိသူ (၆၉) ဦး

**စုစုပေါင်းမြေပြင်ထပ်တိုး (၁၆၁)ဦး**

(ခ) မြေပြင်တွင်လျော့သည့်ဦးရေ

- ပုံစံ (၆၆/၆) ရှိသူ (၆၃) ဦး
- ပုံစံ (၆၆/၆) အခြားနှင့် (၆၆/၆) မရှိသူ (၄၄) ဦး

**စုစုပေါင်းမြေပြင်လျော့သည့်ဦးရေ (၁၀၇)ဦး**

မဲရုံတည်နေရာနှင့် မဲရုံအရေအတွက်လျာထားမှု ၃၇၄ ရုံ လျာထားသတ်မှတ်ထားကြောင်းနှင့် မဲရုံသုံးပစ္စည်းလိုအပ်ချက်တို့ကို တင်ပြဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက အကြံပြုဆွေးနွေးကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် မကွေးတိုင်းဒေသကြီး(တာဝန်ခံ) ဦးအောင်လွင်ဦးနှင့် အဖွဲ့ဝင် ဦးမင်းမင်းဦးတို့က လုပ်ငန်းလိုအပ်ချက်များကို ဖြည့်စွက်မှာကြားပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင် အစည်းအဝေးကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

မြန်မာ–ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ နယ်ခြားစောင့်တပ်ဖွဲ့များအကြား တပ်ရင်းမှူးအဆင့် အလံတင်အစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီခွဲက ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနဖ်မြို့ Shahparirdwip လှေဆိပ်၌ ကျင်းပသည်။ **(အောက်ပုံ)**



အဆိုပါအစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အမှတ် (၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲမှူး ယာယီဒုတိယရဲမှူးကြီး ရဲဝေစိုး ဦးဆောင်သော ကိုယ်စားလှယ် ခြောက်ဦးအဖွဲ့နှင့် အမှတ် (၂) ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ် (တက္ကနဖ်မှ တပ်ရင်းမှူး ဒုတိယဗိုလ်မှူးကြီး Sheikh Khalid Mohammad Iftekhar ဦးဆောင်သော ကိုယ်စားလှယ် ရှစ်ဦးအဖွဲ့တို့ တက်ရောက်ကြသည်။

**ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေး**

အစည်းအဝေးတွင်မြန်မာဘက်က ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်း အခြေပြုလှုပ်ရှားနေသော သောင်းကျန်းသူစခန်းများ၏ တည်နေရာများကို မြေပုံနှင့်တကွ အသိပေးဆွေးနွေးခြင်း၊ နယ်စပ်ဒေသ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး ပိုမိုပူးပေါင်းဆောင်ရွက်ရန်၊ နယ်စပ်ဒေသတွင် အခြေပြုလှုပ်ရှားသည့် အကြမ်းဖက်သမားများ၊ သောင်းကျန်းသူများ တိုက်ဖျက်ရေး ပူးပေါင်းဆောင်ရွက်ရန်၊ ခိုးဝင်/ထွက်မှုများကို ထိရောက်စွာတားဆီးနိုင်ရေးအလေးထားဆောင်ရွက်ပေးရန်နှင့် ၂၀၂၂ ခုနှစ်အတွင်း နှစ်နိုင်ငံနယ်စပ်ဒေသ၌ မူးယစ်ဆေးဝါးများ မြန်မာနယ်ခြားစောင့်ရဲတပ်ဖွဲ့က ဖမ်းဆီးရမိမှုများကို ဆွေးနွေးခဲ့ပြီး ဘင်္ဂလားဒေ့ရှ်နယ်ခြားစောင့်တပ်ကလည်း နယ်စပ်ဒေသလုံခြုံရေးအခြေအနေများ၊ တရားမဝင် ဝင်/ ရောက်မှုများကို ထိရောက်စွာတားဆီးနှိမ်နင်းရေး၊ မူးယစ်ဆေးဝါးမှုခင်းနှင့် လူကုန်ကူးမှုအပါအဝင် နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးအတွက် နှစ်ဖက်နယ်ခြားစောင့် တပ်ဖွဲ့များအကြား ရှိရင်းစွဲ ရင်းနှီးခင်မင်စွာ ဆက်သွယ်ဆက်ဆံရေးကိုအခြေခံ၍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုနှင့် ဖြေရှင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

❁ *ရှေ့ဖုံးမှ*

သုတအောင်၊ ဂေးဂေးတို့၏ ဖျော်ဖြေရေးအစီအစဉ်များ၊ မျက်လှည့်ပွဲ၊ ဆက်ကပ်နှင့် အကအစီအစဉ်များ၊ In House အဆိုတော်များ၏ တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ နိုဝင်ဘာ ၇ ရက်တွင် ရှေးဘုရင်များ၏ မင်းခမ်းမင်းနားပုံရိပ်များ ဖျော်ဖြေရေးအစီအစဉ်၊ တင်မောင်ဆန်းမင်းဝင်း၊ ဝတ်ရည်ထက်တို့၏ ဖျော်ဖြေရေးအစီအစဉ်များ၊ Tranditional & Contemporary အကဖျော်ဖြေမှုများနှင့် In House အဆိုတော်များ၏ ဖျော်ဖြေမှုများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

တန်ဆောင်တိုင်ပွဲတော်ကာလ ကမ္ဘောဇသာဒီရွှေနန်းတော်အတွင်း ကျင်းပပြုလုပ်မည့် ဖျော်ဖြေရေးအစီအစဉ်များ ဈေးရောင်းပွဲတော်သို့ ဝင်ရောက်ကြည့်ရှုလိုပါက နန်းတော်အတွင်း ဝင်ကြေးငွေကျပ် ၁၀၀၀ နှင့် ကြည့်ရှုကြေး ငွေကျပ် ၁၀၀၀ သတ်မှတ်ထားပြီး အဆိုပါဈေးနှုန်းမှာ ကြိုတင်ဝယ်ယူရမည့် ဈေးနှုန်းဖြစ်ပြီး ကြိုတင်ရောင်းချပေးလျက်ရှိကြောင်း၊ ပွဲတော်ရက်ဖြစ်သည့် နိုဝင်ဘာ ၆ ရက်နှင့် ၇ ရက်တွင် (ဝင်ကြေး+၂၀၀၀ ကျပ်) ဝင်ကြေးကျပ် ၁၀၀၀ နှင့် ကြည့်ရှုဈေး ကျပ် ၂၀၀၀ ဖြစ်ကြောင်း သိရသည်။

"နန်းတော်အတွင်း ဝင်ကြေးကတော့ တစ်ထောင်ပါပဲ။ ဖျော်ဖြေရေးအစီအစဉ်တွေကို ကြည့်ချင်တယ်။ ဈေးရောင်းပွဲကို လာချင်တယ်ဆိုရင် ကြိုတင်လက်မှတ်ဝယ်ထားရင် တစ်ထောင်ပါ။ အဲဒီတော့ ပေါင်းနှစ်ထောင်ပေါ့။ ပွဲတော်ရက်ကျမှ ဝင်ရောက်ကြည့်ရှုမယ်ဆိုရင် ဝင်ကြေးကတော့ တစ်ထောင်ပါ။ ဖျော်ဖြေရေးအစီအစဉ်အတွက်က နှစ်ထောင်၊ ပေါင်း သုံးထောင်ကျသင့်မှာပါ"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

**မောင်ယဉ်ဦး**

❑ *ရှေ့ဖုံးမှ*

သွားရောက်လည်ပတ် လေ့လာကြကာ အဆိုပါအပန်းဖြေနေရာတွေကို သွားရောက် လည်ပတ်မည်ဆိုပါက စက်လှေစင်းလုံးပြတ် ငှားရမ်းခကို ငွေကျပ် ၄၀၀၀၀ ၅၀၀၀၀ ခန့်အထိ ပေးရသည်ဟု သိရသည်။

စက်လှေပြေးဆွဲသူ တစ်ဦးက "အရင်တုန်းကလောက်တော့ ကမ်းခြေမှာ လူသိပ်မရှိပါဘူး။ ကမ်းခြေမှာ လာရောက် အပန်းဖြေကြသူတွေများရင် စက်လှေပြေးဆွဲရတာ အနည်းဆုံးတစ်ရက်ကို ငါးခေါက်လောက်ရပါတယ်။ အခုတော့ တစ်နေ့တစ်ခေါက်ရဖို့ မလွယ်ဘူး။ ပြေးဆွဲတဲ့ စက်လှေလည်းများလို့ပါ။ အဓိကကတော့ ကျွန်းတွေကို လိုက်ပို့တာပါ။

"အခုက အခြေအနေအကြောင်း အမျိုးမျိုးကြောင့်ရယ်၊ ကိုဗစ်ရောဂါကြောင့်ရယ်၊ လူအသွားအလာက အရင်ထက်တော့ အနည်းငယ် လျော့နည်းသွားပါတယ်။ ကမ်းခြေမှာ လူပြတ်သွားတာမျိုးတော့ မရှိပါဘူး။ နေ့စဉ်တော့ လာနေကြတာပဲ" ဟု စက်လှေပြေးဆွဲနေသူက ပြောသည်။

ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်းရှိ ငပလီကမ်းခြေသည် နိုင်ငံခြားသား ခရီးသွားဧည့်သည်များနှင့် မြန်မာပြည် ဒေသအသီးသီးမှ လာရောက်အပန်းဖြေ အနားယူကြသူများဖြင့် နှစ်စဉ်စည်ကားလျက်ရှိကာ ယခုအချိန်တွင် လာရောက်အပန်းဖြေအနားယူသူ အနည်းငယ်လျော့နည်းခဲ့ကြောင်း၊ ပုံမှန်အားဖြင့် သင်္ကြန်ကာလမတိုင်မီနှင့် သင်္ကြန်ကာလအတွင်း ပို၍လူစည်ကားမှုရှိကြောင်း သိရသည်။

သံတွဲမြို့နယ်အတွင်းရှိ ငပလီကမ်းခြေအနီး၌ ဟိုတယ်နှင့် တည်းခိုခန်း စုစုပေါင်း ၅၀ ထက်မနည်းရှိသည်။ **သန့်ဇင်(မြန်မာ့အလင်း)**

အမှန်တကယ်ကြည့်မည့် အချိန်၌သာ တီဗွီကိုဖွင့်ပါ။
ကြည့်သူမရှိဘဲ အချိန်ပြည့်ဖွင့်ထားခြင်းကို ရှောင်ကြဉ်ပါ။

# (၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လှာကမြင်ပန်းခြံဖွင့်လှစ်

ဘားအံ အောက်တိုဘာ ၃၁

(၆၇)နှစ်မြောက် ကရင်ပြည်နယ်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရုက္ခဗေဒပညာရှင်များ၊ ပန်းဝါသနာရှင်များ၊ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များကို ဆွဲဆောင်မှုရှိသော နေရာတစ်ခုဖြစ်စေရေး ရည်ရွယ်ဆောင်ရွက်ထားသော လှာကမြင်ပန်းခြံဖွင့်ပွဲ အခမ်းအနားကို ယနေ့ နံနက် ၇ နာရီက ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ အဆိုပါပန်းခြံတည်နေရာ၌ ကျင်းပသည်။

### ကြိုးပမ်းဆောင်ရွက်ပေး

ဖွင့်ပွဲတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်က ကရင်ပြည်နယ်၏မြို့တော် ဘားအံမြို့အား Green City, Clean City ဖြစ်စေရေး သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်လှပစေရေးအတွက် အများပြည်သူ အနားယူ အပန်းဖြေနိုင်မည့် ပန်းခြံ၊ ကလေးကစားကွင်းနှင့် လျှောက်လမ်းများကို ဖန်တီးပေးလျက်ရှိကြောင်း၊ ပန်းခြံအား ရှုချင်စဖွယ်ဖြစ်အောင် အမြဲစိမ်းလန်းသာယာလှပစေရန် ရေရှည်စီမံချက်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများအတွက် စိတ်လက်ပျော်ရွှင်စွာ အနားယူအပန်းဖြေနိုင်မည့် အဆင့်မြင့်ပန်းခြံတစ်ခုဖြစ်စေရေး တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။



ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးလွင်က လှာကမြင်ပန်းခြံ တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး လှာကမြင်ကျေးရွာအုပ်ချုပ်ရေးမှူးက ကျေးဇူးတင်စကား ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လှာကမြင်ပန်းခြံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** ပြည်နယ်ဝန်ကြီးချုပ်က လှာကမြင်ပန်းခြံဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့ကို စက်ခလုတ်နှိပ်ဖွင့်လှစ် ပေးကာ တက်ရောက်လာသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

### ဆုငွေများ ပေးအပ်ချီးမြှင့်

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး ဒေါ်နန်းဘေဘီမြင့်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တက်ရောက်လာသူများသည် လှာကမြင်ပန်းခြံအတွင်း စိုက်ပျိုးထားသော သစ်ပင်ပန်းပင်လေးသိန်းကျော်၊ ကွန်ကရစ်လျှောက်လမ်း၊ ရေပန်းအဝိုင်း၊ ရေကန်နှင့် ရေတံခွန်၊ ခုံးတံတား၊ နားနေဆောင်၊ ကလေးကစားကွင်း၊ ပန်းအလှပင်နှင့် မြေယာရှုခင်းများ၊ ကရင်ရိုးရာအိမ် လေးလုံး၊ ကော်ဖီဆိုင်နှင့် ရေပေးဝေရေးစနစ်တို့ကို လှည့်လည်ကြည့်ရှုကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ကရင်ရိုးရာယဉ်ကျေးမှု ဒုံးအဖွဲ့များ၊ ဘင်ခရာအဖွဲ့များ၊ ပန်းပွားအကအဖွဲ့များကို ဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး သူရမြင့်သူက ပန်းခြံဖွင့်ပွဲသို့ တက်ရောက်လာသော ပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များကို ဖွင့်ပွဲအထိမ်းအမှတ် ပန်းခြံပုံစံငယ်များကို အမှတ်တရ လက်ဆောင်အဖြစ် ပေးအပ်သည်။

### တေးဂီတဖျော်ဖြေပွဲကို ကြည့်ရှုအားပေး

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် နိုင်ငံကျော်တေးသံရှင် L ဆိုင်းဇီ၊ မော်ဒယ်သရုပ်ဆောင်များနှင့် Section Player Music Band တို့တွဲဖက်၍ လှာကမြင်ပန်းခြံဖွင့်ပွဲအထိမ်းအမှတ် တေးဂီတဖျော်ဖြေပွဲကို ကြည့်ရှုအားပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က တေးသံရှင်များနှင့် တီးဝိုင်းအဖွဲ့သားများကို ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မုဒုံမြေ အဆင့်မြင့်ရော်ဘာထုတ်လုပ်သူများ သမဝါယမအသင်း ရော်ဘာစိုက်ပျိုး ထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် ငွေကျပ်သိန်း ၃၀၀ ထောက်ပံ့ပေးအပ်

နေပြည်တော် အောက်တိုဘာ ၃၁

**မုဒုံမြေ အဆင့်မြင့်ရော်ဘာထုတ်လုပ်သူများ သမဝါယမအသင်း၊ အသင်းဝင်များ၏ ရော်ဘာစိုက်ပျိုးထုတ်လုပ်ခြင်းလုပ်ငန်းများအတွက် အရည်အသွေးကောင်းမွန်သော ရော်ဘာကြိတ်ပြားများ ထုတ်လုပ်နိုင်ရေး ပြုပြင်ဆောင်ရွက်ရန်အတွက် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း (RBF) ရန်ပုံငွေကျပ်သိန်း ၃၀၀ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် အဖွဲ့သည် ယမန်နေ့က မုဒုံမြို့နယ် ညောင်ကုန်း၊ တော်ကူး၊ တံခွန်တိုင်၊ ကြိုက်ရွဲ၊ ကလော့သော့၊ ကွမ်လှာကျေးရွာ ခြောက်ရွာတို့မှ မုဒုံမြေ အဆင့်မြင့် ရော်ဘာထုတ်လုပ်သူများ သမဝါယမအသင်း ဖွဲ့စည်းဆောင်ရွက်နေသော ရော်ဘာစိုက်တောင်သူများနှင့် တွေ့ဆုံစဉ် အဆိုပါ ထောက်ပံ့ငွေကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး တစ်ပိုင်တစ်နိုင် စိုက်ပျိုးထားသော ၎င်းတို့၏ ရော်ဘာစိုက်ခင်းများမှ ရော်ဘာထုတ်လုပ်ရောင်းချရာတွင် အဆင့်လိုက် တွေ့ကြုံရသော အခက်အခဲများ၊ ယင်းအခက်အခဲများကို ဖြေရှင်းနိုင်မည့် နည်းလမ်းများကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသောကျေးရွာအလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ တင်ပြကြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး တစ်ပိုင်တစ်နိုင် ရော်ဘာလုပ်ငန်း ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။ **(ယာပုံ)**



ထို့ပြင် ဒုတိယဝန်ကြီးသည် မုဒုံမြို့နယ် တာပသွန်ကျေးရွာအုပ်စု တာပသွန်ကျေးရွာတွင် သမဝါယမအသင်း ဖွဲ့စည်း တည်ဆောက်မည့် ဆန်စက်မြေ နေရာကို ကြည့်ရှုစစ်ဆေးရာ သမဝါယမဦးစီးဌာန ပြည်နယ် ဦးစီးမှူးနှင့် တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်မြို့နယ်တွင် အခြေခံပညာ ထက်၊ လယ်၊ မူကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေး

ပြည် အောက်တိုဘာ ၃၁

ပဲခူးတိုင်းဒေသကြီး(အနောက်) ပြည်ခရိုင် ပြည်မြို့နယ်တွင် အခြေခံပညာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ကျောင်းအုပ်ဆရာ၊ ဆရာမများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ပြည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း သီရိရတနာခန်းမ၌ ယမန်နေ့ နံနက်က ကျင်းပခဲ့သည်။ **(အောက်ပုံ)**




အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပညာရေးမှူးရုံး(ရုံးခွဲ) ပြည်မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်ယုက တက်ရောက်လာသော ဆရာ ဆရာမများအား ကျောင်းသန့်ရှင်းရေး၊ ကျောင်းဥပဓိရုပ် ကောင်းမွန်ရေးနှင့် သင်ကြားရေးကဏ္ဍနှင့် လုံခြုံရေးကဏ္ဍများအပါအဝင် ပညာရေးဆိုင်ရာ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေး ပြောကြားသည်။

ထို့နောက် မြို့နယ်ပညာရေးမှူး ဆရာမကြီး ဒေါ်နော်အေးမေက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ယင်းဆွေးနွေးပွဲတွင် မြို့နယ်ပညာရေးမှူး ဒေါ်နော်အေးမေနှင့် မြို့နယ်ပညာရေးမှူးရုံးမှ တာဝန်ရှိသူများက ပို့ချဆွေးနွေးခဲ့ကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**၃၁-၁၀-၂၀၂၂**

| | |
|---|---|
| လှည်းကူးမြို့ | ၀ ဒသမ ၉၁ လက်မ |
| တောင်ကုတ်မြို့ | ၀ ဒသမ ၅၉ လက်မ |
| မြန်အောင်မြို့ | ၀ ဒသမ ၄၃ လက်မ |
| တောင်ကြီးမြို့ | ၀ ဒသမ ၃၆ လက်မ |
| သာယာဝတီမြို့ | ၀ ဒသမ ၃၂ လက်မ |
| ဓောင်းတူမြို့ | ၀ ဒသမ ၂၈ လက်မ |

မိုး/ဇလ

# သီတဂူဆရာတော်ကြီး၏ နာဂဒေသတောင်ပေါ်မြေပြန့်၌ သီတင်းသုံးတော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား နဝကမ္မ၊ ဆွမ်းဆန်၊ ဆီ၊ ဆေး ပစ္စည်းလေးပါး အလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

မုံရွာ အောက်တိုဘာ ၃၁

**သီတဂူဆရာတော်ကြီး၏ နာဂဒေသတောင်ပေါ်မြေပြန့်၌ သီတင်းသုံးတော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်တို့အား နဝကမ္မ၊ ဆွမ်းဆန်၊ ဆီ၊ ဆေး ပစ္စည်းလေးပါး အလှူတော် မင်္ဂလာအခမ်းအနားကို ယမန်နေ့ နံနက်ပိုင်းက နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ ရွှေပြည်သာအားကစားခန်းမ၌ ကျင်းပသည်။**



အခမ်းအနားသို့ စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ ရွှေကျင်သာသနာပိုင်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ဒေသ/မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ရှေးဦးစွာ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ငါးပါးသီလခံယူဆောက်တည်ကြသည်။

ယင်းနောက် ဆရာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော ပရိတ်တရားတော်များ နာယူကြည်ညိုကြပြီး သီတဂူဆရာတော်ကြီးက လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ထောက်ပံ့လှူဒါန်းသည့် စတုပစ္စယလှူဖွယ်ပစ္စည်းများကို ဆရာတော်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများက ဆရာတော်များထံ ဆက်ကပ်လှူဒါန်းကြသည်။ (ယာပုံ)

ဆက်လက်၍ ဗီယက်နမ်နိုင်ငံမှ သီလရှင်ဆရာလေး ဒေါ်ဟေမမာလာက လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်ကျောင်းများသို့ ထောက်ပံ့လှူဒါန်းသည့် စတုပစ္စယလှူဖွယ်ပစ္စည်းများကို ဆရာလေးနှင့် တာဝန်ရှိသူများက သီလရှင်ဆရာလေးများအား ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက ထောက်ပံ့လှူဒါန်းမှုအတွက် ကျေးဇူးတင်စကားပြန်လည်လျှောက်ထားသည်။

ယင်းနောက် သီတဂူဆရာတော်ကြီးနှင့် အခမ်းအနားသို့ တက်ရောက်လာသူများက သီတဂူအဓိဋ္ဌာန် သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

အဆိုပါ နဝကမ္မ၊ ဆွမ်းဆန်၊ ဆီ၊ ဆေး ပစ္စည်းလေးပါး အလှူတော် မင်္ဂလာအခမ်းအနားတွင် လဟယ်မြို့နယ်နှင့် နန်းယွန်းမြို့နယ်ရှိ ဘုန်းတော်ကြီးကျောင်း ၄၈ ကျောင်းမှ ရဟန်း၊ သာမဏေ ၁၁၆ ပါး၊ သီလရှင် တစ်ကျောင်းမှ သီလရှင် ၄၃ ပါး တို့အား တစ်ကျောင်းလျှင် ငွေကျပ်ငါးသိန်း၊ ဆန် တစ်အိတ်၊ ဆီ ငါးပိဿာ၊ ပစ္စည်းလေးပါးနှင့် ခရစ်ယာန်ကျောင်း သုံးကျောင်းအား တစ်ကျောင်းလျှင် ငွေကျပ် ငါးသိန်း၊ ဆန် တစ်အိတ်၊ ဆီ ငါး ပိဿာ တို့ကို လှူဒါန်းထောက်ပံ့ခဲ့ပြီး ဘုန်းတော်ကြီးကျောင်း ၄၈ ကျောင်း၊ သီလရှင် တစ်ကျောင်းတို့ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ တစ်ကျောင်းလျှင် ငွေကျပ် တစ်သိန်းစီ၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ငွေကျပ် တစ်သိန်းစီနှင့် ခရစ်ယာန်ကျောင်း သုံးကျောင်းကို တစ်ကျောင်းလျှင်ငွေကျပ် သုံးသိန်းစီ လှူဒါန်းထောက်ပံ့ကာ စုစုပေါင်း လှူဒါန်းငွေကျပ် သိန်း ၂၇၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၆၁၁ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ပြည် အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး၏ ၂၆၁၁ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်ဖွင့်ပွဲ အခမ်းအနားနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းက စေတီတော်ရင်ပြင်၌ကျင်းပရာ စေတီတော်ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော သံဃာတော်အရှင်သူမြတ် ၁၀၈ ပါး ကြွရောက်တော်မူကြပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဒေသကွပ်ကဲမှု စစ်ဌာနချုပ် (ပြည်) မှ ဒေသကွပ်ကဲရေးမှူး၊ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွှေဆံတော်ဂေါပကအဖွဲ့ဝင်များနှင့် တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများနှင့် ဘုရားဖူးလာ စေတနာရှင်၊ အလှူရှင်များ တက်ရောက်ကြည်ညို လောင်းလှူ ပူဇော်ကြသည်။



## ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ နံနက် ၅ နာရီခွဲတွင် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် သံဃာတော် အရှင်သူမြတ် ၁၀၈ ပါးတို့အား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြပြီး နံနက် ၆ နာရီခွဲတွင် စေတီတော်အရှေ့ဘက်အာရုံခံတန်ဆောင်း၌ သံဃာတော်အရှင်သူမြတ်တို့က စေတီတော်မြတ်ကြီးအား အနေကဇာတင်တော်မူကြကာ ရင်ပြင်တော် မင်္ဂလာမဏ္ဍပ်၌ ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး သယံဇာတရေးရာ ဝန်ကြီး၊ စီးပွားရေးရာဝန်ကြီး၊ လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ဒေသကွပ်ကဲရေးမှူး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် ဂေါပကအဖွဲ့ဝင် တစ်ဦးတို့က မင်္ဂလာအချိန်၌ ဗုဒ္ဓပူဇနီယပွဲတော်အား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ (ဝဲပုံ)

## လောင်းလှူပူဇော်

ထို့နောက် ဆွမ်းဆန်စိမ်း လောင်းလှူပွဲ ဆက်လက်ကျင်းပရာ မြတ်စွာဘုရား အမှူးပြုသော ဆရာတော်အရှင်သူမြတ် ၁၀၉ ပါးတို့ထံ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများ၊ စေတနာရှင်၊ အလှူရှင်များက ဆွမ်းဆန်စိမ်းများနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူပူဇော်ကြသည်။

ပြည်ရွှေဆံတော် စေတီတော်မြတ်ကြီး၏ ၂၆၁၁ နှစ်ပြည့် ဗုဒ္ဓပူဇနီယပွဲတော်တွင် နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီခွဲတွင် စေတီတော်ရင်ပြင် မြတ်စွယ်တော်တိုက်ရှိ ဗုဒ္ဓမြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲနှင့် နိုဝင်ဘာ ၅ ရက် ညနေ ၃ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်ကိုစေတီတော်မြတ်ကြီးအား လက်ယာရစ် သုံးကြိမ် လှည့်လည်အပူဇော်ခံပွဲတို့ ကျင်းပမည်ဖြစ်ပြီး တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက်၊ နိုဝင်ဘာ ၉ ရက် ည ၇ နာရီတွင် ဗုဒ္ဓမြတ်စွယ်တော်ကို တစ်နှစ်တာကိန်းဝပ် စံပယ်တော်မူမည့် ဂန္ဓကုဋိတိုက်အတွင်းသို့ ပြန်လည်ပင့်ဆောင်ခြင်း အောင်ပွဲအခမ်းအနားတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုဝင်ဘာလအတွင်း ဖြစ်ပေါ်နေသည့် လာနီညာအခြေအနေ

**နေပြည်တော် အောက်တိုဘာ ၃၁**

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော လာနီညာအခြေအနေသို့ ရောက်ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြမော်ဒယ်များ ခန့်မှန်းချက်အရ နိုဝင်ဘာလအတွင်း အားအနည်းငယ်မှ အားအသင့်အတင့်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့်ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများ တိုက်ခတ်ခြင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်းနှင့် မိုးရွာသွန်းမှု ပုံမှန်ထက်ပိုမိုခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့် ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မိုး/ဇလ**

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

**နေပြည်တော် အောက်တိုဘာ ၃၁**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းနှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီးများ ၂၀၂၂ ခုနှစ်၊ ပြည်နယ်နှင့်တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် အောက်တိုဘာ ၃၁

**မြန်မာ့ဘောလုံးအားကစားလောကအဆင့်အတန်း ဖွံ့ဖြိုးတိုးတက်လာစေရေးကို အထောက်အကူပြုစေရန်နှင့် မျိုးဆက်သစ်ဘောလုံး အားကစားသမားများ ပေါ်ထွက်လာစေရေးရန်ရည်ရွယ်၍ ၂၀၂၂ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက်(၁၆)နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲကို ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ဆက်လက်ကျင်းပပြုလုပ်သည်။**





ပြိုင်ပွဲသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ အားကစားနှင့် လူငယ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးမျိုးလှိုင်၊ ဒေါက်တာစိုးဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနခွဲများမှ ညွှန်ကြားရေးမှူးများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဘောလုံးအားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှု အားပေးကြသည်။ (ယာပုံ)

ယနေ့ ဆီမီးဖိုင်နယ်ပြိုင်ပွဲ ပွဲစဉ်အဖြစ် ကချင်ပြည်နယ်အသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ ကချင်ပြည်နယ်အသင်းက ရန်ကုန်တိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ဗိုလ်လုပွဲသို့ တက်ရောက်သွားသည်။

နိုဝင်ဘာ ၁ ရက်တွင် ပြိုင်ပွဲ တစ်ရက်နားမည်ဖြစ်ပြီး နိုဝင်ဘာ ၂ ရက်တွင် တတိယလုပွဲ ပွဲစဉ်အဖြစ် ညနေ ၃ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ တနင်္သာရီတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားကြမည်ဖြစ်ရာ ဘောလုံးအားကစားနည်းကိုစိတ်ပါဝင်စားသည့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# အာရှနှင့် သမုဒ္ဒရာဒေသရှိ သတင်းအချက်အလက်နည်းပညာဆိုင်ရာအသင်းချုပ် ASOCIO မှ ချီးမြှင့်သည့် Digital Government Award ဆု လက်ခံရယူ

**နေပြည်တော် အောက်တိုဘာ ၃၁**

စင်ကာပူနိုင်ငံ Resorts World Sentosa Convention Centre ၌ အောက်တိုဘာ ၂၈ ရက်တွင် ကျင်းပသည့် အာရှနှင့် သမုဒ္ဒရာဒေသရှိ သတင်းအချက်အလက် နည်းပညာဆိုင်ရာအသင်းချုပ် Asian–Oceanian Computing Industry Organization (ASOCIO) Digital Summit 2022 သို့ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးနှင့် ဘာသာရပ်ဆိုင်ရာ ကိုယ်စားလှယ်တစ်ဦး တက်ရောက်ခဲ့သည်။





အစည်းအဝေးတွင် Digital Trust Forum ကို ကျင်းပရာ ဒေသတွင်းနှင့် နိုင်ငံတကာမှ IT ပညာရှင်များ၊ တက္ကသိုလ်များမှ ပညာရှင်များ၊ နည်းပညာအသုံးပြုသည့် ကုမ္ပဏီတို့မှ CEO, CFO နှင့် တာဝန်ရှိသူများက နည်းပညာဆိုင်ရာ ယုံကြည်မှုအပေါ် ခေါင်းစဉ် ၁၄ ခုဖြင့် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ Summit ၏ ညပိုင်း Gala Dinner တွင် ASOCIO Digital Government Award 2022 ကို ပေးအပ်ချီးမြှင့်ရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက ဆောင်ရွက်လျက်ရှိသည့် လူမှုရေးသတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် Social Management Information System(SMIS) ၏ ကဏ္ဍတစ်ခုဖြစ်သော လူမှုဖြစ်ရပ် စီမံခန့်ခွဲမှု သတင်းစနစ် (Case Management Information System–CMIS) ကို ကာကွယ်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်တို့၏ ပံ့ပိုးကူညီမှုဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဝန်ကြီးဌာနအနေဖြင့် ASOCIO Digital Government Award 2022 ကိုရရှိခဲ့ရာ ဝန်ကြီးဌာနကိုယ်စား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စန်းစန်းအေးက ဆုလက်ခံရယူခဲ့ကာ **(အပေါ်ပုံ)** ဆုလက်ခံအပြီးတွင် ASOCIO အသင်းချုပ်၏ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကို အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ကျင်းပသည့် ASOCIO Digital Summit တွင် နိုင်ငံပေါင်း ၁၄ နိုင်ငံက Digital Government Award အပါအဝင် ဆုပေါင်း ၅၄ ခု ပေးအပ်ခဲ့ကြောင်း သိရသည်။

CMIS Software Platform သည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသော ဘက်စုံလူမှုကာကွယ်စောင့်ရှောက်ရေး အစီအစဉ်အတွင်း ကာကွယ်စောင့်ရှောက်ရန် လိုအပ်သော ကလေးသူငယ်များ၊ ဥပဒေနှင့် ငြိစွန်းလျက်ရှိသော ကလေးသူငယ်များ၊ ရုပ်ပိုင်းဆိုင်ရာနှင့် လိင်ပိုင်းဆိုင်ရာ အလွဲသုံးစားပြုခြင်းခံရသူ ကလေးသူငယ်များ၊ ကျား/မအခြေပြု အကြမ်းဖက်မှုဆိုင်ရာ ကိစ္စရပ်များ၊ လူကုန်ကူးခံရသူ ကလေးသူငယ်များနှင့် အမျိုးသမီးများ၏ ဖြစ်ရပ်များအား လူမှုရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများ ဆောင်ရွက်လျက်ရှိပြီး အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ဖြစ်ရပ်စီမံခန့်ခွဲသူများ စနစ်တကျသုံးစွဲနိုင်ရန် ရေးဆွဲထားသော Digital Platform ဖြစ်၍ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ပါ လုပ်ငန်းစဉ်များကို စနစ်တကျ ဆောင်ရွက်နိုင်ပြီး ဖြစ်ရပ်များ လွှဲပြောင်းချိတ်ဆက်နိုင်ခြင်း၊ ဖြစ်ရပ်အလိုက် မှတ်တမ်းတင်နိုင်ခြင်းနှင့် အချိန်နှင့်တစ်ပြေးညီ ကာကွယ်စောင့်ရှောက်နိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဗိုလ်တထောင်မြို့နယ်၌ သတင်းမီဒီယာဆိုင်ရာ အသိပညာပေးဟောပြောပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

ကျောင်းသားလူငယ်များ သတင်းအမှား သတင်းအမှန်ခွဲခြားသုံးသပ်နိုင်ရေးနှင့် အနာဂတ်ကာလအတွက် ထူးချွန်သော မျိုးဆက်သစ်လူငယ်များ ဖြစ်လာစေရေးတို့အတွက် ပညာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီတို့ ပူးပေါင်းဆောင်ရွက်သည့် အသိပညာပေးဟောပြောပွဲများကို အ.ထ.က (၄) ဗိုလ်တထောင်၌ အောက်တိုဘာ ၂၆ ရက်နှင့် အ.ထ.က (၅) ဗိုလ်တထောင်၌ အောက်တိုဘာ ၂၈ ရက်တို့တွင် ကျင်းပသည်။




အဆိုပါ အသိပညာပေးဟောပြောပွဲများသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)၊ ဒုတိယဥက္ကဋ္ဌ (၁) ဦးမျိုးထွန်း (မောင်စိမ်းနောင် – လယ်ဝေး)၊ ဒုတိယဥက္ကဋ္ဌ (၂) ဦးတင်မောင်ဦး (ကြို့ပင်ကောက် တင်မောင်ဦး)၊ အတွင်းရေးမှူး ဦးအောင်ပြည့်စုံ၊ တွဲဖက်အတွင်းရေးမှူး (၁) ဦးရဲနိုင်စိုး၊ တွဲဖက်အတွင်းရေးမှူး (၂) ဦးသက်နိုင်ဦးတို့က ဆွေးနွေးဟောပြောကြပြီး ကျောင်းသားကျောင်းသူ စုစုပေါင်း ၅၀၀ ကျော်ခန့် တက်ရောက်ကြသည်။

ထို့နောက် သတင်းမီဒီယာကောင်စီဥက္ကဋ္ဌက သတင်းမီဒီယာဆိုင်ရာ သိမှတ်ဖွယ်ရာစာအုပ်များကို အမှတ်တရလက်ဆောင် ပေးအပ်ရာ သက်ဆိုင်ရာ ကျောင်းအုပ်ဆရာမကြီးများက လက်ခံယူပြီး **(ဝဲပုံ)** ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လက်ပံတန်းမြို့၌ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**လက်ပံတန်း အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်တွင် ၂၀၂၂–၂၀၂၃ ပညာသင်နှစ် ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှု စွမ်းဆောင်ရည်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို ယမန်နေ့က မြို့နယ်ပညာရေးမှူးရုံး သင်တန်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အလုပ်ရုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ခင်စမ်းမြင့်က အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ လက်ပံတန်းမြို့နယ်အတွင်းမှ သင်တန်းသားသင်တန်းသူ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီး စုစုပေါင်း ၂၀၇ ဦး တက်ရောက်ကြပြီး နှစ်ရက်ကြာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြင့်မားရေးအလုပ်ရုံဆွေးနွေးပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့်တာဝန်ရှိသူများ၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ တက်ရောက်ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃၁**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ရာဇဓာနီသာမဏေကျော်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်ရှိ ဝိဝေကကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ရွှေတောင်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ ဆန်တန်းကျောင်းတိုက်၊ ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်ရှိ မြင်သာမြို့ဦးကျောင်းတိုက်၊ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်နှင့် ရွှေပြည်သာမြို့နယ်ရှိ လိုတရပဟာသ်ာတ ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ စွမ်းခမ်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကို လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ ချမ်းမြသာစည်ကျောင်းတိုက်၊ ပြည်ကြီးတံခွန်မြို့နယ်ရှိ မဟာဝိဇိတာရာမကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ မင်္ဂလာရာမရွှေဘိုကျောင်းတိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ ရတနာပုံအောင်သုခပရိယတ္တိစာသင်တိုက်နှင့် လားရှိုးမြို့နယ်ရှိ ရတနာမဉ္ဇူကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့/ဦးစီးဌာနများမှ သက်ဆိုင်ရာနေပြည်တော်ကောင်စီနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်တို့ရှိ တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

**လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ**

## ဘုန်းတော်ကြီးကျောင်းများသို့ ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၃၁**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်ထောင်စုရန်ပုံငွေဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ်အတွင်းရှိ ဆွမ်း၊ ကွမ်းခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများတွင် ဆွမ်းဆန်တော်၊ ဆီ၊ ဆား ၊ ကုလားပဲ၊ အမယ်လေးမျိုးကို ရဟန်း၊ သံဃာ၊ သာမဏေများအတွက် ထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မြိတ်ခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်သီတာခိုင်နှင့် ဝန်ထမ်းများက မြိတ်မြို့နယ် ရှမ်းချောင်းကြီးရပ် မြို့ပတ်-၂ လမ်း၊ မြိတ်-လေးမိုင်ယဉ်ငေးရိပ်သာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသို့ ဆန်ငါးအိတ်၊ ဆီ ပိဿာ ၃၀၊ ကုလားပဲ ရှစ်ပိဿာစသည့် လှူဒါန်းထောက်ပံ့ပစ္စည်းများကို ကျောင်းထိုင်ဆရာတော်ထံသို့ ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)** **သတင်းစဉ်**




## သမဝါယမ အသင်းသားပြည်သူများသို့ အခြေခံစားကုန်နှင့် လူသုံးကုန်ပစ္စည်းများ ရောင်းချ

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၏စီစဉ်ပေးမှု၊ ရန်ကုန်တိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်၏ပံ့ပိုးမှုဖြင့် အောက်တိုဘာ ၃၀ ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်သမဝါယမဦးစီးဌာနမှ လေးထောင့်ကန်ဒေသရှိ ရပ်ကွက်နေသမဝါယမအသင်းသားများနှင့် အများပြည်သူများအတွက် အခြေခံစားကုန်နှင့် လူသုံးကုန်ပစ္စည်းများကို သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်ရန် ရည်ရွယ်၍ ပေါ်ဆန်းဆန်၊ ရက် ၉၀ ဆန်၊ စားသုံးဆီနှင့် ဆပ်ပြာ စသည့်ဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၂၀ ခန့်တို့ကို အမြတ်မယူဘဲ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နိုဝင်ဘာလ ပထမ ၁၀ ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

### ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း တစ်ကြိမ်ဖြစ်ပေါ်နိုင်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် မှ တိမ်ထူထပ်နိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်သည်။

### မိုးအခြေအနေနှင့် မိုးရွာရက်

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် လေးရက်မှ ခြောက်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

### ညအပူချိန်

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့် အောက်လျော့နည်းနိုင်ပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နိုဝင်ဘာလ ပျမ်းမျှအပူချိန်ခန့်သာ ရှိနိုင်သည်။

### မြူအခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လေးရက်မှ ရှစ်ရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တစ်ရက်မှ သုံးရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်ပါသည်။

### မြစ်ရေအခြေအနေ

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် တစ်ပေမှ သုံးပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် သုံးပေမှ ငါးပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့ တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့နှင့် ဘားအံမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် တစ်ပေခန့်၊ ကုလားတန်မြစ်ရေ သည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိ ရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် လေးမြို့မြစ်ရေသည် မြောက်ဦးမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပါသည်။

**မိုး/ဇလ**

# အကြမ်းဖက်မှုဖြင့် နိုင်ငံရေး အဖြေမရနိုင်

ဇင်ငြိမ်း

အောက်တိုဘာ ၂၁ ရက်က ကော့ကရိတ်မြို့ကို KNU/KNLA တပ်မဟာ (၆) လက်အောက်ခံတပ်ရင်းတွေ၊ KKO (ခွဲထွက်) အဖွဲ့နဲ့ PDF တွေက တိုက်ခိုက်ခဲ့ကြပါတယ်။ အဲဒီဖြစ်စဉ်မှာ အပြစ်မဲ့ပြည်သူအချို့ သေဆုံးခဲ့ရပြီး ထိခိုက်ဒဏ်ရာရရှိမှုတွေလည်း ဖြစ်ခဲ့ပါတယ်။ အဲဒီဖြစ်စဉ်မတိုင်ခင်က အင်းစိန်ထောင်မှာ ဗုံးခွဲတိုက်ခိုက်ခဲ့ကြလို့ အပြစ်မဲ့ပြည်သူအချို့ သေဆုံးခဲ့ပါတယ်။ ဒါ့အပြင် ကျိုက်ထီးရိုးတောင်တက်ကားဂိတ်မှာ ပစ်ခတ်ခဲ့လို့ ဘုရားဖူးသူပြည်သူတွေ သေဆုံးခဲ့ပါသေးတယ်။ ဒီထက်ဆိုးရွားတဲ့ လုပ်ရပ်ကတော့ ကျောင်းကို ဗုံးခွဲတိုက်ခိုက်ခြင်းပါပဲ။ အောက်တိုဘာ ၂၂ ရက်က ခင်ဦးမြို့နယ် မကျီးတုံကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲကို Drone အသုံးပြုပြီး Drop Bomb နဲ့တိုက်ခိုက်ခဲ့ကြပါတယ်။ ပြောရရင်တော့ စစ်ရေးဆိုင်ရာ ပစ်မှတ်တွေမဟုတ်ဘဲ ကလေးသူငယ်တွေ၊ အများပြည်သူဆိုင်ရာနေရာတွေ၊ ဘုရားစေတီပုထိုးတွေ၊ ကျောင်းတွေ၊ လမ်းတံတားတွေ၊ အစိုးရဆိုင်ရာရုံးတွေနဲ့ အဆောက်အအုံတွေကို ပစ်မှတ်ထားတိုက်ခိုက်နေတာ လွဲမှားတဲ့အယူအဆနဲ့ လုပ်ဆောင်မှုတွေ ဖြစ်ပါတယ်။

❖ ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေသူတွေ၊ ဒီမိုကရေစီလိုလားသူအချို့က အဖြူမဟုတ်ရင် အမည်း၊ ငါနဲ့မတူ ငါ့ရန်သူလို့ ကိုယ့်စံနှုန်းတွေနဲ့ တိုင်းတာသတ်မှတ်ပြီး သဘောထားမတိုက်ဆိုင်သူမှန်သမျှကို အကြမ်းဖက်တိုက်ခိုက်နေခြင်းဟာ မှန်ကန်တဲ့ တော်လှန်ရေး၊ မှန်ကန်တဲ့ နိုင်ငံရေး အယူအဆနဲ့လမ်းစဉ်တွေ မဟုတ်ပါဘူး။ ယခင်က ရှိခဲ့ဖူးတဲ့ ဗကပတွေလို အစွန်းရောက်အယူအဆနဲ့ လုပ်ဆောင်မှုတွေကြောင့် ဗကပတွေ နိဂုံးချုပ်ခဲ့ရတာ လက်တွေ့ ဖြစ်ခဲ့ဖူးပါတယ်

ဒီလိုအကြမ်းဖက်လုပ်ရပ်တွေကြောင့် သေဆုံးဒဏ်ရာရခဲ့တဲ့ အပြစ်မဲ့ပြည်သူတွေအတွက် အလွန်ပဲစိတ်မကောင်း ဖြစ်ရပါတယ်။ တစ်ဆက်တည်းတွေးမိတာက အခုလို အကြမ်းဖက်လုပ်ရပ်တွေဘာရည်ရွယ်ချက်အတွက် လုပ်နေကြတာလဲ။ နိုင်ငံရေး ရည်ရွယ်ချက်လား၊ စစ်ရေးဆိုင်ရာ ရည်ရွယ်ချက်လား ဆိုတာပါပဲ။ နိုင်ငံရေး ရည်ရွယ်ချက်ပဲဖြစ်ဖြစ်၊ စစ်ရေး ရည်ရွယ်ချက်အတွက်ပဲဖြစ်ဖြစ်လုပ်ဆောင်တာဆိုပြီး အခုအသုံးပြုနေတဲ့ အကြမ်းဖက်တဲ့နည်းလမ်းတွေနဲ့ အရပ်ဘက်ဆိုင်ရာ ပစ်မှတ်တွေ၊ စစ်ရေးနဲ့ လုံးဝမသက်ဆိုင်တဲ့ ပြည်သူတွေ၊ ဘာသာရေးဆိုင်ရာ အဆောက်အအုံတွေနဲ့ ကျောင်းတွေကို တိုက်ခိုက်နေတာဟာ ပြဒါးတစ်လမ်းသံတစ်လမ်း ဆန့်ကျင်နေပါတယ်။

### ပြည်သူလူထုကို ဒုက္ခရောက်အောင်လုပ်နေ

စစ်ရေးဆိုရင်လည်း စစ်ရေးဆိုင်ရာလိုက်နာရမယ့် ဂျီနီဗာကွန်ဗင်းရှင်းတို့၊ ကျင့်ဝတ်တို့နဲ့ ဆန့်ကျင်နေပါတယ်။ နိုင်ငံရေးရည်မှန်းချက်အတွက် စစ်ရေးနည်းလမ်းကို အသုံးပြုတာဆိုရအောင်လည်း ပြည်သူလူထုကို ဒုက္ခရောက်အောင်လုပ်နေတာဖြစ်လို့ နိုင်ငံရေးရည်မှန်းချက်လို့ မသတ်မှတ်နိုင်ပါဘူး။

နိုင်ငံရေးရည်ရွယ်ချက်တွေ ဘယ်လောက်ကောင်းအောင်ပြောနေပြောနေ လုပ်နည်းလုပ်ဟန်မှားယွင်းနေရင် ဒါမှမဟုတ် ဖြစ်လာတဲ့အကျိုးဆက်တွေက အပျက်သဘောဖြစ်နေရင် အပြောနဲ့လက်တွေ့မညီတဲ့ နိုင်ငံရေးပဲ ဖြစ်ပါလိမ့်မယ်။ ဒီကနေ့ဖြစ်နေတဲ့ အကြမ်းဖက်တိုက်ခိုက်မှုတွေကြောင့် သေဆုံးကြရတဲ့ အပြစ်မဲ့ပြည်သူတွေဟာ နိုင်ငံရေးရဲ့ ခုတုံးတွေ၊ ဓားစာခံတွေမဟုတ်ပါဘူး။ ဒီမိုကရေစီသဘောနဲ့ဆိုရင် အချုပ်အခြာအာဏာပိုင်ဆိုင်ကြတဲ့ပြည်သူတွေပဲ ဖြစ်ပါတယ်။

ဒီတော့မေးစရာရှိတာက ဒီမိုကရေစီကို လိုလားတယ်ဆိုပြီး ပြည်သူလူထုရဲ့ အသက် အိုးအိမ်စည်းစိမ်ကို ထိခိုက်စေတာ၊ ပြည်သူလူထုရဲ့အကျိုးစီးပွားကို ပျက်စီးနေရင်တော့ ဒါဟာဒီမိုကရေစီကို ခုတုံးလုပ်သုံးချနေသူတွေပဲ ဖြစ်ပါလိမ့်မယ်။ လူတိုင်းမှာ သူ့ရဲ့ကိုယ်ပိုင်သဘောထား၊ ကိုယ်ပိုင်ဆန္ဒ၊ ကိုယ်ပိုင်အယူအဆတွေဆိုတာ ရှိကြပါတယ်။ လွတ်လပ်စွာသဘောထားကွဲလွဲခွင့်ကို နားလည်လက်ခံနိုင်မှ ဒီမိုကရေစီရဲ့တန်ဖိုးကို နားလည်သူလို့ ဆိုနိုင်မှာပါ။

### အစွန်းရောက်အယူအဆတွေ လက်တွေ့ဖြစ်ခဲ့ဖူး

ဒါပေမယ့် ဒီမိုကရေစီအတွက် တိုက်ပွဲဝင်နေသူတွေ၊ ဒီမိုကရေစီလိုလားသူအချို့က အဖြူမဟုတ်ရင် အမည်း၊ ငါနဲ့မတူ ငါ့ရန်သူလို့ ကိုယ့်စံနှုန်းတွေနဲ့ တိုင်းတာသတ်မှတ်ပြီး သဘောထား မတိုက်ဆိုင်သူမှန်သမျှကို အကြမ်းဖက်တိုက်ခိုက်နေခြင်းဟာ မှန်ကန်တဲ့ တော်လှန်ရေး၊ မှန်ကန်တဲ့ နိုင်ငံရေး အယူအဆနဲ့ လမ်းစဉ်တွေ မဟုတ်ပါဘူး။ ယခင်က ရှိခဲ့ဖူးတဲ့ ဗကပတွေလို အစွန်းရောက်အယူအဆနဲ့ လုပ်ဆောင်မှုတွေကြောင့် ဗကပတွေ နိဂုံးချုပ်ခဲ့ရတာ လက်တွေ့ဖြစ်ခဲ့ဖူးပါတယ်။

အခုလည်း နိုင်ငံရေး ရည်မှန်းချက်အောင်မြင်ဖို့ အကြမ်းဖက်နည်းတစ်ခုပဲ လုပ်တတ်တာဆိုရင်တော့ နိဂုံးချုပ်ဖို့ မဝေးတော့ဘူးလို့ သုံးသပ်နိုင်ပါတယ်။ အကြမ်းဖက်နည်းလမ်းတစ်ခုတည်းသာ နိုင်ငံရေး ရည်မှန်းချက်တွေ အောင်မြင်မယ်လို့ ဘယ်နိုင်ငံရေး သိပ္ပံရှင်ကမှ မပြောကြားခဲ့ဖူးပါဘူး ။ စစ်ရေးနည်းလမ်းဆိုတာတောင်မှ ပြဿနာ ဖြေရှင်းရေးနည်းလမ်းများစွာအနက်က နောက်ဆုံးနည်းလမ်းတစ်ခုသာ ဖြစ်ပါတယ်။ စစ်ရေးနည်းလမ်းဆိုတာကလည်း အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ဆောင်မှုလို့ဆိုလိုတာ မဟုတ်ပါဘူး။

အခုဆို အကြမ်းဖက်တိုက်ခိုက်မှုတွေလုပ်လို့ ဘယ်လောက်အထိ လူထုကို အကျိုးပြုနိုင်ပြီလဲ၊ လူထုကို ဘယ်လောက်အကာအကွယ်ပေးနိုင်ပြီလဲ၊ နိုင်ငံရေးမျှော်လင့်ချက်တွေ တိုးလာပြီလားဆိုတာ ပြန်ဆန်းစစ်ဖို့လိုနေပါတယ်။ တော်လှန်ရေးအစတုန်းက လူထုကိုပြောခဲ့တဲ့စကားတွေ၊ မက်လုံးတွေ ဘယ်လောက်အထိ အောင်မြင်နေသလဲဆိုတာ လက်တွေ့အဖြေပဲ ဖြစ်ပါတယ်။

အပြောနဲ့အလုပ်၊ ရည်မှန်းချက်နဲ့ ထွက်လာတဲ့ ရလဒ်ဘယ်လောက်အထိ အောင်မြင်သလဲဆိုတာက သက်သေအတိအကျပြလို့ ရနေပါပြီ။ အခု အကြမ်းဖက်တိုက်ခိုက်နေတဲ့ ပစ်မှတ်တွေ၊ ပြည်သူတွေ၊ ကြားနေဝန်ထမ်းတွေကို တိုက်ခိုက်ရင် ဖြစ်လာတဲ့ အကျိုးဆက်က ဆန့်ကျင်ဘက်ရလဒ်ပဲ ဖြစ်လာမှာသေချာပါတယ်။ ဥပမာတစ်ခု ထုတ်ပြရရင် အခြေခံကျောင်းတွေ ပြန်ဖွင့်တော့ ကျောင်းမတက်နဲ့ ကျောင်းထွက်ဆိုပြီး ကျောင်းသားကျောင်းသူတွေ၊ မိဘတွေကို လှုံ့ဆော်တိုက်တွန်းခဲ့ကြတာ၊ ဖိအားပေးတာ၊ ခြိမ်းခြောက်ခဲ့ကြတာ မှတ်မိနေကြဦးမှာပါ။ ကိုဗစ်ကာကွယ်ဆေးတွေ ထိုးကြတုန်းကလည်း ကာကွယ်ဆေးမထိုးကြဖို့ ဖိအားပေးခဲ့ကြတာ၊ တိုက်ခိုက်ခဲ့ကြတာ မမေ့လောက်သေးပါဘူး။ ပြောချင်တာက နိုင်ငံရေး ရည်မှန်းချက်နဲ့ မဆိုင်တာတွေကို လုပ်နေတယ်ဆိုတာပါပဲ။ အဲဒီလို လွဲမှားခဲ့လို့လည်း မအောင်မြင်ခဲ့တာ သက်သေပဲ ဖြစ်ပါတယ်။

### အကြမ်းဖက်မှုတွေကို တိုးပွားလာအောင် ကူညီနေ

အခုလည်း နိုင်ငံရေးရည်မှန်းချက်နဲ့ မဆိုင်တဲ့ အကြမ်းဖက်လုပ်ရပ်တွေကို အသုံးချနေကြ ပြန်ပါပြီ။ အကြမ်းဖက်လုပ်ရပ်တွေနဲ့ အကြမ်းဖက်ဝါဒကို ဘယ်နိုင်ငံ၊ ဘယ်သူမှ လက်မခံပါဘူး။ စစ်ရေးနည်းလမ်းဆိုရင်လည်း စစ်ရေးဆိုင်ရာ လိုက်နာရမယ့် ကျင့်ဝတ်တွေ လိုက်နာကြရမှာပါ။ ဒါပေ မယ့် တစ်ဖက်မှာလည်း မြန်မာနိုင်ငံကို ဝင်ရောက်ခြယ်လှယ်လိုတဲ့ နိုင်ငံတွေ၊ အဖွဲ့အစည်းတွေက ဒီလို အကြမ်းဖက်မှုတွေကို ပံ့ပိုးအသုံးချနေကြပါတယ်။ သူတို့နိုင်ငံတွေမှာ အကြမ်းဖက်မှုတွေကို ခါးခါးသီးသီးလက်မခံကြပေမယ့် အခြားနိုင်ငံတွေမှာ အကြမ်းဖက်မှုတွေ တိုးပွားလာအောင်တော့ လှိုက်လှိုက်လှဲလှဲ ကူညီနေကြတယ်။

သူတို့နိုင်ငံတွေမှာ ကျောင်းဝင်းထဲ ပစ်ခတ်မှုဖြစ်ရင်၊ ကျောင်းသားကျောင်းသူတွေ သေဆုံးမှုဖြစ်ရင် ထိတ်ထိတ်ပျာပျာဖြစ်ကြပါတယ်။ ဒါပေမယ့် သူတို့နိုင်ငံထဲနဲ့ သူတို့နိုင်ငံသား မဟုတ်ဘူးဆိုရင်တော့ ကျောင်းထဲကို ဗုံးချတဲ့သူတွေ၊ အဖွဲ့အစည်းတွေကို ထောက်ပံ့ပေးနေကြပါတယ်။ ဒါက သူတို့သတ်မှတ်ထားတဲ့ ကိုယ်ကျိုးစီးပွားအလိုက် ပြောင်းလဲတတ်တဲ့ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနဲ့ တရားမျှတမှု ဖြစ်မယ်ထင်ပါတယ်။ မြန်မာ့နိုင်ငံရေး အကျပ်အတည်း ပြေလည်ရေးကို လိုလားတယ်လို့ ဖောင်ဖွဲ့ပြောနေပေမယ့် တစ်ဖက်မှာ အကြမ်းဖက်မှုတွေ တိုးလာအောင် ထောက်ပံ့ပေးနေကြတာ မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက် မူဝါဒတွေပဲ ဖြစ်ပါတယ်။

### နိုင်ငံထိခိုက်စေမယ့် အကြမ်းဖက်နည်းလမ်းကို လိုက်နေ

မြန်မာ့နိုင်ငံရေး အကျပ်အတည်း ဖြေရှင်းဖို့အတွက် နည်းလမ်းများစွာရှိပါတယ်။ ဒါပေမယ့် နောက်ကွယ်ကပံ့ပိုးပေးနေတဲ့ နိုင်ငံတွေ လိုလားတာက မြန်မာ့နိုင်ငံရေးပြဿနာ ပြေလည်ရေးမဟုတ်ပါဘူး။ သူတို့ကြိုးကိုင်ခြယ်လှယ်လို့ရမယ့်သူတွေ အာဏာရရှိရေးသာ ဖြစ်ပါတယ်။ ဒီအတွက် ပြဿနာပြေလည်စေမယ့် နည်းလမ်းရွေးချယ်တာထက် နိုင်ငံထိခိုက်စေမယ့်အကြမ်းဖက်နည်းလမ်းကို လိုက်နေကြတာဖြစ်ပါတယ်။

ပြဿနာတစ်ရပ်ဖြေရှင်းဖို့ဆိုတာ ရည်ရွယ်ချက်နဲ့ ဖြေရှင်းနည်း မှန်ကန်ဖို့ လိုပါ တယ်။ အထက်မှာပြောခဲ့သလို ကျောင်းသား ကျောင်းသူတွေကို အကြမ်းဖက်တိုက်ခိုက်လို့ ပြဿနာပြေလည်ရေးကို ဘယ်လိုအထောက်အကူ ဖြစ်စေနိုင်သလဲဆိုတာ စဉ်းစားကြည့်ရင် အသိသာကြီးပါ။ ဒီလိုမပြေလည်နိုင်မယ့် နည်းလမ်းမှန်း သိနိုင်ပါလျက် တစိုက်မတ်မတ် အသုံးပြုနေတဲ့အတွက် ပြဿနာပြေလည်ရေးဟာ လိုက်လေဝေးလေ ဖြစ်နေဦးမှာပါ။ တစ်ဖက်မှာလည်း ပြဿနာ ပြေလည်ရေးဆိုတာ အကြောင်းပြချက်သက်သက်ဖြစ်ပြီး အလုံးစုံပျက်စီးရေးက ရည်ရွယ်ချက်အမှန် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

● မြန်မာ့နိုင်ငံရေး ပဋိပက္ခတွေ နှစ်ပေါင်းများစွာ ကြာနေပြီး အခုထိ မဖြေရှင်းနိုင်သေးဘူးလို့ ပြောနေကြပေမယ့် စစ်မှန်တဲ့ ရည်ရွယ်ချက်၊ ဆန္ဒနဲ့နည်းလမ်းတွေကိုလည်း ပြန်ဆန်းစစ်ဖို့ လိုပါတယ်။ ကျောက်တုံးကြီးတစ်တုံး ရွှေ့ဖို့အတွက် လူနှစ်ယောက် မျက်နှာချင်းဆိုင် တွန်းကြသလိုပါပဲ။ ဒီလိုနည်းလမ်းနဲ့ကတော့ ဘယ်လောက် အားစိုက် အားစိုက် အချည်းနှီးသာ ဖြစ်ပါလိမ့်မယ်

### ပဋိပက္ခတွေ နှစ်ပေါင်းများစွာ ကြာနေ

မြန်မာ့နိုင်ငံရေး ပဋိပက္ခတွေ နှစ်ပေါင်းများစွာကြာနေပြီး အခုထိမဖြေရှင်းနိုင်သေးဘူးလို့ ပြောနေကြပေမယ့် စစ်မှန်တဲ့ရည်ရွယ်ချက်၊ ဆန္ဒနဲ့ နည်းလမ်းတွေကိုလည်း ပြန်ဆန်းစစ်ဖို့ လိုပါတယ်။ ကျောက်တုံးကြီးတစ်တုံး ရွှေ့ဖို့အတွက် လူနှစ်ယောက် မျက်နှာချင်းဆိုင် တွန်းကြသလိုပါပဲ။ ဒီလိုနည်းလမ်းနဲ့ကတော့ ဘယ်လောက် အားစိုက် အားစိုက် အချည်းနှီးသာ ဖြစ်ပါလိမ့်မယ်။

ဒီထက် ပိုဆိုးစေတာက ဖြေရှင်းတဲ့ နည်းလမ်းမမှန်တဲ့အပြင် အကျိုးပျက်စီးစေတဲ့ နည်းလမ်းတွေ အသုံးပြုနေခြင်းပဲ ဖြစ်ပါတယ်။ အဲဒါကတော့ အစွန်းရောက်အယူအဆတွေနဲ့ အကြမ်းဖက်နည်းလမ်းတွေ အသုံးပြုနေခြင်း ဖြစ်ပါတယ်။ ဒီလိုအကြမ်းဖက်နည်းလမ်းတွေနဲ့ အသုံးပြုနေသမျှတော့ မြန်မာ့နိုင်ငံရေးပြဿနာရဲ့အဖြေနဲ့နီးစပ်ဖို့ ခက်ခဲနေဦးမှာပါ။ ။

# ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် အပြစ်မဲ့ပြည်သူအမျိုးသမီးတစ်ဦးအား ရက်စက်စွာသတ်ဖြတ်ခဲ့သည့် တရားခံများကို ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ PDF အမည်ခံအကြမ်းဖက်အဖွဲ့များ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များ၊ အစွန်းရောက် NLD ပါတီဝင်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အပြစ်မဲ့ပြည်သူများကို အဓိကပစ်မှတ်ထား၍ လုပ်ကြံသတ်ဖြတ်ခြင်း၊ အများပြည်သူပိုင် အဆောက်အဦများ မီးရှို့ခြင်း၊ ဖောက်ခွဲဖျက်ဆီးခြင်း စသည့် အကြမ်းဖက်လုပ်ငန်းများကို နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### သွားရောက်စစ်ဆေး

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ ညောင်နီကုန်းကျေးရွာအနီး၌ သေနတ်ဒဏ်ရာဖြင့် သေဆုံးလျက်ရှိသည့် အမျိုးသမီးတစ်ဦး၏ အလောင်းကို တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါသေဆုံးနေသည့်အမျိုးသမီးမှာ လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် ကံကြီးလမ်းရှိ 152 KTV ဆိုင်မှဝန်ထမ်း မနွယ်နီ(ခ)ယိမ်း ဖြစ်ကြောင်း သိရှိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြစ်မှုကျူးလွန်ခဲ့သည့် တရားခံများကို အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၂၉ ရက်တွင် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် သုဝဏ္ဏာလမ်းနေ 152 KTV ဆိုင်နှင့် ရွှေလက်ရာ စားသောက်ဆိုင်ပိုင်ရှင် မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်အား Sig Sauer ပစ္စတို တစ်လက်၊ ခြောက်လုံးပြူးလေသေနတ် တစ်လက်၊ ကျည်မျိုးစုံ ၂၂၁ တောင့်၊ စကားပြောစက် ၁၆ လုံး၊ လက်ကိုင်ဖုန်း ခုနစ်လုံး၊ မော်တော်ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး ၎င်းပိုင်ဆိုင်သည့် မင်းရပ် ရပ်ကွက် အမှတ်(၃) လမ်းရှိ ရွှေလက်ရာစားသောက်ဆိုင်မှ လက်ပစ်ဗုံး ရှစ်လုံး၊ မှန်ပြောင်းတစ်ခု၊ စကားပြောစက် ခြောက်လုံး၊ လက်ထိပ်တစ်ခုတို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

### ဖမ်းဆီးရမိ


ဖမ်းဆီးရမိတရားခံ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်၏ ဖော်ထုတ်ချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သည့် သက်ထွန်းအောင်(ခ)အောင်လေး၊ သူရဦး၊ နေလင်းအောင်နှင့် စန်းမင်းအောင်တို့ကို အောက်တိုဘာ ၃၀ ရက် ညနေပိုင်းတွင် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် ကံကြီးလမ်းရှိ 152 KTV ဆိုင်၌ ထပ်မံဖမ်းဆီးရမိခဲ့သည်။

### တရားခံ ကျား ငါးဦး

ဖြစ်စဉ်တွင် ပြစ်မှုကျူးလွန်ခဲ့သည့် တရားခံ ကျား ငါးဦးကို Sig Sauer ပစ္စတို တစ်လက်၊ ခြောက်လုံးပြူးလေသေနတ် တစ်လက်၊ ကျည်မျိုးစုံ ၂၂၁ တောင့်၊ လက်ပစ်ဗုံး ရှစ်လုံး၊ မှန်ပြောင်းတစ်ခု၊ စကားပြောစက် ၂၂ လုံး၊ လက်ထိပ်တစ်ခု၊ လက်ကိုင်ဖုန်း ခုနစ်လုံး၊ မော်တော်ယာဉ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်သည် NLD ပါတီဝင်တစ်ဦးဖြစ်ပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် လက်ပံတန်းမြို့နယ်၌ NLD ပါတီအောင်နိုင်ရေးအတွက် ဦးဆောင်စည်းရုံးဆောင်ရွက်ခဲ့သူတစ်ဦးဖြစ်ကြောင်း၊ NLD အစိုးရကာလ ၂၀၁၆ ခုနှစ်တွင် လက်ပံတန်းမြို့၌ 152 KTV ဆိုင်အား တရားမဝင်ဖွင့်လှစ်၍ ရရှိသောငွေကြေးအကျိုးအမြတ်များကို *စာမျက်နှာ ၁၀ သို့*

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့တွင် အပြစ်မဲ့ပြည်သူ အမျိုးသမီးတစ်ဦးအား ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိမှုအခြေပြဇယား။








မင်းလှမြို့နယ် ဝက်လှကြီးအုပ်စု ညောင်နီကုန်းကျေးရွာအနီး ရန်ကုန်-ပြည်ကား လမ်းမိုင်တိုင်အမှတ်၊ ၉၄/၆ နှင့် ၉၄/၇ အကြား၌ တွေ့ရှိရသည့် မနွယ်နီ(ခ)ယိမ်း၏ အလောင်း မှတ်တမ်းဓာတ်ပုံ။




အလောင်း ဖျောက်ဖျက်ရာတွင် အသုံးပြုသည့် တရားခံ မြတ်မင်းပိုင်(ခ) ဝင်းထွဋ်အောင် ပိုင်ဆိုင်သည့် လင်ခရူဇာ(အဖြူရောင်)ယာဉ်အမှတ်၊ YGN 7G/8887 မော်တော်ယာဉ်၏ မှတ်တမ်းဓာတ်ပုံ



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် လက်ပံတန်းမြို့ မအူကုန်းရပ်ကွက် သုဝဏ္ဏာလမ်း၌ လက်နက်/ခဲယမ်းများနှင့်အတူဖမ်းဆီးရမိသည့် တရားခံ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင်၏ မှတ်တမ်းဓာတ်ပုံ။



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၉ ရက်တွင် တရားခံ မြတ်မင်းပိုင်(ခ)ဝင်းထွဋ်အောင် ပိုင်ဆိုင်သည့် လက်ပံတန်းမြို့ မင်းရပ်ရပ်ကွက် အမှတ်(၃)လမ်းရှိ ရွှေလက်ရာစားသောက်ဆိုင်၌ ဖမ်းဆီးရမိသည့် လက်နက်/ခဲယမ်းများ၏ မှတ်တမ်းဓာတ်ပုံ။

# စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ PDF အကြမ်းဖက်သမားများ၏ ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် “အောင်တော်မူ”ဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦး ထိခိုက်ဒဏ်ရာရရှိ

နေပြည်တော် အောက်တိုဘာ ၃၁

**စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့၌ PDF အကြမ်းဖက်သမားများ၏ ပစ်ခတ်ခဲ့မှုကြောင့် “အောင်တော်မူ” ဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးတို့ ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။**

ဖြစ်စဉ်မှာ အောက်တိုဘာ ၃၀ ရက် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် တမူးမြို့ ဈေးတန်း(၁၀)ရပ်ကွက်နှင့် (၁၁) ရပ်ကွက်များသို့ PDF အကြမ်းဖက်သမားများက အကြမ်းဖက် အဖျက်အမှောင့်လုပ်ရပ်များ ပြုလုပ်ရန် ဝင်ရောက်လာကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုနှိမ်နင်းရေး လုပ်ငန်းများ ဆောင်ရွက်ရန် ထွက်ခွာလာခဲ့ရာ ဈေးတန်း(၁၀)ရပ်ကွက် “အောင်တော်မူ”ဘုန်းတော်ကြီးကျောင်းအနီးအရောက်၌ PDF အကြမ်းဖက်အဖွဲ့က လုံခြုံရေးတပ်ဖွဲ့ဝင်များအား စတင်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အပြစ်မဲ့ပြည်သူများ ထိခိုက်မှုမရှိစေရေးအတွက် ထိတွေ့တိုက်ခိုက်မှု စည်းမျဉ်းစည်းကမ်းများနှင့်အညီ စနစ်တကျထိန်းသိမ်း၍ ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့မှာ “အောင်တော်မူ” ဘုန်းတော်ကြီးကျောင်း အနောက်ဘက်လမ်းမှတစ်ဆင့် မြန်မာ-အိန္ဒိယနှစ်နိုင်ငံ နယ်စပ်ဘက်သို့ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ထိုသို့ ဆုတ်ခွာထွက်ပြေးစဉ် အကြမ်းဖက်အဖွဲ့က ဆုတ်ခွာရာလမ်းကြောင်းရှိ ပတ်ဝန်းကျင်လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့မှုကြောင့် “အောင်တော်မူ” ဘုန်းကြီးကျောင်းမှ ခန်းနေဆရာတော် ဦးသုဒဿန သက်တော် (၄၂)နှစ်၊ ဝါတော် (၂၂)ဝါတွင် ဝဲလက်မောင်းနှင့် ဝဲတံတောင်ဆစ်တို့တွင် လည်းကောင်း၊ ဈေးတန်း(၁၁)ရပ်ကွက်နေ ကိုအောင်



(ဝဲမှယာ) ဦးသုဒဿန (ခ) ဦးတင်ဝင်း၊ အောင်သီဟ(ဒဏ်ရာရ)

သီဟ (၂၈)နှစ် (ဘ)ဦးအောင်စိုးတွင် ဝမ်းဗိုက်တွင်လည်းကောင်း ကျည်ထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခဲ့ပြီး တမူးမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ထိုသို့ ခန်းနေဆရာတော်တစ်ပါးနှင့် အပြစ်မဲ့ပြည်သူတစ်ဦးတို့အား ထိခိုက်ဒဏ်ရာ ရရှိအောင်လူနေရပ်ကွက်များအတွင်း လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ရမ်းသန်းပစ်ခတ်ခဲ့သည့် အကြမ်းဖက်သမားများအား ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် အောက်တိုဘာ ၃၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ရွှေကူရပ်ကွက်နေ အေးအေးလှိုင်(ခ) အေးသန်းသည် ၎င်းအသုံးပြုသည့် “Daw Aye Than” Facebook အကောင့်ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၉ မှ*

လက်ပံတန်းမြို့နယ် NLD ပါတီအတွက် ထောက်ပံ့ပေးခြင်းနှင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီ အောင်နိုင်ရေးအတွက် ထောက်ပံ့ပေးမှုများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**နည်းမျိုးစုံဖြင့်နှိပ်စက်ညှဉ်းပန်း**

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ တရားခံ မြတ်မင်းပိုင်(ခ) ဝင်းထွဋ်အောင်သည် ၎င်းပိုင်ဆိုင်သည့် 152 KTV ဆိုင်၌ နေ့စဉ်အရက်သေစာသောက်စားကာ မူးယစ်လာပါက ဆိုင်ရှိ အမျိုးသမီးဝန်ထမ်းများကို ခေါ်ယူ၍ နည်းမျိုးစုံဖြင့် နှိပ်စက်ညှဉ်းပန်းလေ့ရှိပြီး အခြားသူများကို ပြောကြားပါက သတ်ပစ်မည်ဟု အမြဲခြိမ်းခြောက်ပြောဆိုခဲ့ကြောင်း၊ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက် ညပိုင်းတွင် တရားခံ မြတ်မင်းပိုင်(ခ) ဝင်းထွဋ်အောင်သည် 152 KTV ဆိုင်ရှိ သီးသန့်အခန်း၌ အရက်သေစာသောက်စားကာ ဆိုင်ဝန်ထမ်း မနွယ်နီ(ခ)ယိမ်း၏ ဦးခေါင်းပေါ်တွင် ရေသန့်ဘူးတင်၍ ပစ္စတိုဖြင့်ပစ်ခတ်ခဲ့ရာ မနွယ်နီ(ခ)ယိမ်း၏ ဝဲဘက်နားထင် ကျည်ထိမှန်ခဲ့ကြောင်း၊ မနွယ်နီ(ခ)ယိမ်းသည် သွေးအိုင်ထဲ၌လဲ၍ သတိလစ်မေ့မြောနေစဉ် သေဆုံးပြီဟု ယူဆ၍ အလောင်းအားဖျောက်ဖျက်ရန် 152 KTV ဆိုင်မှ ဝန်ထမ်းများဖြစ်သော သက်ထွန်းအောင်(ခ) အောင်လေး၊ သူရဦး၊ နေလင်းအောင်တို့နှင့်အတူ ၎င်းပိုင်ဆိုင်သည့် လင်ခရူဇာ(အဖြူရောင်) ယာဉ်အမှတ်၊ YGN 7G/8887 ပေါ်သို့တင်ဆောင်၍ မင်းလှမြို့နယ် စစ်ကွင်းမြို့ ညောင်နီကုန်းကျေးရွာဘက်သို့ ထွက်ခွာခဲ့ကြောင်း၊ 152 KTV ဆိုင်မှဝန်ထမ်း စန်းမင်းအောင်သည် လူသတ်မှုကျူးလွန်ခဲ့သည့် သဲလွန်စများမကျန်စေရန် ဖျောက်ဖျက်လုပ်ဆောင်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**အလောင်းအား ဖျောက်ဖျက်**

တရားခံ မြတ်မင်းပိုင် (ခ) ဝင်းထွဋ်အောင် အပါအဝင် လေးဦးသည် ညောင်နီကုန်းကျေးရွာအနီးသို့ အောက်တိုဘာ ၂၆ ရက် နံနက် ၄ နာရီခန့်တွင် ရောက်ရှိခဲ့ပြီး အလောင်းအား ဖျောက်ဖျက်ရန် လုပ်ဆောင်နေစဉ် မနွယ်နီ(ခ)ယိမ်းမှာ ပြန်လည်သတိရလာသဖြင့် သက်ထွန်းအောင်(ခ)အောင်လေးမှ အသင့်ပါလာသော ပစ္စတိုဖြင့် ဦးခေါင်းကို ထပ်မံပစ်ခတ်သတ်ဖြတ်ခဲ့ပြီး အလောင်းအား ရန်ကုန်-ပြည်ကားလမ်း မိုင်တိုင်အမှတ်၊ ၉၄/၆ နှင့် ၉၄/၇ အကြား ချုံပုတ်အတွင်း၌ ဝှက်ထားခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ အပြစ်မဲ့ပြည်သူတစ်ဦးအား အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် ဖမ်းဆီးရမိတရားခံများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တရားမဝင် လက်နက်ကိုင်ဆောင်မှုများနှင့် ဥပဒေမဲ့ မင်းမဲ့စရိုက်ဆန်ဆန် အကြမ်းဖက်လုပ်ဆောင်သူများအား သိရှိရပါက သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများကို ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

ကစားရမည်ဖြစ်သည်။ ရခိုင်ယူနိုက်တက်အသင်းသည် ယခုရာသီတွင် နိုင်ပွဲပျောက်ဆုံးနေမှုကို ၁၆ ပွဲမြောက်တွင် အဆုံးသတ်နိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမားအစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ၁၄ မိနစ်တွင် ကွန်ဒီက ရခိုင်ယူနိုက်တက်အသင်းအတွက် ဂိုးစတင်သွင်းယူခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ချေပဂိုးပြန်ရရေး ကြိုးပမ်းရာ လေးမိနစ်အကြာတွင် ဝေဖြိုးသူက ချေပဂိုးပြန်သွင်းခဲ့သည်။ ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေပြီး ဒုတိယပိုင်းတွင် နှစ်သင်းစလုံး ဂိုးထပ်မံရရှိရန် ကြိုးပမ်းခဲ့သည်။ ၅၃ မိနစ်တွင် ဇော်ဇော်နိုင်က ရခိုင်ယူနိုက်တက်အသင်းအတွက် ဒုတိယဂိုးသွင်းယူခဲ့ပြီး အနိုင်သေချာစေမည့် တတိယဂိုးကို ၉၀+၅ မိနစ်တွင် သန်းတိုးအောင်က သွင်းယူခဲ့သည်။ မဟာယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် ချေပဂိုးရရန် တောက်လျှောက်ကြိုးပမ်းခဲ့သော်လည်း အခွင့်အရေးများ အသုံးမချနိုင်သဖြင့် နစ်နာခဲ့ရပြီး နာကျင်အချိန်ပိုတွင် ဂိုးထပ်ပေးရကာ ရှုံးပွဲကြုံတွေ့ရန် သေချာခဲ့ခြင်းဖြစ်သည်။

ယခုပွဲအပြီးတွင် မဟာယူနိုက်တက်အသင်းက ပွဲကုန် ၁၈ ပွဲကစား ရမှတ် ၁၁ မှတ်၊ ရခိုင်ယူနိုက်တက်အသင်းက ၁၆ ပွဲကစား ရမှတ် လေးမှတ်ရရှိထားသည်။ ပွဲစဉ် (၁၈) လက်ကျန်ပွဲများအဖြစ် နိုဝင်ဘာ ၂ ရက်တွင် ရန်ကုန်အသင်းနှင့် GFA အသင်း၊ နိုဝင်ဘာ ၃ ရက်တွင် ဟံသာဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကချင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးထစ်ချုန်း ရွာနိုင်သည်။ **မိုး/ဇလ**

◆ *ကျောက်ဖုံးမှ*

ခြောက်ဘီးယာဉ်ပေါ်မှ **မေ့ဆေးစက် တစ်လုံး၊ ဆေးပစ္စည်းမျိုးစုံ ကတ်ထူဂျပ်ဖာ ၂၅ ဖာ၊ လျှပ်စစ်ပစ္စည်းဂျပ်ဖာ ၁၄ ဖာ၊ အဝတ်အထည်အိတ် ၂၀၊ အခြား လူသုံးကုန်ပစ္စည်း မျိုးစုံ ၃၇ ဖာ (စုစုပေါင်း ကာလတန်ဖိုး ၄၈ သိန်းခန့်)**တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ PDF အကြမ်းဖက်အဖွဲ့များထံသို့ ပို့ဆောင်မည့် ဆေးပစ္စည်းများကို အောင်မြေသာစံမြို့နယ် ရွှေမေတ္တာကားဂိတ်တွင် သိမ်းဆည်းထားကြောင်း သိရှိရသဖြင့် လုံခြုံရေးပူးပေါင်းအဖွဲ့မှ သွားရောက်စစ်ဆေးခဲ့ရာ PDF အကြမ်းဖက်အဖွဲ့များထံ ထောက်ပံ့ပေးမည့် ပစ္စည်းများ လက်ခံထားရှိသည့် **ညီညီလှိုင်** (ဂိတ်စာရေး)၊ **စိုးဝင်းထွန်း** (ဂိတ်မှူး)၊ **ဝေလင်းဦး**(ယာဉ်မောင်း)တို့ သုံးဦးကို ဖမ်းဆီးရမိခဲ့ပြီး တရားမဝင် ဆေးပစ္စည်းမျိုးစုံ ၈၆ ဖာကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ အောက်တိုဘာ ၂၉ ရက် ညပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးလင်း PDF အကြမ်းဖက်အဖွဲ့ကို ထောက်ပံ့ပေးနေသူ **ဇင်မာဝင်း(ခ)သူဇာ** (မန္တလေးအထွေထွေရောဂါ ကုဆေးရုံကြီး၊ CDM - သူနာပြု) အား ချမ်းမြသာစည်မြို့နယ် ပတ်ကုန်းဝန်းကျင်ရပ်ကွက်ရှိ "နန်းတော်" ပုဂ္ဂလိကဆေးရုံအနီး၌ ထပ်မံဖမ်းဆီးရမိခဲ့ပြီး ၎င်း၏ ထွက်ဆိုချက်အရ အကြမ်းဖက်အဖွဲ့များထံ ဆေးဝါးထောက်ပံ့မှုများ ပြုလုပ်နေသော ဆက်စပ်တရားခံများ တိမ်းရှောင်နေထိုင်လျက်ရှိသည့် ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ်ရပ်ကွက် အမှတ်(၁၃)နေအိမ်ကို လုံခြုံရေး ပူးပေါင်းအဖွဲ့မှ ဝင်ရောက်ရှာဖွေခဲ့ရာ **ပိုးသန္တာအောင်**(မန္တလေးဗဟိုအမျိုးသမီးဆေးရုံမှ CDM - သားဖွားဆရာမ)၊ **မင်းဇော်ဦး(ခ)နေမျိုးဦး**၊ (မန္တလေးဆေးတက္ကသိုလ် ခွဲစိတ်ဌာနမှ ကထိက/CDM ဆရာဝန်)၊ **ကြည်သဒ္ဒါဖြူ၊ ယွန်းနန္ဒာထွန်း** (ခုတင် - ၃၀၀ သင်ကြားရေးဆေးရုံ၊ CDM - သူနာပြု)တို့ လေးဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖြစ်စဉ်တွင် တရားခံ ကျား လေးဦး၊ မ လေးဦး ပေါင်း ရှစ်ဦးတို့ကို ဖမ်းဆီးရမိခဲ့ပြီး **မေ့ဆေးစက် တစ်လုံး၊ ဆေးပစ္စည်းမျိုးစုံ ကတ်ထူဖာ ၁၁၁ ဖာ၊ လျှပ်စစ်ပစ္စည်းဖာ ၁၄ ဖာ၊ အဝတ်အထည်အိတ် ၂၀ ၊ အခြားလူသုံးကုန်ပစ္စည်းမျိုးစုံ ၃၇ ဖာ** တို့ကို သိမ်းဆည်းရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **မင်းဇော်ဦး(ခ)နေမျိုးဦး**၏ ထွက်ဆိုချက်အရ ၎င်းသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် မန္တလေးဆေးတက္ကသိုလ်၊ ကထိက(ခွဲစိတ်) ရာထူးမှ CDM ပြုလုပ်ခဲ့ပြီး ၂၀၂၁ ခုနှစ် မေလ (ဒုတိယပတ်) တွင် ဖမ်းဆီးရန်ကျန်တရားခံ ခိုင်မာလာနှင်းဆီ (မန္တလေးမြို့၊ စည်ပင်သာယာရေးဦးစီးဌာနမှ CDM- အင်ဂျင်နီယာ)၏ စည်းရုံးမှုဖြင့် ချင်းပြည်နယ် မင်းတပ်မြို့နယ်အတွင်းရှိ အကြမ်းဖက်အဖွဲ့ဝင်များကို တရားမဝင် ဆေးကုသရန်နှင့် ထောက်ပံ့မှုများ ပြုလုပ်ရန် **ပိုးသန္တာအောင်၊ ယွန်းနန္ဒာထွန်း၊ ကြည်သဒ္ဒါဖြူ၊** ဖမ်းဆီးရန် ကျန်တရားခံများဖြစ်သော ထက်ကို၊ အောင်နိုင်ဦး၊ ဇင်ကိုမောင်တို့နှင့်အတူ မန္တလေးမြို့မှ မင်းတပ်မြို့နယ်သို့ ထွက်ခွာခဲ့ပြီး မင်းတပ်မြို့နယ် ဝမ္မသူးကိုက်နယ်ဆေးရုံ၌




အခြေပြုကာ CDF (မင်းတပ်) အကြမ်းဖက်အဖွဲ့များအား တရားမဝင် ဆေးဝါးကုသပေးခြင်းနှင့် ထောက်ပံ့ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ် ဇွန်လ (တတိယပတ်)တွင် **မင်းဇော်ဦး(ခ)နေမျိုးဦး၊ ပိုးသန္တာအောင်** နှင့် ဖမ်းဆီးရန် ကျန်တရားခံများဖြစ်သော **ခိုင်မာလာနှင်းဆီ၊ ထက်ကို၊ အောင်နိုင်ဦး**တို့ ငါးဦးသည် ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် ဖလိုင်ကျေးရွာသို့ သွားရောက်၍ ပတ်ဝန်းကျင် ကျေးရွာများရှိ PDF အကြမ်းဖက်အဖွဲ့ဝင်များကို တရားမဝင် ဆေးဝါးကုသခြင်းနှင့် ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **ပိုးသန္တာအောင်**၏ ထွက်ဆိုချက်အရ ဂန့်ဂေါကျန်းမာရေးဌာနမှ CDM ပြုလုပ်ထားသည့် ဖမ်းဆီးရန်ကျန်တရားခံများ ဖြစ်သော **ယုနန္ဒာမြင့်၊ ဝင်းဟေမာအေး** တို့နှင့်အတူ ၂၀၂၂ ခုနှစ် စက်တင်ဘာလတွင် ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သည့် ဂန့်ဂေါ PDFအဖွဲ့ဝင် **ဝေလေး(ခ)ညီညီနှင့် ကျော်ကိုကို** တို့ အပါအဝင် စစ်ကိုင်းတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်အတွင်းရှိ ပေါလယ်ကျေးရွာ၊ အိမ်သစ်ကျေးရွာ၊ လီလင်းကျေးရွာ၊ ပန်ထိပ်ကျေးရွာများတွင် ဖွင့်လှစ်သည့် PDF အကြမ်းဖက်ဖောက်ခွဲရေးသင်တန်းများ၌ ဆေးဝါးကုသမှုဆိုင်ရာ သင်တန်းပို့ချခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံ **မင်းဇော်ဦး(ခ)နေမျိုးဦး**သည် မင်းတပ်မြို့နယ်အတွင်းရှိ PDF အကြမ်းဖက်အဖွဲ့များကို ဆေးဝါးနှင့် ရိက္ခာများ ထောက်ပံ့ပေးနိုင်ရေး အကြောင်းပြချက်ဖြင့် အလှူငွေများ ကောက်ခံခဲ့ရာ CDM ဆရာဝန်များဖြစ်သော **ဒေါက်တာ မောင်မောင်ငြိမ်းထွန်း** (ကွယ်လွန်)၊ ဖမ်းဆီးရန် ကျန်တရားခံများဖြစ်သော **ဒေါက်တာ မိုးသီတာလင်း**(နား၊ နှာခေါင်း ဆေးရုံကြီး- မန္တလေး)၊ **ဒေါက်တာ စန်းကြူကြူအေး** (ကထိက၊ မန္တလေးဆေးတက္ကသိုလ်)၊ **ဒေါက်တာ သော်ဇင်မျိုး** (မန္တလေးပြည်သူ့ဆေးရုံ)၊ **ဒေါက်တာ အိန္ဒြာခင်** (ဗဟိုအမျိုးသမီးဆေးရုံ)၊ **ဒေါက်တာ ခင်မာလာဝင်း** (CDM- ခွဲစိတ်အထူးကု၊ မန္တလေးဆေးရုံ)၊ **ဒေါက်တာ ဖိုးခွီရှိန်း၊ ဒေါက်တာ သိန်းနိုင်၊ ဒေါက်တာ နေလင်းဖြိုး၊ ဒေါက်တာ တောက်ထိန်၊ ဒေါက်တာ စီစီမြင့်၊ ဒေါက်တာ ကိုကိုနိုင်၊ ထွန်းအောင်** တို့သည် NUG အမည်ခံအကြမ်းဖက်အဖွဲ့ဝင် **ဇော်ဝေစိုး**မှ ထည့်ဝင်ငွေ၊ ပြည်ပရောက်အလှူရှင်များထံမှ လှူဒါန်းငွေများ အပါအဝင် စုစုပေါင်း ငွေကျပ်သိန်း ၂၉၀၀ ခန့်ကို ရရှိခဲ့ပြီး ယင်းငွေကြေးများကို **ပိုးသန္တာအောင်**၏ ဘဏ်အကောင့်နှင့် Kpay အကောင့်များမှတစ်ဆင့် လက်ခံမှုများပြုလုပ်ခဲ့ကြောင်း၊ အဆိုပါရရှိငွေကြေးများဖြင့် **ပိုးသန္တာအောင်နှင့် ဇင်မာဝင်း(ခ)သူဇာ** တို့သည် တရားမဝင် ဆေးဝါးများ ဝယ်ယူ၍ PDF အကြမ်းဖက်အဖွဲ့များအား ထောက်ပံ့ပေးခြင်း၊ ကိုယ်ရေးကိုယ်တာကိစ္စများတွင် အသုံးပြုခြင်းများ ပြုလုပ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိ တရားခံ **ပိုးသန္တာအောင်**သည် ဆေးဝါးများအား ချမ်းမြသာစည်မြို့နယ်ရှိ သက်ဝေစိုးဆေးဆိုင်၊ ဈေးချိုရှိ ဦးလှတင်ဆေးဆိုင်၊ ချမ်းအေးသာဇံမြို့နယ်ရှိ ဦးဟန်တင်ဆေးဆိုင်၊ စုမြတ်ဆေးဆိုင်၊ Power ဆေးဆိုင်တို့မှ ဝယ်ယူ၍ ဖမ်းဆီးရန်ကျန် တရားခံများဖြစ်သော **ဇင်ကိုမောင်**နှင့် ဂန့်ဂေါမြို့နယ်ရှိ

*စာမျက်နှာ ၁၃ သို့*



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၇ ရက်တွင် ပုလဲမြို့ တောင်ပိုင်းရပ်ကွက်ရှိ ပုလဲ-ဂန့်ဂေါ သွားကားလမ်းဆုံ၌ သိမ်းဆည်းရမိခဲ့သည့် ဆေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

# ကျိုက်ထီးရိုးဘုရားဖူးတောင်တက်ကားဂိတ်ကို အကြမ်းဖက်ပစ်ခတ် တိုက်ခိုက်ခဲ့သည့်ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေး ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၁**

အောက်တိုဘာ ၁၂ ရက် နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ကျိုက်ထီးရိုးဘုရားဖူး တောင်တက် ကားဂိတ်ကို သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF ၁၂ ဦးခန့် 4 Wheel ယာဉ်တစ်စီးဖြင့် ရောက်ရှိကာ မိုးမိုးကတွတ်ယိုဆိုင်အနီးမှ သေနတ်များဖြင့် စတင်လာရောက်ပစ်ခတ်ရာ လုံခြုံရေးတပ်ဖွဲ့နှင့် ထိတွေ့မှုဖြစ်ပွားပြီး သောင်းကျန်းသူအကြမ်းဖက် PDF အဖွဲ့သည် မော်တော်ယာဉ်ဖြင့် ဆောင်နိုင်ကြီးကျေးရွာဘက်သို့ ပြန်လည်ဆုတ်ခွာသွားခဲ့သည့် ဖြစ်စဉ်တွင် သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF ၏ ပစ်ခတ်မှုကြောင့် အမျိုးသား တစ်ဦး၊ အမျိုးသမီးသုံးဦး သေဆုံးခဲ့ပြီး ရဲတပ်သား တစ်ဦး၊ အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး ၁၀ ဦး ဒဏ်ရာရခဲ့သဖြင့် အကြမ်းဖက်ပုဒ်မ ၅၄ ဖြင့် အမှုဖွင့်လှစ်စုံစမ်းခဲ့သည်။

အခင်းဖြစ်ရပ်သို့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ဒုရဲချုပ်နှင့် တာဝန်ရှိသူများ၊ မှုခင်းရဲတပ်ဖွဲ့မှ ကျွမ်းကျင်ပညာရှင်များဖြင့် သွားရောက်စိစစ် စုံစမ်းဖော်ထုတ်ခဲ့ရာ မျက်မြင်သက်သေ ၂၅ ဦး၏ ထွက်ဆိုချက်များ၊ သေဆုံးဒဏ်ရာရသူများနှင့် ပတ်သက်သည့် ဆေးစာပြန်ကြားချက်များ၊ ခိုင်မာသော လုံခြုံရေးအထောက်အကူပြု မှတ်တမ်းများ၊ ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်းအတွင်းမှ သက်သေခံ အထောက်အထားများ တွေ့ရှိခဲ့ရသည်။

စုံစမ်းစစ်ဆေး ဖော်ထုတ်ချက်အရ သောင်းကျန်းသူ/ အကြမ်းဖက်အုပ်စု PDF အဖွဲ့သည် ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်း အနောက်ဘက် ကျိုက်ထီးရိုး – ကင်မွန်းချောင် သွားလမ်းဘေး ဈေးဆိုင်များဖြစ်ကြသည့် ရွှေနဂါးဈေးဆိုင်၊ ငွေမြင့်အောင် ကတွတ်ယိုဆိုင်၊ မိုးမိုးကတွတ်ယိုဆိုင်တို့နှင့် ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်း အနောက်မြောက်ဘက်ထွက်ပေါက်နေရာတို့မှ နေရာယူကာလက်နက်ကြီး၊ လက်နက်ငယ်များဖြင့်၊ ဘုရားဖူး တောင်တက် မော်တော်ယာဉ်ဝင်းအတွင်းရှိ ဘုရားဖူး လှေကားတက်စင်သို့ လည်းကောင်း၊ ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်းအတွင်း မြောက်ဘက်အစွန်ဆုံးရှိ လုံခြုံရေးအဖွဲ့နေရာသို့ လည်းကောင်း



ဒေါ်အေးအေးကြည် (၅၀နှစ်)၊ (ဘ)ဦးအေး၊ မပတ(မမှတ်မိ)၊ မှီခို၊ ဆကရပ်ကွက် သင်္ကန်းကျွန်း မြို့နယ် ရန်ကုန်တိုင်းဒေသကြီး ယာပါးပေါက်ပြဲ၊ ဝဲပါးပေါက်ပြဲ ဒဏ်ရာ(သေဆုံး)

ဘုရားဖူးတောင်တက်ယာဉ် 3K- 6534 FUSO ကားပေါ်တွင် သေဆုံး။



ဒေါ်သန်းသန်းနွယ် (၄၂နှစ်)၊ (ဘ)ဦးစံတင်၊ မှီခို၊ သမာဓိ(၂)လမ်း သင်္ကန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ယာချိုစောင်းပေါက်ပြဲ ဒဏ်ရာ(သေဆုံး)


ဘုရားဖူးယာဉ်ပေါ်သို့ တက်သည့် လှေကားတက်စင်ပေါ်တွင် သေဆုံး။



ကျော့ကေခိုင် (၂၁)နှစ်၊ (ကိုယ်ရေးစိစစ်ဆဲ)၊ ဆကရပ်ကွက် သင်္ကန်းကျွန်းမြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဦးခေါင်း နောက်စေ့ပေါက်ပြဲ၊ ယာခြေခုံပေါက်ပြဲ ဒဏ်ရာ(သေဆုံး)


ဘုရားဖူးယာဉ်ပေါ်သို့ တက်သည့် လှေကားတက်စင်ပေါ်တွင် သေဆုံး။

ကျိုက်ထိုမြို့နယ်၊ ကင်မွန်းချောင်း နယ်မြေရဲစခန်း(၁) ၂၆/၂၀၂၂၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ-၅၄ အမှုမှ အခင်းဖြစ်ရပ်မြေပုံကြမ်း




ပစ်ခတ်ခဲ့ကြောင်း တွေ့ရှိရပြီး အထောက်အထားများအနေဖြင့် သောင်းကျန်းသူ/ အကြမ်းဖက်အုပ်စု PDF များ နေရာယူပစ်ခတ်ခဲ့သည့် ရွှေနဂါးဈေးဆိုင်ရှေ့လမ်းမပေါ်မှ M 16 ကျည်ခွံများ၊ AK 47 ကျည်ခွံများ၊ မိုးမိုးကတွတ်ယို (မစိုးမြတ်မြတ်မွန်)ဆိုင်ရှေ့မှ M 16 ကျည်ခွံများ၊ ၄၀ မမ ကျည်ခွံများ၊ မိုးမိုးကတွတ်ယို (ဦးစိုးမိုးသူ) ဆိုင် အပြင်ဘက် အနောက်ဘက်ထောင့်နေရာမှ M 16 ကျည်ခွံများနှင့် ဆိုင်ရှေ့ဝဲဘက်ထောင့်မှ M 16 ကျည်ခွံများ၊ ဘုရားဖူးတောင်တက်မော်တော်ယာဉ်ဝင်း အနောက်မြောက်ထောင့်ဝင်ထွက်ပေါက် ဘယ်ဘက်ခြမ်းမှ M 16 ကျည်ခွံများနှင့် မြေထိန်းနံရံအနီးမှ AK 47 ကျည်ခွံများ တွေ့ရှိရသည့်အပြင် ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်းအတွင်း ဘုရားဖူးယာဉ်ပေါ်သို့ တက်သည့် လှေကားတက်စင်တွင် ရပ်ထားသည့် 3K–6534 Fuso ယာဉ်၏ အနောက်ဘက်ကွန်ကရစ်တိုင်ကို ထိမှန်ထားသည့် ၄၀ မမ ဗုံးသီး အပိုင်းအစများ၊ ပုံစံပျက်နေသည့် ကျည်ထိပ်ဖူးများ၊ ဘုရားဖူးတောင်တက်မော်တော်ယာဉ်ဝင်းအတွင်း မြောက်ဘက်ရှိ လုံခြုံရေးတပ်ဖွဲ့များ အခြေပြုဘန်ကာကို ထိမှန်ထားသည့်နေရာများမှ AK 47 ကျည်ထိပ်ဖူးများကို သက်သေများနှင့်အတူ ရှာဖွေသိမ်းဆည်းရမိခဲ့သည်။

သောင်းကျန်းသူ/ အကြမ်းဖက်အုပ်စု PDF များ၏ ပစ်ခတ်မှုကြောင့် ဘုရားဖူးတောင်တက် မော်တော်ယာဉ်ဝင်းအတွင်း ဘုရားဖူးယာဉ်ပေါ်သို့ တက်သည့် လှေကားတက်စင်တွင် ဒေါ်သန်းသန်းနွယ် (၄၂နှစ်)၊ ရန်ကုန်မြို့နေသူသည် သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF များ၏ လက်နက်ငယ်ထိမှန်မှုကြောင့် ဦးခေါင်းယာချိုးစောင်း ဖောက်ထွက်ဒဏ်ရာတစ်ချက်ဖြင့် ***စာမျက်နှာ ၁၃ သို့***




*စာမျက်နှာ ၁၂ မှ*

သေဆုံးခြင်း၊ မကျော့ကေခိုင် (၂၁နှစ်)၊ ရန်ကုန်မြို့နေသူသည် ဦးခေါင်း နောက်စေ့မှ ကျည်ဖောက်ဝင် ဖြတ်ထွက် ဒဏ်ရာ တစ်ချက်၊ ယာခြေဖမိုး လက်နက်ကြီး ကျည်အစ ထိမှန်ဒဏ်ရာ တစ်ချက်တို့ဖြင့် သေဆုံးခြင်း၊ ဘုရားဖူး လှေကားတက်စင်တွင် ရပ်ထားသော 3K–6534 Fuso ယာဉ်ပေါ် ဝဲဘက်ထိုင်ခုံနောက်ဆုံးတွင် ထိုင်နေသူ ဒေါ်အေးအေးကြည် အသက် (၅၀ နှစ်)၊ ရန်ကုန်မြို့နေသူသည် လက်နက်ငယ် ထိမှန်မှုကြောင့် ယာပါးမှ ဖောက်ဝင်၊ ဝဲပါး ပေါက်ပြဲထွက်သည့် ဒဏ်ရာဖြင့် သေဆုံးခြင်း၊ ထိုကားပေါ်တွင် ထိုင်နေသူ ထွန်းဝင်းအေး (၃၂နှစ်)၊ ရန်ကုန်မြို့နေသူသည် လက်နက်ကြီးကျည်စ၊ လက်နက် ငယ်ကျည်တို့ ထိမှန်သောကြောင့် နောက်ကျောဝဲဘက်မှ ဝမ်းဗိုက်ယာဘက်သို့ ကျည်ထိမှန် ဖောက်ထွက် ဒဏ်ရာများဖြင့် သေဆုံးခြင်းနှင့် ဘုရားဖူး လှေကား တက်စင် အနီးအနားရှိ လုံခြုံရေးဆောင်ရွက်ပေးနေသော ရဲတပ်သား အောင်ပြည့်ဖြိုးပါ ဘုရားဖူးခရီးသည် အမျိုးသား ခုနစ် ဦး၊ အမျိုးသမီး ၁၀ ဦးတို့၏ ကိုယ်ခန္ဓာတွင် ဒဏ်ရာများရရှိခဲ့ကြောင်း တွေ့ရှိရသည်။

ဖော်ပြပါ ပစ်ခတ်မှုဖြစ်စဉ်၌ စိစစ်တွေ့ရှိရသော မျက်မြင်သက်သေများ၊ သေဆုံးဒဏ်ရာရသူများ၏ ဆေးစာ အထောက်အထားများ၊ သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF များ အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းအထောက်အထားများ၊ အခြားခိုင်မာသည့် မှတ်တမ်းအထောက်အထားများအရ သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF အဖွဲ့သည် ဘုရားဖူး တောင်တက်ကားဝင်း အနောက်ဘက်မှ နေရာယူ၍ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ဘုရားဖူး တောင်တက်ကားဝင်းအတွင်းရှိ ဘုရားဖူး လှေကားတက်စင်သို့ လည်းကောင်း၊ လုံခြုံရေးအဖွဲ့ အခြေပြုအဆောင်သို့ လည်းကောင်း ဦးတည်ပစ်ခတ်ခဲ့ကြောင်း အထောက်အထား ခိုင်မာစွာ စိစစ်တွေ့ရှိရသည်။

ဘုရားဖူး တောင်တက်ကားဝင်း အတွင်း မြောက်ဘက်ဘန်ကာရှိ လုံခြုံရေး တပ်ဖွဲ့ဝင်များက သောင်းကျန်းသူ/အကြမ်းဖက်အုပ်စု PDF များကို ပြန်လည်ပစ်ခတ်ခဲ့ရာ သောင်းကျန်းသူ/ အကြမ်းဖက်အုပ်စု PDF များ နေရာယူထား သည့် မိုးမိုးကတွတ်ယိုဆိုင်ဘက်သို့ ထိမှန်ခဲ့ပြီး အဆိုပါ မိုးမိုးကတွတ်ယိုဆိုင်အတွင်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပစ်ခတ်ခဲ့သည့် ကျည်ထိပ်ဖူး ပုံပျက်အပိုင်းအစများ စိစစ်တွေ့ရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပြန်လည်ပစ်ခတ်ခဲ့သည့် လားရာအရပ်သည် ဘုရားဖူးပြည်သူများ ရှိနေသည့် အရပ်မျက်နှာနှင့် ဆက်စပ်မှုမရှိကြောင်း မြေပြင်အထောက်အထားအရစိစစ်တွေ့ရှိရသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် မှားယွင်းပစ်ခတ်ခဲ့ခြင်း တစ်စုံတစ်ရာ မရှိကြောင်း စိစစ်တွေ့ရှိရသည်။


မျက်မြင်သက်သေများ၊ ယခင်ဖြစ်စဉ် အထောက်အထားများ စိစစ်တွေ့ရှိချက်အရ ဘုရားဖူးပြည်သူများကို ပစ်ခတ်ခဲ့သည့် အဖွဲ့တွင် KNU တပ်မဟာ(၁)သို့ ခိုလှုံပြီး KRF အကြမ်းဖက်အဖွဲ့ ခေါင်းဆောင်အဖြစ် ဆောင်ရွက်နေသူ အေးမင်းထွန်း (ရဲပြေး /ယခင်မွန်ပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာအေးဇံ၏ လူယုံတော်)ဆိုသူ ဦးဆောင်ခဲ့ကြောင်း၊ ၎င်းနှင့်အတူ ရဲသွေးနီ (ယခင်လွှတ်တော် ကိုယ်စားလှယ် ဒေါက်တာ ခင်ဆောင်၏ ယာဉ်မောင်း) ၊ NUG ကျားဖြူ တပ်ခွဲ(၄)၊ သထုံခရိုင်အဖွဲ့၊ KNU တပ်မဟာ (၁)၊ တပ်ရင်း(၃)တပ်ရင်းမှူး ဒါးနယ်ထူးတို့အဖွဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း စိစစ်တွေ့ရှိရသည်။

အေးမင်းထွန်း (ရဲပြေး)သည် KNU တပ်မဟာ (၁)တွင် ခိုလှုံခဲ့ပြီးနောက် မွန်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဒေါက်တာ ခင်ဆောင် (တရားခံပြေး)၊ ဦးလှမြင့်သန်း (တရားခံပြေး)၊ ဒေါ်သီရိရတနာ (တရားခံပြေး)၊ လုပ်ငန်းရှင်များ ဖြစ်ကြသည့် ကျော်မျိုးမင်း (တရားခံပြေး)၊ အောင်ကျော်သူ (တရားခံပြေး)၊ ဦးခင်တိုး(တရားခံပြေး) တို့နှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရဲသွေးနီး ၊ KNU တပ်မဟာ (၁)၊ ရင်း(၃)မှူး ဒါးနယ်ထူးတို့နှင့် ပူးပေါင်းကာ စက်တင်ဘာ ၁၅ ရက်ကလည်း ဘီးလင်းရဲစခန်းနယ်မြေတွင် DENKO ဆီဆိုင်မှ ဆီဘောက်ဆာယာဉ်တစ်စီးကို ပြန်ပေးဆွဲခဲ့သဖြင့် ဘီးလင်းမြို့မရဲစခန်းမှ ရာဇသတ်ကြီးပုဒ်မ ၃၉၂/၃၆၅ အရ ဖမ်းဆီးရန် အလိုရှိနေသော တရားခံများ ဖြစ်ကြောင်း။

အေးမင်းထွန်းသည် မျိုးလင်းထွဋ်(ခ) မှုံကြီး (ဖမ်းမိ)၊ စောထွန်းဝင်း (ဖမ်းမိ)တို့နှင့် ပူးပေါင်းကာ KRF (ကျိုက်ထိုတော်လှန်ရေးအဖွဲ့)အဖြစ် ဖွဲ့စည်းခဲ့ပြီး ကျိုက်ထိုမြို့တွင်း ဖောက်ခွဲရေးလုပ်ငန်း စီစဉ်ခြင်း၊ လုံခြုံရေးတပ်ဖွဲ့လှုပ်ရှားမှုများ၊ အရေးကြီးပုဂ္ဂိုလ်ခရီးစဉ်များ သတင်းရယူ လုပ်ကြံတိုက်ခိုက်ရေး စီမံခဲ့ခြင်းများကြောင့် ကျိုက်ထိုရဲစခန်းမှ အကြမ်းဖက်မှုတိုက်ဖျက်ရေးပုဒ်မ ၅၀(က)(ဈ)/၅၂ (ဃ) တို့အရ အလိုရှိနေသော တရားခံဖြစ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ၎င်းတရားခံများ အမြန်ဆုံးဖော်ထုတ် ဖမ်းဆီးရမိနိုင်ရေး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများမှ လျှို့ဝှက်စွာ သတင်းပေးပို့နိုင်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။ **သတင်းစဉ်**



ကျိုက်ထီးရိုးဘုရားဖူး တောင်တက်ကားဂိတ်၌ အကြမ်းဖက်ပစ်ခတ်မှုဖြစ်စဉ်ဖြစ်ပွားခဲ့မှု စီစီတီဗီမှတ်တမ်းဓာတ်ပုံ။



ထွန်းဝင်းအေး (၃၂)နှစ်၊ (ဘ)ဦးအောင်ထိုက်၊ မပတ(မမှတ်မိ)၊ ဗမာ/ဗုဒ္ဓ၊ ယာဉ်မောင်း၊ အမှတ်(၂၀၀)၊ ဂန္ဓဝင်လမ်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဝဲကျောကုန်း ပေါက်ပြဲဒဏ်ရာ(၁)ချက် (သထုံဆေးရုံ တက်ရောက်ကုသစဉ် သေဆုံး)



၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် အောင်မြေသာစံမြို့နယ် သီရိမန္တလာအရှေ့ရပ်ကွက်ရှိ "ရွှေမေတ္တာ"ကားဂိတ်တွင် သိမ်းဆည်းရမိခဲ့သော ဆေးပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။

*စာမျက်နှာ ၁၁ မှ*

**ဇာနည်မောင်**တို့ထံသို့ ပို့ဆောင်ခဲ့ပြီး ၎င်းမှတစ်ဆင့် ပခုက္ကူမြို့ရှိ PDF အကြမ်းဖက်အဖွဲ့များထံသို့ လေး ကြိမ်ခွဲ၍ ထောက်ပံ့ပေးခဲ့ကြောင်း၊ ထို့အပြင် ရွှေဇီဝဆေးဆိုင်နှင့် ကွန်ကောဒီးယားဆေးရုံသုံးပစ္စည်း အရောင်းဆိုင်များမှ ခွဲစိတ်ခွဲခန်းသုံးပစ္စည်းများနှင့် မေ့ဆေးစက်တို့ကို ဝယ်ယူ၍ PDF အကြမ်းဖက်အဖွဲ့များထံ ထောက်ပံ့နိုင်ရေးအတွက် ရွှေမေတ္တာကားဂိတ်မှ တစ်ဆင့်ပို့ဆောင်မှုများ ရှိခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်ပါ၍ ဖမ်းဆီးရမိ တရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး အကြမ်းဖက်မှုဆောင်ရွက်နေသူများကို ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ် တိုက်ဖျက်ကြရန်နှင့် ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ပတ်သက်သူများ၊ နောက်ကွယ်မှ ထောက်ပံ့ပေးလျက်ရှိသော ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ ပုန်းခိုရာနေရာများ၊ လှုပ်ရှား သွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာလျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်း ဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အပ်ပါကြောင်း အသိပေး သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ လူကူးကြိုးတံတားပြတ်ကျရာ သေဆုံးသူ ၁၃၂ ဦးအထိရှိလာ

**နယူးဒေလီ အောက်တိုဘာ ၃၁**

အိန္ဒိယနိုင်ငံအနောက်ပိုင်း ဂူဂျာရတ်ပြည်နယ်တွင် အောက်တိုဘာ ၃၀ ရက် ညနေပိုင်းက လူကူးကြိုးတံတားပြတ်ကျရာ သေဆုံးသူ ၁၃၂ ဦးအထိ တိုးလာကြောင်း တာဝန်ရှိသူများ၏ ပြောကြားချက်ကို ကိုးကားပြီး ဒေသမီဒီယာက ဖော်ပြသည်။

တံတားပြတ်ကျမှု ဖြစ်ပွားရာနေရာ၌ လူပေါင်း ၁၇၇ ဦးခန့်ကို ကယ်ဆယ်နိုင်ခဲ့ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ညလုံးပေါက် လုပ်ဆောင်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ဗြိတိသျှခေတ် လူကူးကြိုးတံတားသည် အောက်တိုဘာ ၃၀ ရက် ညနေပိုင်းက ဂူဂျာရတ်မြို့တော် ဂန္ဒီနာဂါမြို့ အနောက်ဘက် ၂၄၁ ကီလိုမီတာခန့် အကွာ မော်ဘီမြို့ရှိ Machchhu မြစ်အတွင်းသို့ လူရာပေါင်းများစွာနှင့်အတူ ပြတ်ကျသွားခဲ့ခြင်းဖြစ်သည်။ သေဆုံးသူများထဲတွင် အမျိုးသမီးများနှင့် ကလေးများပါဝင်ခဲ့ကြောင်း၊ တံတားပြတ်ကျမှုဖြစ်ပွားပြီးနောက် တာဝန်ရှိသူများက ကယ်ဆယ်ရေးလုပ်ငန်းများ လုပ်ဆောင်ရန် ကယ်ဆယ်ရေးအဖွဲ့များကို အလျင်အမြန် ပို့ဆောင်ခဲ့ကြောင်း သိရသည်။ တံတားပြတ်ကျချိန်တွင် တံတားပေါ်၌ လူပေါင်း ၄၀၀ ကျော်ရှိကြောင်း မျက်မြင်တွေ့ရှိသူများက မီဒီယာများကို ပြောသည်။

အိန္ဒိယဝန်ကြီးချုပ် နာရိန်ဒရာမိုဒီသည် လက်ရှိတွင် ၎င်း၏မွေးရပ်ဖြစ်သည့် ဂူဂျာရတ်ပြည်နယ်တွင် ရောက်ရှိနေပြီး ဖြစ်ရပ်ဆိုးအတွက် အလွန်ဝမ်းနည်းကြောင်း ပြောကြားသည်။ တံတားပြတ်ကျမှုကြောင့် ဒဏ်ရာရရှိသူများနှင့် အသက်ဆုံးရှုံးရသည့် မိသားစုဝင်များကို လျော်ကြေးပေးမည်ဖြစ်ကြောင်း ဝန်ကြီးချုပ် မိုဒီက ကြေညာခဲ့သည်။ ထို့အပြင် ဒေသခံအစိုးရကလည်း သီးခြားလျော်ကြေးငွေပေးမည်ဟု ကြေညာထားသည်။ **ဆင်ဟွာ**



ဂူဂျာရတ်ပြည်နယ်၌ တံတားပြိုကျမှုဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

## ဘရာဇီးသမ္မတဟောင်း တတိယကြိမ်မြောက် သမ္မတအဖြစ် ပြန်လည်ရွေးကောက်ခံရ

**ဘရာဆီးလီးယား အောက်တိုဘာ ၃၁**

ဘရာဇီးသမ္မတဟောင်း အလုပ်သမားပါတီမှ လူးဝစ်အီနာစီယိုလူလာဒါဆီးလ်ဗား သည် အောက်တိုဘာ ၃၀ ရက်က ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည်။ ထို့ကြောင့်၎င်းသည် တတိယအကြိမ် လေးနှစ်တာ သမ္မတသက်တမ်းကို ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ တာဝန်ထမ်းဆောင်တော့မည်ဖြစ်သည်။

ထိပ်တန်းရွေးကောက်ပွဲရုံးက ထုတ်ပြန်လိုက်သော စာရင်းဇယားများက လူလာဒါဆီးလ်ဗားသည် မဲအရေအတွက် သန်း ၆၀ ကျော် (၅၀ ဒသမ ၈၉ ရာခိုင်နှုန်း) ရရှိခဲ့ပြီး မဲအရေအတွက် ၅၈ သန်းကျော် (၄၉ ဒသမ ၁၁ ရာခိုင်နှုန်း) ရရှိခဲ့သော လက်ရှိသမ္မတ လစ်ဘရယ်ပါတီမှ ဂျေးဘော်လ်ဆွန်နာရိုကို ကျော်ဖြတ်ခဲ့ကြောင်း ဖော်ပြထားသည်။

ဘရာဇီးသမိုင်း၏ ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲတွင် အနည်းဆုံးသော မဲအရေအတွက် ကွာဟချက်ဖြင့် အနိုင်ရရှိသွားခြင်းဖြစ်သည်။

ပထမအကျော့ သမ္မတရွေးကောက်ပွဲကို အောက်တိုဘာ ၂ ရက်က ကျင်းပခဲ့သည်။ ပထမအကျော့တွင် မဲအရေအတွက် ၄၈ ဒသမ ၃ ရာခိုင်နှုန်းရရှိခဲ့သော လူလာဒါဆီးလ်ဗား သည် မဲအရေအတွက် ၄၃ ဒသမ ၂ ရာခိုင်နှုန်း ရရှိခဲ့သော လက်ရှိသမ္မတ ဘော်လ်ဆွန်နာရိုကို ကျော်ဖြတ်ခဲ့သည်။



လူလာဒါဆီးလ်ဗားသည် အသက် ၇၇ နှစ်ရှိပြီဖြစ်ကာ ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ နှစ်ကြိမ်ဆက်တိုက် သမ္မတဖြစ်ခဲ့သည်။

ယခုလို ဒုတိယအကျော့ သမ္မတရွေးကောက်ပွဲတွင် သမ္မတအဖြစ် ပြန်လည်ရွေးကောက် တင်မြှောက်ခံရသည့်အတွက် တရုတ်သမ္မတ ရှီကျင့်ဖျင်က အောက်တိုဘာ ၃၁ ရက်က ဝမ်းမြောက်ဂုဏ်ယူကြောင်း သဝဏ်လွှာတစ်စောင် ပေးပို့ခဲ့သည်။ **ဆင်ဟွာ**

## အမေရိကန် ကော်လိုရာဒိုပြည်နယ်ရှိ နေအိမ်တစ်အိမ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားခြင်းကြောင့် လေးဦး သေဆုံး

**လော့စ်အိန်ဂျလိစ် အောက်တိုဘာ ၃၁** – အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်ရှိ လူဦးရေ သုံးသိန်းရှစ်သောင်းကျော် နေထိုင်သော အော်ရိုရာမြို့တွင် အောက်တိုဘာ ၃၀ ရက် နံနက်အစောပိုင်းက နေအိမ် တစ်အိမ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွားသောကြောင့် လေးဦး သေဆုံးကြောင်း၊ သေနတ်ပစ်ခတ်သူဟု သံသယရှိသူမှာ လွတ်မြောက်နေဆဲဖြစ်ကြောင်း နယ်မြေခံရဲတပ်ဖွဲ့က ပြောသည်။

ဒေသစံတော်ချိန် နံနက် ၂ နာရီခန့်တွင် မြို့လယ်ရှိနေအိမ်တစ်အိမ်၌ သေနတ်ပစ်ခတ်မှု ဖြစ်ပွားကြောင်း အစီရင်ခံစာတစ်စောင်ကို လက်ခံရရှိကြောင်း အော်ရိုရာရဲတပ်ဖွဲ့ဌာနက ပြောသည်။ အခင်းဖြစ်ပွားရာသို့ ၎င်းတို့ရောက်ရှိပြီး သုံးမိနစ်အကြာတွင် သေနတ်ဒဏ်ရာများဖြင့် အမျိုးသား သုံးဦးနှင့် အမျိုးသမီးတစ်ဦး သေဆုံးလျက်တွေ့ရှိကြောင်း တာဝန်ရှိသူများက ပြောသည်။ သံသယရှိသူမှာ နေအိမ်တွင် သေဆုံးနေသော အမျိုးသမီး၏ အသိမိတ်ဆွေဟုယူဆရသည့် အသက် ၂၁ နှစ်အရွယ် ဂျိုးဆက်ကက်စတိုရီနာဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## တောင်ကိုရီးယားနှင့် အမေရိကန်တို့၏ အကြီးစားပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်

**ဆိုးလ် အောက်တိုဘာ ၃၁**



တောင်ကိုရီးယားနှင့် အမေရိကန်တို့သည် စစ်ဘက်ဆိုင်ရာလေယာဉ် ၂၄၀ ခန့် အပါအဝင် ၎င်းတို့၏ အကြီးစား ပူးတွဲလေကြောင်းစစ်ရေးလေ့ကျင့်မှုကို အောက်တိုဘာ ၃၁ ရက်တွင် စတင်လိုက်ကြောင်း တောင်ကိုရီးယားလေတပ်၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ပူးတွဲလေကြောင်း စစ်ရေးလေ့ကျင့်မှုသည် နိုဝင်ဘာ ၄ ရက်အထိ ကြာမြင့်မည်ဖြစ်ပြီး တောင်ကိုရီးယား စစ်ဘက်မှ F–35A ကိုယ်ပျောက်ဂျက်လေယာဉ်များ၊ F–15K နှင့် KF–16 တိုက်လေယာဉ်များ၊ KC–330 လေယာဉ်များအပါအဝင် စစ်ဘက်လေယာဉ် ၁၄၀ ခန့် ဖြန့်ကြက်ထားပြီး အမေရိကန်စစ်ဘက်က F–35B ကိုယ်ပျောက်တိုက်လေယာဉ်များ၊ EA–18 အီလက်ထရွန်နစ် စနစ်သုံး လေယာဉ်၊ U–2 ကင်းထောက်လေယာဉ်နှင့် KC–135 လေယာဉ်များကဲ့သို့သော စစ်လေယာဉ် ၁၀၀ ခန့် ဖြန့်ကြက်ထားကြောင်း သိရသည်။

ထို့အပြင် ဩစတြေးလျလေတပ်ကလည်း KC–30A လေယာဉ်တစ်စင်း ပို့ဆောင်ပြီး တောင်ကိုရီးယား – အမေရိကန် ပူးတွဲလေကြောင်းစစ်ရေး လေ့ကျင့်မှုတွင် ပါဝင်သွားမည်ဟု သိရသည်။ စစ်ရေးလေ့ကျင့်မှု လုပ်ဆောင်နေစဉ်အတွင်း ပေါင်းစပ်လေကြောင်း တပ်ဖွဲ့များကို ကွပ်ကဲပြီး ကိုရီးယားလေကြောင်းနှင့် အာကာသစစ်ဆင်ရေးဌာန (ကေအေအိုစီ) ၏ စစ်ဆင်ရေးစွမ်းရည်ကို သုံးသပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဆင်ဟွာ**

## ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း နာလ်ဂေး တိုက်ခတ်မှုကြောင့် သေဆုံးသူပေါင်း ၁၀၁ ဦးရှိလာ

**မနီလာ အောက်တိုဘာ ၃၁** – ဖိလစ်ပိုင်နိုင်ငံ၌ အပူပိုင်းမုန်တိုင်း နာလ်ဂေးတိုက်ခတ်မှုကြောင့် သေဆုံးသူ ၁၀၁ ဦး ရှိပြီး ၆၆ ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း အာဏာပိုင်များက ပြောကြားသည်။

အဆိုပါမုန်တိုင်းသည် ရက်သတ္တပတ်အတွင်း ဖိလစ်ပိုင်နိုင်ငံ ကျွန်းအများအပြားသို့ ဝင်ရောက်တိုက်ခတ်ခဲ့ပြီး နေရာအနှံ့အပြားတွင် မိုးရွာသွန်းမှုဖြစ်ပွားခဲ့သည်။ နိုင်ငံတောင်ပိုင်း မင်ဒါနာအိုကျွန်းရှိ မက်ဂွင်ဒါနာအိုပြည်နယ်၌ ရေကြီးမှု၊ မြေပြိုမှုနှင့် ရုတ်တရက်ရေကြီးမှုကြောင့် ထိခိုက်ပျက်စီးမှုများ ပိုမိုကြုံတွေ့ခဲ့ရကြောင်း သိရသည်။

ပျက်စီးဆုံးရှုံးမှုပမာဏကို အတည်ပြုရန်လိုအပ်ပြီး ရေဘေးသင့်ပြည်သူများအတွက် ကယ်ဆယ်ရေးပစ္စည်းများ ပေးအပ်သွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်အစိုးရက ပြောကြားသည်။ အပူပိုင်းမုန်တိုင်း နာလ်ဂေးသည် ဖိလစ်ပိုင်နိုင်ငံမှ တောင်တရုတ်ပင်လယ်သို့ ရွေ့လျားသွားခဲ့ကြောင်း သိရသည်။ အပူပိုင်းမုန်တိုင်းငယ် ထပ်မံဖြစ်ပေါ်လာနိုင်သဖြင့် အာဏာပိုင်များက သတိပေးမှု ပြုလုပ်ထားသည်။

**အင်န်အိတ်ချ်ကေ**

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၁ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

(၃၁-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၃၀-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၁-၁၀-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၈၁၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၀၃) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၄၁၁,၄၂၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၁,၇၁၆) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၃၄) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၅,၇၃၁) ဦးရှိပြီဖြစ်ပါသည်။ ယနေ့ တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၂) ဦး ရှိပါသည်။

မြန်မာနိုင်ငံတွင် (၂၈-၁-၂၀၂၂) ရက်နေ့မှ (၁၅-၁၀-၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူများနှင့် သေဆုံးသူများ၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံထားရှိမှုအခြေအနေများကို ဆန်းစစ်ချက်အရ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားသူ စုစုပေါင်း၏ (၉၀.၄) ရာခိုင် နှုန်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း၏ (၈၀.၉) ရာခိုင်နှုန်းတို့မှာ ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

| ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများ | ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားသူ | ကိုဗစ်-၁၉ ရောဂါ ကြောင့် သေဆုံးသူ |
|---|---|---|
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်းမရှိသူနှင့် ကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူ | ၉၀.၄ % | ၈၀.၉ % |

နိုင်ငံတကာသုတေသနတွေ့ရှိချက်များအရလည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမို လျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။ သို့ဖြစ်ရာ အသက် ၅ နှစ်နှင့်အထက် ပြည်သူများသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအား မဖြစ်မနေထိုးနှံထားရှိရန် လိုအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာနသည် အသက် ၅ နှစ်နှင့်အထက် ပြည်သူများအားလုံးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အခမဲ့ထိုးနှံပေးလျက်ရှိသည့်အပြင် အသက် ၁၂ နှစ်မှ ၁၈ နှစ်အတွင်း ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံပြီးစီးမှုကာလ ၆ လနှင့်အထက်ရှိသော ကျောင်းသား၊ ကျောင်းသူများနှင့် အသက် ၁၈ နှစ်နှင့်အထက် ပြည်သူများအား ထပ်ဆောင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ အခမဲ့ထိုးနှံ ပေးလျက်ရှိရာ ပြည်သူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ ရပ်ကွက်အုပ်ချုပ်ရေးမှူး ရုံးများနှင့် ဆက်သွယ်၍ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**




## တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှင့် ဆေးထိုးအပ်များ ဆက်လက်ပို့ဆောင်

**နေပြည်တော် အောက်တိုဘာ ၃၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို သတ်မှတ်အအေးလမ်းကြောင်း စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီး များဖြင့် ပို့ဆောင် ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ပြည်သူ့ကျန်းမာရေး ဦးစီးဌာန၊ ဗဟိုကာကွယ်ဆေး သိုလှောင်ခန်း၌ထားရှိသည့် ဆေးတစ်လုံးလျှင် လူငါးဦးထိုးနိုင်သော Myancop-harm ဆေးများကို ယနေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့သို့ Myancopharm ဆေး ၁၀၀၀၀ လုံးနှင့် ဆေးထိုးအပ်များကို Cold Chain Delivery Logisties မော်တော်ယာဉ်ကြီး များဖြင့် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ကာကွယ်ဆေးများနှင့် ဆေးထိုးအပ်များကို တာဝန်ရှိသူများက လက်ခံခဲ့ကြပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက် ဖြန့်ဖြူးပေးသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၃၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ်နှင့် တာမွေမြို့နယ်၌ ဒေသခံပြည်သူ ၁၅၇ ဦး၊ ရေဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၇၅၀ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ ဒေသခံပြည်သူ ၉၈၅ ဦး နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုမှ ဒေသခံပြည်သူ ၄၇၅၁ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးသည်။

ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိရာ ယနေ့တွင် မန္တလေးတိုင်းဒေသကြီး အတွင်းရှိ ခရိုင် ခုနစ်ခုမှ ကျောင်းသား ကျောင်းသူ ၂၁၉ ဦး တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးသည်။

ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေ လှူဒါန်းလျက်ရှိရာ ယနေ့တွင်ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်နှင့် ရေဝတီတိုင်းဒေသကြီး ဖျာပုံမြို့တို့၌ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာနေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများ တပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများအား ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေ လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# တောရိုင်းတိရစ္ဆာန်အသားများ စားသုံးမှုကို အဆုံးသတ်ကြပါစို့

မြန်လင်းမောင်

လူတော်တော်များများသည် ဖျားနာမှုကို ကုသရန်နှင့် ခွန်အားကို ဆောင်ကြဉ်းပေးသည်ဟူသည့် ယူဆချက်ဖြင့် ရှားပါးတောကောင်သားများကို စားသုံးနေခြင်းမှာ မှားယွင်းနေပြီး အမှန်တကယ်အားဖြင့် တောကောင်သားစားသုံးမှုသည် တိရစ္ဆာန်များမှတစ်ဆင့် ကူးစက်သည့် ရောဂါများကို ဖြစ်ပွားစေနိုင်ရုံသာမက ကမ္ဘာ့အရေးပါသည့် တောရိုင်းတိရစ္ဆာန် မျိုးစိတ်များကို မှောင်ခိုကုန်ကူးခြင်း၊ ဖမ်းဆီးခြင်းနှင့် ရောင်းဝယ်ဖောက်ကားခြင်းတို့ ဖြစ်ပေါ်စေရန်လည်း အားပေးကူညီသကဲ့သို့ ဖြစ်နေကြောင်း ကမ္ဘာ့တောရိုင်းတိရစ္ဆာန်ရန်ပုံငွေအဖွဲ့ (WWF)၏ ညွှန်ကြားရေးမှူးချုပ် မာကို လန်ဘာတီနီက ဆိုသည်။

အထူးသဖြင့် တောရိုင်းတိရစ္ဆာန်များကို အမဲလိုက်ခြင်း၊ ခိုးယူခြင်း၊ သယ်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်ခြင်း၊ ပြုပြင်ခြင်းနှင့် ရောင်းချခြင်းများမှတစ်ဆင့် လူတို့နှင့်အနီးကပ် ထိတွေ့ကာ တိရစ္ဆာန်မှတစ်ဆင့် ကူးစက်သည့် ရောဂါများပြန့်ပွားစေမည့် အန္တရာယ်ကိုပို၍ တိုးမြင့်လာစေနိုင်သည်ဟု ဆိုသည်။




မဲခေါင်ဒေသတွင်းနိုင်ငံများမှ သိမ်းဆည်းရမိခဲ့သည့် တောရိုင်းတိရစ္ဆာန်မှောင်ခိုပစ္စည်းများ။

### ရေနေသတ္တဝါမျိုးစိတ် အရေအတွက် ကျဆင်း

အလားတူ မြေယာအသုံးပြုမှုပြောင်းလဲလာမှုနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်လာမှုများသည်လည်း ကုန်းမြေ၊ ရေချိုနှင့် ပင်လယ်ပြင်ရှိ အပင်နှင့် တိရစ္ဆာန် မျိုးစိတ်များစွာတို့၏ သဘာဝနှင့် နေရင်းဒေသများ ပျက်စီးလာခြင်းမှာလည်း သဘာဝတောရိုင်း တိရစ္ဆာန်များနှင့် ဇီဝမျိုးကွဲများအတွက် အကြီးမားဆုံး ခြိမ်းခြောက်မှုဖြစ်နေဆဲဖြစ်သည်။ The Living Planet အဖွဲ့၏ စောင့်ကြည့်လေ့လာထားသော အညွှန်းကိန်းများအရ ၁၉၇၀ ပြည့်နှစ်နှင့် ၂၀၁၈ ခုနှစ်အကြား ကမ္ဘာတစ်ဝန်းရှိ တောရိုင်းတိရစ္ဆာန် အရေအတွက်၏ ပျမ်းမျှ ၆၉ ရာခိုင်နှုန်း ကျဆင်းလာခဲ့ကြောင်း အောက်တိုဘာ ၁၃ ရက်က သတင်းထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြခဲ့သည်။ အဆိုပါ ထုတ်ပြန်ချက်၌ အထူးသဖြင့် လက်တင်အမေရိကဒေသသည် ဒေသတွင်း ပျမ်းမျှ တောရိုင်းတိရစ္ဆာန် အရေအတွက်၏ ၉၄ ရာခိုင်နှုန်း အထိ ကျဆင်းလာခဲ့ပြီး ရေနေသတ္တဝါမျိုးစိတ် အရေအတွက် ကျဆင်းမှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၈၃ ရာခိုင်နှုန်းအထိရှိလာခဲ့ကြောင်း သိရသည်။

**အထူးသဖြင့် လက်တင်အမေရိကဒေသသည် ဒေသတွင်း ပျမ်းမျှတောရိုင်းတိရစ္ဆာန်အရေအတွက်၏ ၉၄ ရာခိုင်နှုန်းအထိ ကျဆင်းလာခဲ့ပြီး ရေနေသတ္တဝါမျိုးစိတ်အရေအတွက် ကျဆင်းမှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၈၃ ရာခိုင်နှုန်းအထိ ရှိလာကြောင်းသိရ**

### မျိုးသုဉ်းသတ်ဖြတ်ရန် ခြိမ်းခြောက်လျက်ရှိ

ကြံ့၊ ဆင်၊ ကျား၊ သမင်နှင့် အခြားမျိုးသုဉ်းရန် အန္တရာယ်ရှိသော ပင်လယ်ရေနေ သတ္တဝါများကဲ့သို့ မျိုးစိတ်များကို မျိုးသုဉ်းသတ်ဖြတ်ရန် တွန်းအားပေးနေသည့် နိုင်ငံဖြတ်ကျော် ရာဇဝတ်ဂိုဏ်းများသည် ကမ္ဘာတစ်ဝန်းရှိ ဒေသခံပြည်သူများ၏ လုံခြုံရေးနှင့် အသက်မွေးဝမ်းကျောင်းမှုကို ခြိမ်းခြောက်လျက်ရှိသည်။ နောက်ကွယ်တွင် အကြမ်းဖက်မှု၊ အကျင့်ပျက်ခြစားမှုနှင့် အခြားလူကုန်ကူးမှုပုံစံများနှင့် ဆက်နွှယ်နေသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရာဇဝတ်မှုများနှင့် တရားမဝင်တောရိုင်းတိရစ္ဆာန် ရောင်းဝယ်ဖောက်ကားမှုများသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ဘီလီယံ ၂၈၀ ကျော်တန်ဖိုးရှိကြောင်း၊ ယင်းနှင့် ဆက်စပ်သည့် နိုင်ငံဖြတ်ကျော် ရာဇဝတ်မှုများသည် ကမ္ဘာပေါ်တွင် တတိယမြောက် အများဆုံး ရာဇဝတ်အမှုအခင်းများဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ရဲတပ်ဖွဲ့ (အင်တာပိုလ်)က အောက်တိုဘာ ၄ ရက်တွင် ထုတ်ပြန်ထားသည်။

တောရိုင်းတိရစ္ဆာန်များ တရားမဝင်ကုန်သွယ်မှုကို ကာကွယ်ရာတွင် ဥပဒေများ ထုတ်ပြန် တားဆီးခြင်းနှင့်အတူ ယခု ကမ္ဘောဒီးယားနိုင်ငံက လုပ်ဆောင်နေသည့် "တောကောင်သားများ မရောင်းချရေး လှုပ်ရှားမှုကမ်ပိန်း" ကဲ့သို့ ပြည်သူလူထု အပါအဝင် စားသောက်ဆိုင်များကို အသိပညာပေးခြင်းများအား မိမိတို့နိုင်ငံတွင်လည်း မကြာခဏ လုပ်ဆောင်သင့်လှသည်။

### အနာဂတ် ကမ္ဘာတည်ဆောက်ရေး အဓိကအရေးပါလျက်ရှိ

ယနေ့ လူသားတို့သည် ရာသီဥတုပြောင်းလဲမှုနှင့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးလာမှုတို့၏ အရေးပေါ်အခြေအနေများနှင့် ရင်ဆိုင်နေရပြီး အနာဂတ်မျိုးဆက်များ၏ ကျန်းမာရေးကို ခြိမ်းခြောက်လျက်ရှိသည်။ ကျွန်ုပ်တို့၏ အနာဂတ်သည် ဇီဝမျိုးစုံမျိုးကွဲများနှင့် တည်ငြိမ်သော ရာသီဥတုအပေါ်တွင် အလေးအနက်ထား မှီခိုနေရသောကြောင့် ဇီဝမျိုးစုံမျိုးကွဲများ ကျဆင်းလာမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့နှင့် များစွာပတ်သက်ဆက်စပ်နေကြောင်း နားလည်ရန် အရေးကြီးပါသည်။ ဤသို့ ဆက်စပ်မှုများမှတစ်ဆင့် လူသားများနှင့် ဇီဝမျိုးစုံမျိုးကွဲများအကြား အပြုသဘောဆောင်သော၊ သာတူညီမျှသော၊ ရေရှည်တည်တံ့သော အနာဂတ်ကို တည်ဆောက်ခြင်းတို့သည် ကျွန်ုပ်တို့အနာဂတ်ကမ္ဘာ တည်ဆောက်ရေးအတွက် အဓိကအရေးပါလျက်ရှိသည်။ ထို့ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များ မပျက်သုဉ်းရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် ရှားပါးတောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံမျိုးကွဲများအား တရားမဝင်ခိုးယူခြင်း၊ သတ်ဖြတ်ခြင်း၊ စားသုံးခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများ မပြုကြဘဲ ကမ္ဘာ့ရှားပါး ဇီဝမျိုးစုံမျိုးကွဲများ ဆက်လက်ရှင်သန်ရေးနှင့် မျိုးဆက်မပျက်သုဉ်းစေရေးတို့အတွက် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါစို့။ ။

ကိုးကား –

Stepping up the global fight against wildlife crime through a united response

Cambodian officials, conservationists call for end to wildlife consumption

# သာလိကာငှက်အကြောင်း တစေ့တစောင်း

ငွေအိုး (ကသာ)

သာလိကာငှက်သည် စတာနီဒီမျိုးရင်းတွင်ပါဝင်ပြီး ပါဏဗေဒအလိုအားဖြင့် ဂရက်ကူးလာရိလီဂျီအိုစား အင်တာမီးဒီးယားဟုလည်း ခေါ်ဆိုကြသည်။ အလျားအားဖြင့် ၁၀ လက်မရှည်ပြီး ဦးခေါင်းဘေးနှစ်ဖက် အဝါနုရောင် နားရွက်ကပ်လျက် တစ်ကိုယ်လုံး အမွေးများမည်းနက်နေသည်။ တောင်ခြေကမ်းပါးယံရှိ ပင်မြင့်သစ်တောများတွင် ကျက်စားနေထိုင်တတ်သော ငှက်အမျိုးအစားဖြစ်သည်။ မြေကြီးပေါ်တွင် လမ်းလျှောက်ပါကလည်း အော်ဟစ်ကာ လျင်မြန်စွာပြေးလွှားရင်း အစားအစာကို ဝါးခြေခြင်းမရှိဘဲ မျိုချ၍ လျင်မြန်စွာ ရွေ့လျားစားသောက်တတ်သည်။ နေထိုင်ကျက်စားရာမှာလည်း အုပ်စုဖွဲ့၍ ပင်မြင့်ပေါ်တွင် နေထိုင်ကာ သစ်သီးများကို နှစ်သက်စွာ စားသောက်ကြသည်။

သာလိကာငှက်များသည် အများအားဖြင့် မြန်မာနိုင်ငံတွင် ရခိုင်တောင်တန်းနှင့် ပဲခူးရိုးမရှိ ကျွန်းတောများထဲတွင် နေထိုင်ကျက်စားမှုများ လျက်ရှိပြီး ကျွန်းပင်နည်းသော ဒေသများတွင် တွေ့မြင်ရမှု နည်းပါးလျက်ရှိသည်။ သာလိကာငှက်များ ပျော်ရွှင်မြူးတူး ကခုန်ကြသည်ကို တစ်ခါတစ်ရံမှာ တွေ့ကြုံမြင်ရပါကလည်း အလွန်စိတ်ကြည်နူးဖွယ်မြင်ကွင်းဖြစ်သည်။ ထူးခြားသည်မှာ အခြားသောငှက်များ၏ အသံ၊ လူတို့၏ သင်ပေးသောစကားအသံကို အတုခိုးအော်ခြင်း၊ ပြောဆိုခြင်းကို ပြုလုပ်လွယ်နိုင်ခြင်းဖြစ်သည်။ ဧပြီလနှင့် မေလအတွင်း များသောအားဖြင့် အုချလေ့ရှိပြီး အသိုက်ဟူ၍ ကျကျနနမလုပ်ဘဲ မြေကြီးနှင့် ၁၀ ပေမှ ပေ ၃၀ အကွာခန့် သစ်ပင်ပေါ်၌ သဘာဝအလျောက်ဖြစ်ပေါ်လျက်ရှိနေသော သစ်ခေါင်းပေါက်များထဲတွင် မြက်၊ သစ်ရွက်များကိုခင်း၍ အုချလေ့ရှိကြသည်။

သာလိကာငှက်အဖိုမှာ အနက်ရောင်နှင့် အဝါရောင်ပါး နားရွက်နှစ်ဖက်ရှိပြီး အမများမှာ နီညိုရောင်အပြောက်များ ပါရှိသည်။ သို့သော်လည်း မကြာမီအချိန်တွင် တဖြည်းဖြည်း အရောင်မှိန်၍ သွားသည်။ တစ်မြို့လျှင်ဥများမှာ နှစ်ဥမှ သုံးဥထက် ကျော်လွန်ပြီး အုလေ့မရှိပေ။ မြန်မာနိုင်ငံတွင် တောင်ခြေရှိ သစ်တောများတွင် အနှံ့အပြား နေထိုင်တတ်ကြပြီး မြင့်မားသော တောင်ပေါ်ဒေသများတွင် နေထိုင်မှုနည်းသည်။

ယခုအခါ သဘာဝပတ်ဝန်းကျင်ရှိ သားငှက်တိရစ္ဆာန်များမျိုးပွားမှုနှင့် ဂေဟစနစ်များ၊ လူ့ပယောဂများကြောင့် ပျက်စီးမှုများသဖြင့် သာလိကာငှက်များ မျိုးပွားနှုန်းကျဆင်းလာပြီး မြင်တွေ့ရမှု နည်းပါးလာလျက်ရှိကြောင်း ငှက်ကျွမ်းကျင်သူများက ဆိုသည်။



# မြန်မာ့ကျွန်းသစ်ပေါက်ရောက်ရာမူရင်းဒေသ ...

## ဇီဝမျိုးစုံမျိုးကွဲပေါကြွယ်ဝသော

## မြောက်ဇာမရီဘေးမဲ့တော ...



သိန်းညွန့်(PZL)

"မြောက်ဇာမရီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော…"

**ပဲခူးရိုးမတောင်တန်းကြီး၏ အလယ်ဗဟိုချက်မ….။ မြန်မာ့ကျွန်းသစ်ပေါက်ရောက်ရာ မူရင်းဒေသ။ ဂေဟစနစ်အဖုံဖုံနှင့် ဇီဝမျိုးစုံမျိုးကွဲများပေါကြွယ်ဝသည့်ရပ်ဝန်း ...။ ပဲခူးမြစ်၏ ရေဝေဒေသ၊ ကျောက်တံခါးမြို့နယ် ရဲနွယ်ဆည်နှင့် မင်းလှမြို့နယ်ရှိ မင်းလှဆည်တို့၏ အဓိကပင်မ ရေဝေဒေသ ...။**

ဧရိယာအကျယ်အဝန်းအားဖြင့် ၂၄၂၉၃၈ ဒသမ ၄၈ ဧက(၃၇၉ဒသမ၅၉ စတုရန်းမိုင်) ကျယ်ဝန်းသော "မြောက်ဇာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော" ကို သဘာဝပတ်ဝန်းကျင်နှင့် ဇီဝမျိုးစုံ မျိုးကွဲများ ထိန်းသိမ်းကာကွယ်နိုင်ရန်ရည်ရွယ်၍ ၂၀၁၄ ခုနှစ် မေလကပင် **"တောရိုင်းတိရစ္ဆာန် ဘေးမဲ့တော"**အဖြစ် သတ်မှတ် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

### ပေါင်းစပ်လွှမ်းခြုံ ဖွဲ့စည်းထား

ပဲခူးခရိုင် ပဲခူးမြို့နယ်နှင့် ညောင်လေးပင်ခရိုင် ကျောက်တံခါးမြို့နယ်၊ သာယာဝတီခရိုင် လက်ပံတန်း၊ မင်းလှ၊ အုတ်ဖိုနှင့် ကြို့ပင်ကောက်မြို့နယ်အတွင်း တည်ရှိသော အဆိုပါဘေးမဲ့တောအား မြောက်ဇာမရီ၊ တောင်ဇာမရီ၊ အိုင်ဒုံကွန်းနှင့် ရဲနွယ်ဟူသည့် ကြိုးဝိုင်းလေးခုတို့ကို ပေါင်းစပ်လွှမ်းခြုံဖွဲ့စည်းထားခြင်းဖြစ်သည်။

### ဇီဝမျိုးစုံမျိုးကွဲ ပေါများကြွယ်ဝ

အပူပိုင်းသစ်တောမျိုးစိတ်များနှင့် ဇီဝမျိုးစုံမျိုးကွဲပေါများကြွယ်ဝလှသော "မြောက်ဇာမရီ တောရိုင်းတိရစ္ဆာန်ဘေးမဲ့တော" သည် အထက်ရွက်ပြတ်ရောနှောတောစိုနှင့် တောခြောက်နှစ်မျိုးတို့ဖြန့်ကြက်ထားကြောင်း တွေ့ရှိရသည်။

ပဲခူးမြစ်ကမ်းတစ်လျှောက် တောင်ကုန်းတောင်တန်းများထူထပ်သော ယင်းဒေသသည် ပဲခူးမြစ်ကမ်း နံဘေးအပါအဝင် မြစ်ကမ်းတစ်လျှောက်မှအပ အခြားနေရာများသည် ပင်လယ်ရေမျက်နှာပြင်အထက် မီတာ ၄၂၀ ၌ တည်ရှိကြောင်း သိရှိမှတ်သားရသည်။

### မြန်မာ့ကျွန်းသစ်၏ မူရင်းဌာနေ

အဆိုပါနယ်မြေဒေသသည် မြန်မာ့ကျွန်းသစ်၏ မူရင်းဌာနေဖြစ်သည်သာမက ပျဉ်းကတိုး၊ ပိတောက်၊ အင်၊ ကညင်၊ ထောက်ကြံ့၊ ဒီဒူး၊ ဖန်ခါး၊ နဘဲ၊ မအူ၊ ယမနေ၊ မျောက်ငိုနှင့်နှော အစရှိသည့် အပူပိုင်းသစ်မျိုးစိတ် ၉၃ မျိုးတို့ ရှင်သန်ပေါက်ရောက်နေကြသော ဘေးမဲ့တောကြီးလည်း ဖြစ်ပေသည်။

ထို့ပြင် ဆင်၊ ပြောင်၊ စိုင်၊ ဆတ်၊ ကျားသစ်၊ အင်းကျား၊ တောဆိတ်၊ တောခွေး၊ ဂျီ၊ ဝက်ဝံ၊ ဖြူနှင့် မျောက်မျိုးစိတ် စသောနို့တိုက်သတ္တဝါမျိုးစိတ် ၂၅ မျိုး ကျင်လည်ကျက်စားလျက်ရှိသည့် တောကြီးဂနိုင်လည်း ဖြစ်ချေသည်။

### ရှားပါးငှက်များ ကျင်လည်ကျက်စား

ငှက်မျိုးစိတ်ပေါင်း ၁၂၆ မျိုး ပျော်စံကြရာ အဆိုပါဘေးမဲ့တောအတွင်း အောက်ချင်း၊ အောင်လောင်၊ သစ်တောက်ငှက်၊ သိမ်းငှက်တို့အပြင် ရှားပါးငှက်အမျိုးအစားဖြစ်သည့် ဒေါင်းစိမ်း (ဥဒေါင်း)ငှက်များ ကျင်လည်ကျက်စားသည်ကိုလည်း တွေ့ရှိရကြောင်း မှတ်တမ်းပြုစုထားချက်အရ သိရှိရပေသည်။

### မြန်မာ့ဂုဏ်ဆောင်ငှက်

ဒေါင်းစိမ်း(ခေါ်) ဥဒေါင်းငှက်သည် **"မြန်မာ့ဂုဏ်ဆောင်ငှက်"** အဖြစ် ရှေးမြန်မာဘုရင်များလက်ထက်ကတည်းကပင် **"အမျိုးသားရေးသင်္ကေတ"** လည်း ဖြစ်ခဲ့ပေသည်။ ရစ်မျိုးနွယ် ငှက်မျိုးစိတ်တစ်မျိုးဖြစ်သော ဥဒေါင်းငှက်၏ ကိုယ်နေဟန်ထားသည်ပင် အခြားငှက်မျိုးစိတ်များနှင့်မတူကွဲပြားကာ အလွန်လှပ၍ ပန်းရလှသည်။ မျိုးသုဉ်းလုနီးပါးဖြစ်နေသော ဥဒေါင်းငှက်သည် မြောက်ဇာမရီဘေးမဲ့တောအပြင် ရွှေစက်တော်ဘေးမဲ့တောနှင့် မြောက်ဦးတောများအတွင်း အကောင်ရေ ၂၀ မျှသာ ကျန်ရှိတော့ကြောင်း ၂၀၁၃ ခုနှစ်အတွင်း ငှက်စာရင်းကောက်သုတေသနပြုနေသူအချို့က ကွင်းဆင်းမှတ်တမ်းပြုစုနိုင်ခဲ့သည်။

**အဆိုပါနယ်မြေဒေသသည် မြန်မာ့ကျွန်းသစ်၏ မူရင်းဌာနေဖြစ်သည်သာမက ပျဉ်းကတိုး၊ ပိတောက်၊ အင်၊ ကညင်၊ ထောက်ကြံ့၊ ဒီဒူး၊ ဖန်ခါး၊ နဘဲ၊ မအူ၊ ယမနေ၊ မျောက်ငိုနှင့် နှော အစရှိသည့် အပူပိုင်းသစ်မျိုးစိတ် ၉၃ မျိုးတို့ ရှင်သန် ပေါက်ရောက် နေကြသော ဘေးမဲ့တောကြီးလည်းဖြစ်**

ဥဒေါင်းငှက်၏ထူးခြားသောလက္ခဏာတစ်ရပ်မှာ အလွန်ရှက်တတ်သောသဘာဝရှိခြင်းပင် ဖြစ်သည်။ ဒေါင်းစိမ်း (ခေါ်) ဥဒေါင်းငှက်သည် မြန်မာနိုင်ငံ၏ အမျိုးသားရေးအသွင်ဆောင်လျက်ရှိပေရာ သစ်တောဦးစီးဌာနက **"ငှက်ရတနာ ဥဒေါင်းမှာ၊ မြန်မာပြည်ရဲ့ ဂုဏ်ပုဒ်ပါ၊ ကမ္ဘာတည်သရွေ့ခိုင်မြဲဖို့၊ တို့များဝိုင်းဝန်းစို့"** ဟူသော ဆောင်ပုဒ်ဖြင့် ထိန်းသိမ်းကာကွယ်နှိုးဆော်ထားသည်။

### ရေရှည်တည်တံ့ရေး

သို့ဖြစ်သည်နှင့်အညီ သဘာဝအပင်များ ရှင်သန်ပေါက်ရောက်နေပြီး ကောင်းမွန်သော ဂေဟစနစ်များ အနာဂတ်ကာလတိုင် ရေရှည်တည်တံ့ရန်နှင့် သဘာဝသယံဇာတပစ္စည်းများ ဖြစ်တည်နေသော မြန်မာနိုင်ငံအလယ်ပိုင်း ပဲခူးရိုးမတစ်ကြောရှိ "မြောက်ဇာမရီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော" ကို ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုဖြင့်လည်းကောင်း၊ ရှားပါးဥဒေါင်းငှက်များအပါအဝင် အခြားသော တောရိုင်းတိရစ္ဆာန်များ ရေရှည်ရှင်သန်ရပ်တည်ရေးအတွက်လည်းကောင်း၊ သစ်တောဦးစီးဌာန၏ ရည်မှန်းချက်များ ပေါက်မြောက်အောင်မြင်ရေးအတွက်လည်းကောင်း ပေါင်းစည်းယှက်နွယ် ဝိုင်းဝန်းကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်သင့်ကြပါကြောင်း နှိုးဆော်သမှု ပြုလိုက်ရပါသတည်း ။ ။





# ပြည်တွင်းစက်သုံးဆီဖူလုံစေရေးအတွက် ပြည်ပမှ စက်သုံးဆီများကို စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်အညီ ပုံမှန်တင်သွင်းဆောင်ရွက်လျက်ရှိ

စက်သုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီအနေဖြင့် စက်သုံးဆီအမျိုးအစားအလိုက် ဖူလုံမှုရှိစေရေး စိစစ်တင်သွင်းဆောင်ရွက်လျက်ရှိရာ စက်သုံးဆီတင်သွင်းမှု အခြေအနေမှာ ရန်ကုန်တိုင်းဒေသကြီး သီလဝါဆိပ်ကမ်းရှိ Terminal များတွင် ရိုးရိုးဒီဇယ်ဆီ ၃ ဒသမ ၀၇ ဂါလန်သန်းနှင့် ပရီမီယံဒီဇယ်ဆီ ၃ ဒသမ ၀၇ ဂါလန်သန်း တင်ဆောင်လာသည့် MT Harmony One သင်္ဘောသည် ဆီချလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ဓာတ်ဆီ 92 Ron ၂ ဒသမ ၇၆ ဂါလန်သန်း၊ ဓာတ်ဆီ 95 Ron ၀ ဒသမ ၉၂ ဂါလန်သန်းနှင့် ရိုးရိုးဒီဇယ်ဆီ ၁ ဒသမ ၆၅ ဂါလန်သန်း တင်ဆောင်လာသည့် MT Yu Dong သင်္ဘော၊ ပရီမီယံဒီဇယ်ဆီ ၄ ဒသမ ၃၁ ဂါလန်သန်း တင်ဆောင်လာသည့် MT Beluga Pacific သင်္ဘောများသည် သက်ဆိုင်ရာ Terminal များသို့ ဆိုက်ကပ်၍ ဆီချလုပ်ငန်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ရန်ကုန်သီလဝါ ဆီလှောင်ကန်လက်ကျန်များ၊ စက်သုံးဆီအရောင်းဆိုင်များနှင့် ဖြန့်ဖြူးမှုလက်ကျန်အခြေအနေများအရ စက်သုံးဆီဖူလုံမှုရှိကြောင်း စိစစ်တွေ့ရှိရသည်။

စက်သုံးဆီဈေးနှုန်းများအနေဖြင့် ယခုရက်သတ္တပတ်တွင် အစိုးရရုံးပိတ်ရက်များ၌ ပြည်တွင်းခရီးသွားလာမှု များပြားခဲ့သဖြင့် စက်သုံးဆီသုံးစွဲမှု မြင့်တက်ခဲ့ပြီး ဈေးနှုန်းအနည်းငယ် မြင့်တက်ခဲ့ကြောင်း တွေ့ရှိရသည်။



## တနင်္သာရီတိုင်းဒေသကြီး၌ ရော်ဘာဈေးကောင်းရလျက်ရှိ

တနင်္သာရီတိုင်း ဒေသကြီးတွင် ရော်ဘာစိုက်ပျိုးသည့် ဧရိယာမှာ ၃၅၁၇၇၇ ဧက၊ အစေးလှီး ဧရိယာမှာ ၁၉၃၂၇၅ ဧက၊ အထွက်နှုန်းမှာ ၁၀၂ ဒသမ ၈၃ ပေါင်ရှိပြီး တစ်နှစ်စာ ပျမ်းမျှအထွက်တန်မှာ ၉၀၁၅ မက်ထရစ်တန်ရှိကြောင်း သိရသည်။ မှိုင်းခံရော်ဘာတွင် RSS-1၊ RSS-2၊ RSS-3၊ RSS-4၊ RSS-5 ဟူ၍ အဆင့်သတ်မှတ်ချက် ငါးမျိုးရှိရာ ယခုလက်ရှိ၌ တနင်္သာရီတိုင်းဒေသကြီး အတွင်း၌ RSS-3 နှင့် RSS-5 နှစ်မျိုးသာ အဓိက အရောင်းအဝယ်ဖြစ်လျက်ရှိသည်။



ယခင်နှစ်ထက် ယခုနှစ်မှာ ရော်ဘာဈေးကောင်းရလျက်ရှိပြီး ရော်ဘာဈေးနှုန်းမှာ RSS-3 တစ်ပေါင်လျှင် ငွေကျပ် ၁၃၇၀ ခန့်၊ RSS-5 တစ်ပေါင်လျှင် ငွေကျပ် ၁၂၇၀ ခန့် ဈေးနှုန်းရှိပြီး ယခင်နှစ် အလားတူကာလတွင် RSS-3 တစ်ပေါင်လျှင် ငွေကျပ် ၇၃၀ နှင့် RSS-5 တစ်ပေါင်လျှင် ငွေကျပ် ၆၃၀ ပေါက် ဈေးရှိကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်တွင် ရော်ဘာဈေးနှုန်း မြင့်တက်လာ၍ တောင်သူများ တွက်ခြေကိုက်လျက် ရှိသောကြောင့် ရော်ဘာအစေးခြစ်လုပ်ငန်းများ လုပ်ကိုင်လျက်ရှိပြီး အရောင်းအဝယ်မှာ ပုံမှန်ရှိ၍ ရော်ဘာကို ထားဝယ်မှ ရန်ကုန်သို့လည်းကောင်း၊ ထားဝယ်မှ မုဒုံသို့လည်းကောင်း တင်ပို့လျက်ရှိကြောင်း သတင်းရရှိသည်။

**DOCA(တနင်္သာရီ)**

## မြိတ်ဒေသအတွက် လိုအပ်လျက်ရှိသော ဒီဇယ်ဆီ တန် ၃၀၀ တင်သွင်း

၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်မှ ၃၀ ရက်အတွင်း အကောက်ခွန်သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံ သက်သေခံလက်မှတ် Form D အကျိုးခံစားခွင့်ဖြင့် ငါးမှုန့် ၄၉၅ တန်နှင့် ရော်ဘာ ၄၀၃ တန်ကျော် တင်ပို့နိုင်ကြောင်း သိရသည်။

မြိတ်ဒေသအတွက် လိုအပ်လျက်ရှိသော စက်သုံးဆီများကို တင်သွင်းလျက်ရှိရာ ယခုအပတ်တွင် ဒီဇယ်ဆီ တန် ၃၀၀ တင်သွင်းခဲ့ပြီး ဒေသတွင်း စက်သုံးဆီသုံးစွဲမှုအတွက် လုံလောက်ကြောင်း သိရှိရသည်။ ရေလုပ်ငန်းသုံးကုန်ပစ္စည်းများဖြစ်သည့် ငါးဖမ်းပိုက်ကွန်နှင့် ပလတ်စတစ်ရေစည် (MT Empty) ပစ္စည်းများ၊ ဆောက်လုပ်ရေးသုံးပစ္စည်းများ အနည်းငယ်နှင့် ပုစွန်စာ တန် ၆၀ တင်သွင်းခဲ့ကြောင်း သိရှိရပြီး ဒေသငွေလဲ နှုန်း ပေါက်ဈေးအနေဖြင့် ၁ ဘတ်လျှင် ၇၇ ဒသမ ၂၀ ကျပ်ဖြစ်ကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စားသောက်ကုန်ပစ္စည်းများ တင်ပို့ရန် GACC တွင် မှတ်ပုံတင်ရမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (General Administration of Customs of China-GACC) ၏ကြေညာချက်အမှတ် (၂၄၈) နှင့် (၂၄၉)တို့အရ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်၍ မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ စားသောက်ကုန် တင်ပို့မည့်/ တင်ပို့လျက်ရှိသည့် လုပ်ငန်းရှင်များအနေဖြင့် GACC တွင် မှတ်ပုံတင်ပြီးမှသာလျှင် တင်ပို့ခွင့်ရရှိမည် ဖြစ်သည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ တင်ပို့မည့် ကုန်စည်အမျိုးအစား လေးခုဖြစ်သည့် အသားနှင့် အသားထုတ်ကုန်များ၊ ရေထွက်ကုန်များ၊ နို့ထွက်ပစ္စည်းများ၊ ငှက်သိုက်နှင့် ဆက်စပ်ထုတ်ကုန်များနှင့် ကုန်စည်အမျိုးအစား ၁၄ ခုဖြစ်သည့် အစာသွတ်ရန် အသုံးပြုသည့် အပေါ်ခွံအစွပ်၊ ပျားရည်နှင့် ပျားထွက်ပစ္စည်း၊ ဥနှင့် ဥထုတ်ကုန်များ၊ စားသုံးဆီ၊ အပြင်အသားအား ဂျုံသားဖြင့် ပြုလုပ်ထားပြီး စားသုံးနိုင်သည့် သို့မဟုတ် အအေးခဲထားသည့် ထုတ်ကုန်များ၊ စားသုံးနိုင်သောအစေ့အဆန်များ၊ ကြိတ်ခွဲသီးနှံထွက်ကုန်များနှင့် မုယောစပါး၊ လတ်ဆတ်သော ဟင်းသီးဟင်းရွက်များ၊ ရေဓာတ်ထုတ်ထားသော ဟင်းသီးဟင်းရွက်များနှင့် ပဲခြောက်များ၊ အနံ့အရသာအတွက် အသုံးပြုသော ဟင်းခတ်အမွှေးအကြိုင်များ၊ အခွံမာသီးနှင့် အစေ့အဆန်များ၊ သစ်သီးခြောက်များ၊ မလှော်ထားသော ကော်ဖီနှင့် ကိုကိုးစေ့များ၊ အထူးအာဟာရအစားအသောက်များ၊ ကျန်းမာရေးဖြည့်စွက်စာများ စုစုပေါင်း ကုန်စည်အမျိုးအစား ၁၈ အုပ်စုတို့ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန် အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့တွင် မှတ်ပုံတင်ရမည်ဖြစ်သည်။

ကုန်စည်အုပ်စုအလိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့ (GACC) တွင် မှတ်ပုံတင်နိုင်ရေးအတွက် သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့များမှာ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့ ဖြစ်သည်။ အဆိုပါကုန်စည် အမျိုးအစား ၁၈ အုပ်စု၌ ပါဝင်ခြင်းမရှိသည့် ကုန်စည်များကို ထုတ်လုပ်/တင်ပို့မည့် လုပ်ငန်းများအနေဖြင့် တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက်အစီအစဉ်ဖြစ်သည့် https://cifer.singlewindow.cn သို့ ဝင်ရောက်၍ ကိုယ်တိုင် Account ဖွင့်လှစ်ကာ တိုက်ရိုက်လျှောက်ထားရမည် ဖြစ်သည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၂၈ ရက်အထိ ကုမ္ပဏီ/ စက်ရုံ ၁၀၈၀ ခုမှ ပေးပို့ထားသည့် စောင်ရေ စုစုပေါင်း ၁၉၆၂ စောင်အား မှတ်ပုံတင်ရန် လျှောက်ထားပြီးဖြစ်ရာ စိုက်ပျိုးရေး ဦးစီးဌာနမှ ကုမ္ပဏီ ၉၄၁ ခု၊ စောင်ရေ ၁၈၂၃ စောင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကုမ္ပဏီ/ စက်ရုံ ၁၁၈ ခု၊ စောင်ရေ ၁၁၈ စောင်၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ကုမ္ပဏီ ၁၂ ခု၊ စောင်ရေ ၁၂ စောင်နှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ကုမ္ပဏီ ကိုးခု၊ စောင်ရေ ကိုးစောင်ဖြစ်သည်။

အဆိုပါ မှတ်ပုံတင်ခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လယ်ယာစိုက်ပျိုးရေးထွက်ကုန်များ အပါအဝင် ကုန်စည်များအား တရားဝင်တင်သွင်းနိုင်ရန်အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့ (GACC) မှ မှတ်ပုံတင်ပေးပြီးဖြစ်သည့် လုပ်ငန်းများစာရင်းအား တရုတ်နိုင်ငံ၏ ပြတင်းတစ်ပေါက် အစီအစဉ် https://cifer-query.singlewindow.cn/ ၌ ဖော်ပြထားသည်။

**အေးသီရိမွန် (MYANTRADE)**

## လွယ်ဂျယ်နယ်စပ်မှ ငှက်ပျောနှင့် ရော်ဘာတင်ပို့

၂၀၂၂ ခုနှစ် အောက်တိုဘာ ၃၀ ရက် လွယ်ဂျယ်နယ်စပ်မှ ဆန် လေးစီး (တန်ချိန် ၁၁၄ ဒသမ ၀၀ တန်)၊ တစ်သျှူးငှက်ပျော ခြောက်စီး (တန်ချိန် ၉၆ ဒသမ ၀၀ တန်)၊ ရော်ဘာ ခုနစ်စီး (တန်ချိန် ၁၅၄ တန်) နှင့် နှမ်းညို လေးစီး (တန်ချိန် ၅၀ ဒသမ ၀၀ တန်) တင်ပို့နိုင်ခဲ့သည်။ တစ်ဖက်နိုင်ငံမှ ပီနံအိတ် တစ်စီး၊ ၁၃ ဒသမ ၅၀ တန် တင်သွင်းနိုင်ကြောင်း သိရသည်။

လွယ်ဂျယ်နယ်စပ်ဒေသ ငွေကြေးဈေးကွက်အနေဖြင့် ၁-၁၀-၂၀၂၂ ရက်တွင် ၁ ယွမ်လျှင် ၃၇၀ ဒသမ ၃၇ ကျပ် ဖြစ်ခဲ့ပြီး ၃၀-၁၀-၂၀၂၂ ရက်တွင် ၁ ယွမ်လျှင် ၄၁၆ ဒသမ ၆၇ ကျပ်ထိ မြန်မာကျပ်ငွေဈေး ပြန်လည်ကျဆင်းလာခဲ့ကြောင်း သတင်းရရှိသည်။

## မြန်မာနိုင်ငံမှ ကြက်သွန်နီ ဘင်္ဂလားဒေ့ရှ်တင်သွင်းမှုအားကောင်း

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ကြက်သွန်နီကို ပြည်ပမှ ဝယ်ယူတင်သွင်းမှု အများဆုံး နိုင်ငံတစ်ခုဖြစ်ပါသည်။ အဓိကတင်သွင်းသောနိုင်ငံများမှာ အိန္ဒိယ၊ တူကီယဲ၊ မြန်မာ၊ ပါကစ္စတန်၊ နယူးဇီလန်၊ အီဂျစ်နှင့် တရုတ်နိုင်ငံများ ဖြစ်ကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံမှ အများဆုံး တင်သွင်းပြီး မြန်မာနိုင်ငံမှ တင်သွင်းမှုမှာ တတိယနေရာတွင်ရှိသည်။ ၂၀၁၆ ခုနှစ်မှစ၍ ၂၀၂၁ ခုနှစ်အထိ ကြက်သွန်နီအား ပြည်ပနိုင်ငံများမှ တင်သွင်းမှုမှာ မြင့်သထက် မြင့်လာလျက်ရှိသည်။ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၅၈ ဒသမ ၁၁ သန်းဖိုးခန့် တင်သွင်းခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ပြည်ပမှ ကြက်သွန်နီ တင်သွင်းမှုမှာ နှစ်ဆကျော်ခန့်မြင့်လာပြီး အမေရိကန်ဒေါ်လာ ၁၅၉ ဒသမ ၃၀ သန်းအထိ တင်သွင်းခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ကြက်သွန်နီ တင်သွင်းမှုသည် နှစ်စဉ်မြင့်မားလျက်ရှိရာ မြန်မာနိုင်ငံမှ ပုံမှန်တင်ပို့နိုင်မည့် အလားအလာကောင်းသော ဈေးကွက်တစ်ခု ဖြစ်သည်။ အိန္ဒိယနိုင်ငံမှ တင်ပို့မှု လျော့နည်းနိုင်သောကာလ နှစ်စဉ်နှစ်တိုင်း စက်တင်ဘာ၊ အောက်တိုဘာနှင့် နိုဝင်ဘာလများတွင် မြန်မာနိုင်ငံမှ ကြက်သွန်နီများကို ပိုမိုတင်ပို့နိုင်မည်ဆိုပါက နိုင်ငံ့ဝင်ငွေ ပိုမိုတိုးတက်စေမည့် အခွင့်အရေးကောင်း တစ်ခုဖြစ်ကြောင်း သိရှိရသည်။

**ရင်းမြစ် - tridge.com**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁-၁၁-၂၀၂၂ အင်္ဂါနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော် (ခန္ဓသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ပြည်သူအားလုံးနှင့် သက်ဆိုင်သော အနာဂတ်ဒီမိုကရေစီ
- ၀၉:၄၅ Sports Diary
- ၁၀:၀၀ သတင်းထဲက သတင်း
- ၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ အတိုးမပေးတဲ့...ဒိုးလေး(အပိုင်း-၇)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း(အပိုင်း-၂၄)
- ၁၅:၀၀ မျိုးဝက်တင့်စေဆိုကရေးတီးအမွေ
- ၁၆:၃၅ ဝက်ယူဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ (မနားကို၊ အိုက်စိုးလင်း)
- ၁၇:၁၅ နိုင်ငံစီးပွားအလေးထား MSME လုပ်ငန်းများ
- ၁၇:၃၀ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူ့အကျိုးပြုတစ်လတာ (၂၀၂၂ခုနှစ်၊ အောက်တိုဘာလ)(ပထမပိုင်း)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၀၅ ရုပ်မြင်သံကြားဇာတ်လမ်း "အိမ်နီးချင်း"
- ၁၉:၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၃၂)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၄၀ ရုပ်မြင်သံကြားဇာတ်လမ်း "အရှယ်သုံးပါး" နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏ မေတ္တသုတ်၊ ရတနသုတ်၊ ဓဇဂ္ဂသုတ်၊ အန္တရာယ်ကင်းပရိတ်တရားတော်

**mitv**

- 07:01 Evergreen Classic: Shwin Lan Chan Myae Par Zay (Thae Nu Wah)
- 07:07 Colourful Lotus-Shaped Candles
- 07:15 Shan Traditional Festival
- 07:34 A Real Dream Of Accidental Gift
- 08:01 News
- 08:28 Development Momentum Of Sittway
- 08:47 A Historic Town: 9 Pagodas
- 09:01 Let's Explore Organic Farming
- 09:47 Dances of Myanmar: Enn Traditional Dance
- 09:51 Licuala Palm Leaf
- 10:01 News
- 10:51 Black Gold (Part-1)
- 11:01 Ecotourism: The Famous Zalon Mountain

**MRTV NRC**

**အရှေ့ပိုးကရင် (၀၆:၀၀ မှ ၀၇:၀၀)**
ငှက်ပျောသီးမုန့်

**ချင်း (လိုင်ဇိုး) (၀၇:၀၀ မှ ၀၈:၀၀)**
ချင်းဘာသာစကားပြောကြရအောင်(အပိုင်း-၃)

**ချင်း (ချိုး) (၀၈:၀၀ မှ ၀၉:၀၀)**
ကောက်ရိုးမှိုစိုက်ပျိုးခြင်း

**မွန် (၀၉:၀၀ မှ ၁၁:၀၀)**
ကျိုက္ကမီရေလယ်ဘုရားနှင့် စက်စဲကမ်းခြေသို့ အလည်တစ်ခေါက်

**ရခိုင် (၁၁:၀၀ မှ ၁၃:၀၀)**
ရခိုင်ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ရှမ်း (၁၃:၀၀ မှ ၁၅:၀၀)**
တို့ဓလေ့တို့သဘာဝ

**ဝ (၁၅:၀၀ မှ ၁၇:၀၀)**
ဟိုပန်မြို့သို့အလည်တစ်ခေါက်

**ကချင် (၁၇:၀၀ မှ ၁၉:၀၀)**
ဇိုင်ဝါးဘာသာစကားပြောကြရအောင်

**ကယား (၁၉:၀၀ မှ ၂၁:၀၀)**
သွားကိုက်ပျောက်စေတဲ့နည်း

**ပကြော်ကရင် (၂၁:၀၀ မှ ၂၂:၀၀)**
ဘွဲကရင်တိုင်းရင်းသားတို့ ထိန်းသိမ်းထားသောရိုးရာတူရိယာများ

**အနောက်ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀)**
ကရင်ရိုးရာဖိနပ်လုပ်ငန်း

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
- ၀၈:၄၅ "Economic Review" (Part-5)
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV Navtional News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို (လူခြင်းအတူတူ)
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၆
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ဂျာမနီနိုင်ငံ)
- ၁၁:၃၀ "အတွေးအမြင်" အပိုင်း-၆

**MRTV FARMERS'**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
- ၀၆:၄၅ လယ်ယာစီးပွားရေးလုပ်ငန်းရှင်အဖြစ် ကြိုးစားဖို့စိုက်ပျိုးရေးသိပ္ပံကျောင်းကို ရွေးချယ်စို
- ၀၇:၀၀ မြန်မာပြည်တောင်ဘက်ဖျားမှ သဘာဝအစွမ်းကမ်းဇော်ဆီ
- ၀၇:၅၀ "တောင်သူ့ဘဝ သုတကဏ္ဍ"
- ၀၈:၀၀ တစ်ပိုင်တစ်နိုင်စိုက်ခင်းများနှင့် ဘဝရှင်သန်ခြင်း
- ၀၉:၂၅ ကမ္ဘာ့အနံ့ခရီးဆက်တော့မည့် မြန်မာ့ထန်းလျက်၏ခြေလှမ်းသစ်
- ၀၉:၄၅ မျိုးကောင်းမျိုးသန့်ထုတ်လုပ်ရေး ပိုင်းဝန်းဆောင်ရွက်ပေး

**MRTV SPORTS**

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary/ Weekly MNL Review
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

Education Channel တို့ ဝေနေ့ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်၊

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal

# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ် ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၃၁**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **" KKO ခွဲထွက်အဖွဲ့နှင့် NUG၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက လူနေရပ်ကွက်များ၊ ဝန်ထမ်းအိမ်ရာများအား လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် အရပ်သားပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ ထိခိုက်ဒဏ်ရာရရှိခဲ့"** ခေါင်းစဉ်ဖြင့် ၄-၁၁-၂၀၂၂ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့နယ် မကျီးတုံကျေးရွာရှိ အခြေခံပညာ အလယ်တန်းကျောင်းခွဲအား PDF များမှ Drop Bomb များဖြင့် ဖြုတ်ချဖောက်ခွဲတိုက်ခိုက်ခဲ့သည့် ဖြစ်စဉ်"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

နိုဝင်ဘာ ၂၇ ရက်တွင် ကျင်းပမည့် မြန်မာ့အလင်းသတင်းစာ မြို့နယ်သတင်းထောက်များ လူမှုကူညီရေးအဖွဲ့ ပဥ္စမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲသို့ ကွယ်လွန်သူ သတင်းစာဆရာကြီး ဦးအေးဖေ (မုံရွာ-အေးဖေ) အား ရည်စူး၍ ဦးကျော်ကျော်အောင် (တိုင်းဦးစီးမှူး၊ တနင်္သာရီတိုင်းဒေသကြီး) ဇနီး ဒေါက်တာ ချိုချိုလွင် (ဆေးရုံအုပ်ကြီး-သန်လျင်) မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ အဖွဲ့ဒုတိယဥက္ကဋ္ဌ ဦးသန်းဝင်း (တညင်လေး) က လက်ခံရယူစဉ်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၁ - ၁၀ - ၂၀၂၂

**ရွှေ**

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၁၉၃၅၀၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၁၉၃၄၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၄၃ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၆၄၂ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

**စက်သုံးဆီ(လက်လီဈေးနှုန်းများ)**

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၆၉၀ ကျပ် | ၂၇၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၇၅ ကျပ် | ၂၈၂၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၀၀ ကျပ် | ၂၀၄၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၀၉၀ ကျပ် | ၂၁၃၅ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၈၅ . ၁ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၄၈၄ . ၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၅ . ၂၁၂ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၄၁၆ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၄၄ . ၁၆ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၈၇ . ၇၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၃၉၃ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၄၆ | ၁၃၅၇၈၀၀ |
| MTSH | ၃၄၀၀ | ၃၄၀၀ | ၇၁၃၆ | ၂၃၉၆၅၈၅၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၆ | ၄၆၂၀၀ |
| FPB | ၂၀၀၀၀ | ၁၉၅၀၀ | ၁၁၀၄ | ၂၁၅၉၉၀၀၀ |
| TMH | ၂၇၀၀ | ၀ | ၀ | ၀ |
| EFR | ၂၇၀၀ | ၂၇၀၀ | ၃၀၀ | ၈၁၀၀၀ |
| AHP | ၅၀၀၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# နိုင်ငံတော်က အသည်းအစားထိုးခွဲစိတ်ကုသမှုများ ပြန်လည်ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့၌ အသည်းအစားထိုး အလှူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက်က ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အေးထွန်းတက်ရောက်၍ ကျေးဇူးတင် ဂုဏ်ပြုစကားပြောကြားပြီး အခမ်းအနားသို့ အသည်းအစားထိုး ကုသမှုဆောင်ရွက်ခဲ့ကြသည့် ဘာသာရပ်ဆိုင်ရာ ပါမောက္ခများ၊ အငြိမ်းစား ဆေးပညာရှင်ကြီးများ၊ ကျင့်ဝတ်ကော်မတီအဖွဲ့ဝင်များ၊ အသည်းအစားထိုး ကုသမှုဆောင်ရွက်ခဲ့သည့် လူနာများနှင့် အလှူရှင်များ တက်ရောက်သည်။




အခမ်းအနားတွင် ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ၌ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ၂၀၀၄ ခုနှစ်တွင် ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီး၌ စတင်ဆောင်ရွက်ခဲ့ပြီး အရှေ့တောင်အာရှတွင် အသည်းအစားထိုး ခွဲစိတ်ကုသမှု ရှေးဦးဆောင်ရွက်နိုင်ခဲ့သည့်နိုင်ငံများတွင် ပါဝင်ပါကြောင်း၊ အသည်းအစားထိုး ခွဲစိတ်ကုသမှုများ ပိုမိုဆောင်ရွက်နိုင်စေရေးအတွက် လုပ်ငန်းအဖွဲ့များ စနစ်တကျဖွဲ့စည်းပြီး ပြည်ပမှ ဆေးပညာရှင်များ ဖိတ်ကြားကာ ပိုမိုတိုးတက်အောင် ဆောင်ရွက်ခဲ့ကြကြောင်း၊ ရန်ကုန်အထွေထွေရောဂါကု ဆေးရုံသစ်ကြီးနှင့် အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့တို့၌ အသည်းအစားထိုး ခွဲစိတ်ကုသမှု ၃၂ ကြိမ် ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း။ အဆိုပါ ၃၂ ကြိမ်အနက် ၃၁ ကြိမ်မှာ အသည်းအလှူရှင်များ၏ လှူဒါန်းမှုဖြစ်ပြီး ကျန်တစ်ကြိမ်မှာ ဦးနှောက်သေ (Brain Death) လူနာထံမှဖြစ်ပါကြောင်း။

အသည်း အစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ပေးခဲ့ကြသည့် ဆေးပညာရှင်များ၏ ကြိုးစားအားထုတ်မှုမှာ အဓိကကျသလို အသည်း အစားထိုးအလှူရှင်များ၏ မွန်မြတ်သော အလှူဒါနအတွက်လည်း အထူးကျေးဇူးတင်ဂုဏ်ယူပါကြောင်း၊ အသည်းအစားထိုး အလှူရှင်များအား ဂုဏ်ပြုပွဲကို ၂၀၁၇ ခုနှစ်၊ ၂၀၁၈ ခုနှစ်၊ ၂၀၁၉ ခုနှစ်တို့တွင် နှစ်စဉ်ကျင်းပခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အခြေအနေများကြောင့် ၂၀၂၂ ခုနှစ်မှ စတုတ္ထအကြိမ် ကျင်းပနိုင်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အသည်းအစားထိုး ခွဲစိတ်ကုသမှုများပြန်လည်ဆောင်ရွက်နိုင်ရေး ပံ့ပိုးပေးလျက်ရှိရာ ဆေးပညာရှင်များ အားလုံးလည်း ပူးပေါင်းဆောင်ရွက် ပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဆေးရုံအုပ်ကြီး၊ အထူးကုဆေးရုံကြီး (ခုတင်-၅၀၀) ရန်ကုန်မြို့က ကြိုဆိုနှုတ်ခွန်းဆက် စကားပြောကြားပြီး ပါမောက္ခ/ဌာနမှူး (အသည်းနှင့် သည်းခြေလမ်းကြောင်း ခွဲစိတ်)၊ ဆေးတက္ကသိုလ် (၂) ရန်ကုန်မြို့က အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသည်း အလှူရှင်တစ်ဦးက လှူဒါန်းရသည့် အကြောင်းနှင့် လှူဒါန်းပြီးနောက် ကျန်းမာရေး အခြေအနေကိုရှင်းလင်းပြောကြားပြီး အသည်းအစားထိုးလူနာတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ အသည်းအလှူရှင်များအား အမှတ်တရ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ ကလေးဆေးရုံကြီး-(ရန်ကုန်မြို့)၊ ဗဟိုအမျိုးသမီးဆေးရုံကြီး (ရန်ကုန်မြို့)နှင့် ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး - (ရန်ကုန်မြို့)တို့သို့ သွားရောက်၍ အရေးပေါ်နှင့် ပြင်ပလူနာဌာနများ၊ လူနာဆောင်များသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လူနာများအား တွေ့ဆုံကာ အားပေးစကား ပြောကြား၍ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများအား ဆေးရုံလုပ်ငန်းဆောင်ရွက်မှုများ တိုးတက်စေရေး မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ဝေဘာဂီအထူးကုဆေးရုံကြီးရှိ အသစ်တည်ဆောက်ပြီးစီးသည့် ခုတင်-၁၁၀ ဆံ့ ကုသဆောင်အသစ်သို့ သွားရောက်၍ အဆောက်အအုံကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ အဆောက်အအုံသစ် ဖွင့်လှစ်နိုင်မည့် အစီအစဉ်များကို ရန်ကုန်တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးနှင့် အထူးကု ဆရာဝန်ကြီးများ၊ အဆောက်အအုံ ဆောက်လုပ်လှူဒါန်းသော AW Foundation မှ တာဝန်ရှိသူများနှင့် တွေ့ဆုံညှိနှိုင်း ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၃၁**

ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**မိုး/ဇလ**

## အမျိုးသမီးများကို တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် အောက်တိုဘာ ၃၁**

အမျိုးသမီးများကို တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ် ရယူခဲ့သူအား လူကုန်ကူးမှုဖြင့် အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီ ချမှတ်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် အတွင်းပဒံရပ်ကွက်နေ အောင်ဇင်မင်း (ခ) အောင်ဇင်ဖြိုး (ခ) ကိုဖြိုးနှင့် ထန်းတပင်မြို့နယ် တူးချောင်းရွာနေ ရန်မျိုးအောင်(ခ) ငြိမ်းမောင် (ခ) အေးမောင်တို့က ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ကျောင်းကုန်းရပ်ကွက်နေ မ ---၊ (၂၃ နှစ်)၊ လှိုင်သာယာမြို့နယ် ချောင်းဦးလမ်းနေ မ ---၊ (၂၂ နှစ်) နှင့် ရွှေပြည်သာမြို့နယ် (၁၁) ရပ်ကွက်နေ မ ---၊ (၂၄ နှစ်)တို့အား တရုတ်ယောကျ်ားယူလျှင် ငွေကျပ်သိန်း ၃၀ ရမည်ဖြစ်ပြီး တစ်နှစ်စာချုပ်ဖြင့် တရုတ်ပြည်တွင် နေထိုင်ရမည်ဟု ပြောဆိုစည်းရုံး၍ တရုတ်ယောကျ်ားထံ ပို့ဆောင်ရောင်းစားကာ ငွေကြေးအကျိုးအမြတ်များရယူခဲ့သဖြင့် ပြည်ကြီးတံခွန်မြို့မရဲစခန်းက (ပ) ၅၃၃ /၂၀၂၀ လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄/၃၂ ဖြင့် အမှုရေးဖွင့်၍ မန္တလေးခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ အောက်တိုဘာ ၂၈ တွင် တရားခံ အောင်ဇင်မင်း (ခ) အောင်ဇင်ဖြိုး (ခ) ကိုဖြိုးနှင့် ရန်မျိုးအောင် (ခ) ငြိမ်းမောင် (ခ) အေးမောင်တို့အား လူကုန်ကူးမှု တားဆီးကာကွယ်ရေးဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် ၁၂ နှစ်စီ ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## တရားမဝင် သစ်မျိုးစုံ၊ စားသုံးဆီ၊ စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း၊ လုပ်ငန်းသုံးပစ္စည်း၊ ဓာတုကုန်ကြမ်းပစ္စည်းနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သဃ်န်းညီနောင်ကျေးရွာအနီးတွင် မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်နှစ်ကောင်တံဆိပ် စားသုံးဆီ လီတာ ၇၂၀ အပါအဝင် ကုန်စည် လေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈,၄၄၃,၂၀၀)နှင့် အဆိုပါကုန်စည်များ တင်ဆောင်လာသည့် တိုယိုတာဟိုက်အေ့အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃,၀၀၀,၀၀၀) ကိုလည်းကောင်း၊ မြဝတီမြို့နယ်အတွင်း၌ တရားမဝင် စားသုံးဆီ လီတာ ၈၆၄၀ နှင့် လစ်ပိုအချိုရည် ဖာ ၂၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄,၈၀၀,၀၀၀) ကိုလည်းကောင်း၊ မြဝတီကုန်သွယ်ရေးဇုန် (OSS) ၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် High Density Polyethylene ကီလိုဂရမ် ၆၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀,၀၈၀,၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆,၃၂၃,၂၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး) စုပေါင်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အောက်တိုဘာ ၃၀ ရက်တွင် မော်တော်ယာဉ်တစ်စီးပေါ်၌ တရားဝင် စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကြမ်းခင်းဖယောင်းပုဆိုး အလိပ် ၆၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁,၈၀၀,၀၀၀) ကိုလည်းကောင်း၊ အောက်တိုဘာ ၃၁ ရက်တွင် မြဝတီမြို့မှ ရန်ကုန်မြို့သို့ ထွက်ခွာလာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄,၀၅၄,၀၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် တိုယိုတာဟိုက်အေ့ အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅,၀၀၀,၀၀၀) ကိုလည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀,၈၅၄,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၃၁ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ထားဝယ်ခရိုင် ရေဖြူမြို့နယ် မလွှဲတောင် ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်မြို့ဘက်မှ မော်လမြိုင်မြို့ဘက်သို့ မောင်းနှင်လာသော မော်တော်ယာဉ် တစ်စီးပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ငါးဖမ်းလုပ်ငန်းသုံးပစ္စည်းများနှင့် အခြားလူသုံးကုန်ပစ္စည်းမျိုးစုံ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁,၄၉၆,၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် အောက်တိုဘာ ၃၁ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာန ဦးဆောင်သော ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်များအတွင်း တရားမဝင်ကျွန်းသစ်နှင့် သစ်မာ ၁၈ ဒသမ ၅၀၂၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၇,၄၈၁,၂၄၆)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၃၀ ရက်နှင့် ၃၁ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆,၁၅၄,၄၄၆) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

# ဟိုင်းကြီးကျွန်း၌ အအေးခန်းစက်ရုံကြောင့် အလုပ်အကိုင်များ ဖန်တီးပေးနိုင်

ပုသိမ် အောက်တိုဘာ ၃၁

**ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်အတူ အောက်တိုဘာ ၃၀ ရက်က ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့ ကံချိုင်ရွာ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သန်း ၇၀ ဒသမ ၁၇၅ သန်းဖြင့် ဆောင်ရွက်သည့် အာရ်စီတစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မြို့ပတ်ကွန်ကရစ်လမ်း သုံးမိုင်လေးဖာလုံပေါ်တွင် အမှတ်(၂) ရပ်ကွက်အနီး ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှု ဖြစ်ပေါ်လျက်ရှိသဖြင့် ကျောက်စီမြေထိန်းနံရံ ပြုလုပ်ဆောင်ရွက်ရန် လိုအပ်မှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် ရွှေဟိုင်းကြီး ငါး၊ ပုစွန် အအေးခန်း စက်ရုံ ကုမ္ပဏီလီမိတက်၏ အအေးခန်း စက်ရုံ လည်ပတ်နေမှုကိုလည်းကောင်း၊ စက်ရုံမှ ဝယ်ယူလျက်ရှိသည့် ငါး၊ ပုစွန် အမျိုးအစားများ၊ ရေခဲစက်မှ ရေခဲထုတ်လုပ်မှုနှင့် အေးခဲ ငါး၊ ပုစွန် ထုပ်ပိုးနေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ရာ စက်ရုံတာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြပြီး အဆိုပါစက်ရုံ၌ ဒေသခံပြည်သူ ၁၀၀ ကျော် အလုပ်အကိုင် အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ကျောင်းသား ကျောင်းသူများအား အချိန်ပိုသင်ကြားပို့ချပေးလျက်ရှိသည့် ဟိုင်းကြီးကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း (စံထူး-စံပြ-အဏ္ဏဝါ)နှင့် အခြေခံပညာအထက်တန်းကျောင်း(ဟိုင်းကြီး)သို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့ပြီး ကျောင်းသုံးဗလာစာအုပ်များနှင့် စာရေးကိရိယာများ ထောက်ပံ့ပေးအပ်ခဲ့သည်။



ထို့နောက် အခြေခံပညာအထက်တန်းကျောင်း (ဟိုင်းကြီး) မြကျွန်းသာယာခန်းမ၌ မြို့အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံခဲ့ပြီး ဌာနအလိုက် လုပ်ငန်းဆောင်ရွက်ချက်များ တင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး**
**(ပြန်/ဆက်)**

# သာယာဝတီမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်း တစ်ဧကလျှင် အစို ၁၀၂ တင်းနှုန်းထွက်ရှိ



**သာယာဝတီ အောက်တိုဘာ ၃၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ် ကျွန်းကုန်းကျေးရွာအုပ်စု ချောင်းသုံးခွ (အောက်) ကျေးရွာ ကွင်း အမှတ် (၁၂၀၀) ဦးပိုင်အမှတ် (၆၀) တောင်သူ ဦးထွန်းထွန်းဦး၏ ဆင်းသုခ မိုးစပါးစိုက်ခင်း ၁၀ ဧက၌ စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစံကွက် ရိတ်သိမ်းပွဲကို အောက်တိုဘာ ၃၀ ရက်က ကျင်းပသည်။

အဆိုပါ စံကွက်ရိတ်သိမ်းပွဲကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးစိုင်းသန်းအောင်၊ တိုင်းဒေသကြီး လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးအောင်သန်းလွင်၊ တိုင်းဒေသကြီး အဆင့်ဌာနဆိုင်ရာများ၊ သာယာဝတီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းဝင်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး၊ ခရိုင်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဆန်းဟို၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။ အဆိုပါ စံကွက်ရိတ်သိမ်းရာတွင် ဆင်းသုခ တစ်ဧကလျှင် အစို ၁၀၂ တင်းနှုန်းနှင့် အခြောက်တင်းအနေဖြင့် တင်း ၉၅ ဒသမ ၇၀ နှုန်း ထွက်ရှိကြောင်း သိရသည်။ **သန့်ဇော် (ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၉၃၅ | ၁၉၈၅ | ၁၉၇၅ | ၁၉၄၅ | ၁၉၈၀ | ၂၀၀၅ | ၁၉၉၀ | ၁၉၇၀ | ၂၀၆၀ | ၂၀၇၅ | ၁၉၇၅ | ၁၉၈၅ | ၂၀၂၀ | ၂၀၂၀ | ၂၀၂၀ | ၂၂၄၀ | ၂၇၇၀ |
| 95 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၇၀ | ၂၀၃၀ | ၂၀၇၀ | ၂၀၉၀ | ၂၀၇၅ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၀ | ၂၀၈၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၂၅ | ၂၈၅၀ |
| HSD (500 ppm) | ၂၆၇၅ | ၂၇၂၅ | ၂၇၂၀ | ၂၆၈၅ | ၂၇၂၅ | ၂၇၄၅ | ၂၇၄၅ | ၂၇၁၀ | ၂၈၂၅ | ၂၈၂၀ | ၂၇၁၅ | ၂၇၂၅ | ၂၇၆၀ | ၂၇၆၀ | ၂၇၆၅ | ၂၉၈၅ | ၃၄၉၅ |
| HSD (50 ppm) | ၂၇၅၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၀ | ၂၈၀၀ | ၂၈၂၀ | ၂၈၁၅ | ၂၇၈၅ | ၂၉၀၀ | ၂၈၉၅ | ၂၇၉၀ | ၂၈၀၀ | ၂၈၃၅ | ၂၈၃၅ | ၂၈၃၅ | ၃၀၅၅ | ၃၅၂၀ |
| HSD (10 ppm) | ၂၇၅၅ | ၂၈၀၀ | ၂၇၉၅ | ၂၇၆၀ | ၂၈၀၀ | ၂၈၂၀ | ၂၈၁၅ | ၂၇၈၅ | ၂၉၀၀ | ၂၈၉၅ | ၂၇၉၀ | ၂၈၀၀ | ၂၈၃၅ | ၂၈၃၅ | ၂၈၃၅ | ၃၀၅၅ | ၃၅၂၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၈၄၀ | ၁၉၁၁ |
| 95 Ron | ၁၉၂၅ | ၁၉၉၇ |
| HSD (500 ppm) | ၂၅၆၁ | ၂၆၄၂ |
| HSD (50 ppm) | ၂၆၃၃ | ၂၇၁၅ |
| HSD (10 ppm) | ၂၆၃၃ | ၂၇၁၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# မြန်မာ့ဆန်စပါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရမှ ဆောင်ရွက်ပေးမှုများ

................ မောင်စားသုံး ................

*(ယမန်နေ့မှအဆက်)*

**ပြည်ပနိုင်ငံများသို့ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ တင်ပို့ရာတွင် ဈေးနှုန်းရရှိမှု**

ဆန်နှင့် ဆန်ထွက်ပစ္စည်းများကို ပြည်ပသို့တင်ပို့ရာတွင် နိုင်ငံတကာသတ်မှတ်အရည်အသွေးများနှင့် ပြည့်စုံမှုအားနည်း၍ ကမ္ဘာသို့ ဆန်နှင့် ဆန်ထွက်ပစ္စည်း အဓိကတင်ပို့သည့် ဒေသတွင်းနိုင်ငံအချို့နှင့် နှိုင်းယှဉ်ပါက ဈေးကောင်းမရဖြစ်နေသည်ကို တွေ့ရှိရပါသည်။ White Rice (5%) ချင်း တူပါလျက် ဗီယက်နမ်ဆန်က တစ်တန်လျှင် ၄၃၂ ဒေါ်လာ၊ ထိုင်းဆန်က ၄၃၅ ဒေါ်လာ၊ မြန်မာဆန်က ၃၉၅ ဒေါ်လာ၊ အိန္ဒိယဆန်က ၃၈၇ ဒေါ်လာ၊ ပါကစ္စတန်ဆန်က ၃၈၇ ဒေါ်လာ ရရှိခြင်း၊ White Rice (25%) ချင်း တူပါလျက် ဗီယက်နမ်ဆန်က ၄၁၂ ဒေါ်လာ၊ ထိုင်းဆန်က ၄၂၃ ဒေါ်လာ၊ မြန်မာဆန်က ၃၇၅ ဒေါ်လာ၊ အိန္ဒိယဆန်က ၃၇၇ ဒေါ်လာ၊ ပါကစ္စတန်ဆန်က ဒေါ်လာ ၄၇၀ ရရှိခြင်း၊ Broken Rice (100%) ချင်း တူပါလျက် တစ်တန်လျှင် ထိုင်းဆန်က ၄၄၉ ဒေါ်လာ ရရှိသော်လည်း၊ မြန်မာဆန်က ဒေါ်လာ ၃၇၀ သာ ရရှိခြင်းတို့ ဖြစ်သည်။ Parboiled(5%) Broken တွင်မူ တစ်တန်လျှင် အိန္ဒိယဆန်က ၃၈၂ ဒေါ်လာ၊ ပါကစ္စတန်ဆန်က ၄၂၄ ဒေါ်လာသာ ရရှိခဲ့သော်လည်း မြန်မာနိုင်ငံမှ ၄၆၅ ဒေါ်လာ ရရှိခဲ့ပါသည်။

မြန်မာနိုင်ငံမှ ပြည်ပသို့တင်ပို့သော ဆန်အမျိုးအစားများအနက် ၈၀ ရာခိုင်နှုန်း ကျော်ပမာဏသည် ၂၅ မှတ်ဆန်များသာဖြစ်သည်။ ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် တစ်သန်းကျော် တင်ပို့ရောင်းချပြီးနောက်ပိုင်း ဆန်အရည်အသွေးများ ညံ့ဖျင်းလာသောကြောင့် ဆန်ဝယ်လိုအား ကျဆင်းလာခဲ့ပါသည်။ ထိုင်း၊ ဗီယက်နမ်၊ အိန္ဒိယနိုင်ငံများမှ ပြည်ပတင်ပို့သော ၂၅ မှတ်ဆန်များနှင့် နှိုင်းယှဉ်ရာတွင် စက်ကြိတ်ခွဲမှု အဆင့်နိမ့်ခြင်း၊ ဆန်အရောင်အသွေးညံ့ခြင်း၊ ဆန်အတိုအရှည်မညီခြင်း၊ ချက်ပြုတ်စားသုံးရာတွင် အရသာပြောင်းလဲမှုများရှိခြင်းကြောင့် ပြည်ပတွင် မြန်မာ့ဆန်ကို လူကြိုက်နည်းခဲ့ရသည်။

ထို့ကြောင့် ၂၀၀၂-၂၀၀၃ ဘဏ္ဍာနှစ်တွင် မြန်မာ့ဆန် ပြည်ပဈေးကွက်ရရှိရေးအတွက် အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်း၍ ဆန်အရည်အသွေးနှင့် စက်ကြိတ်အဆင့်မြှင့်တင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ခဲ့သဖြင့် ပြည်ပသို့ ဆန်တန်ချိန် တစ်သန်းကျော် ပြန်လည်တင်ပို့နိုင်ခဲ့ပါသည်။

**မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပို့ကုန် မဟာဗျူဟာ ရေးဆွဲထားရှိခြင်း**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် မြန်မာ့ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ပို့ကုန်မြှင့်တင်ရေးမူဝါဒ၏ အဓိကအခန်းကဏ္ဍအဖြစ် အမျိုးသားပို့ကုန် မဟာဗျူဟာ (National Export Strategy – NES) ကို ၂၀၁၃ ခုနှစ်တွင် ရေးဆွဲခဲ့ပြီး အမျိုးသားပို့ကုန် မဟာဗျူဟာ ၂၀၂၀-၂၀၂၅ တွင် ဦးစားပေးကဏ္ဍ ၁၃ ခုနှင့် ကုန်သွယ်မှုအထောက်အကူပြုကဏ္ဍ ငါးခုကို ရွေးချယ်ရာ၌ ဆန်နှင့် ဆန်ထွက်ပစ္စည်းကဏ္ဍကိုပါ ထည့်သွင်းဆောင်ရွက်လျက်ရှိသည်။

ဈေးကွက်ချဲ့ထွင်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး အဓိကအနေဖြင့် တရုတ်နိုင်ငံဈေးကွက်သို့ တင်ပို့နိုင်ခဲ့ပါသည်။ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် ဆန်နှင့် ဆန်ထွက်ပစ္စည်း အမြင့်ဆုံးပို့ကုန်စံချိန်သို့ ရောက်ရှိခဲ့ပြီး မက်ထရစ်တန် ၃ ဒသမ ၅၉ သန်း တင်ပို့နိုင်ခဲ့သည်။ မဟာဗျူဟာဦးတည်ချက်များအနေဖြင့် အရည်အသွေးမြင့်ဆန် ထုတ်လုပ်မှုနှင့် ဆန်အထွက်နှုန်းမြှင့်တင်ရန်၊ ရိတ်သိမ်းချိန်လွန် အခြေခံအဆောက်အအုံများကို အဆင့်မြှင့်တင်ရန်နှင့် အရည်အသွေး စမ်းသပ်စစ်ဆေးသည့် ဝန်ဆောင်မှုလုပ်ငန်းများ တိုးတက်လာစေရန်၊ ပို့ကုန်တိုးမြှင့်တင်ပို့ခြင်း၊ ဈေးကွက်ဆိုင်ရာ သိရှိနားလည်ခြင်းများမှတစ်ဆင့် ဈေးကွက်ဝင်ရောက်နိုင်မှု တိုးတက်လာစေရန်တို့ ဖြစ်သည်။

**ကန်ထရိုက်လယ်ယာစနစ် ထူထောင်ပေးခြင်း**

တောင်သူလယ်သမား အခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေနှင့်အညီ ကန်ထရိုက်လယ်ယာစနစ် ဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ၃၀-၁-၂၀၂၀ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၆/၂၀၂၀) ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။ ကုန်သည်နှင့် တောင်သူကြားတွင် အခြေခံသဘောတူစာချုပ်ဖြင့် ပူးပေါင်း၍ ဆန်စပါးများ ထုတ်လုပ်ရောင်းဝယ်ခြင်းဖြစ်သည့် ကန်ထရိုက်လယ်ယာစနစ်ကို ပုဂ္ဂလိကနှင့် တောင်သူများပူးပေါင်း၍ ဆောင်ရွက်နိုင်စေရန် ထူထောင်ပေးခြင်းဖြစ်သည်။ ဆန်စပါး ရောင်းဝယ်မှုကို လွတ်လပ်စွာဖြင့် ဆောင်ရွက်စေခြင်းပင် ဖြစ်ပါသည်။

ဆန်စပါး ဝယ်ယူမည့်သူက လိုအပ်သည့် ပမာဏ၊ အရည်အသွေး၊ မည်သည့်မျိုး၊ မည်သည့်စနစ်ဖြင့် စိုက်ရမည်စသည်တို့ကို သတ်မှတ်ထားတတ်ပြီး မျိုးနှင့်သွင်းအားစုများကို ဈေးနှုန်းသင့်၍ ကြိုတင်ထုတ်ပေးခြင်းဖြစ်ကာ တောင်သူများက လိုအပ်သည့် စိုက်ပျိုးစရိတ်များ၊ သွင်းအားစုများ၊ နည်းပညာ အထောက်အပံ့များရရှိပါသည်။ နှစ်ဦးနှစ်ဖက် ကောင်းမွန်သည့်စနစ်ဖြစ်ပြီး ဆန်စပါးပေါ်ချိန် ဈေးကျသည့်ဒဏ်ကို တောင်သူများ မခံစားရသလို ဝယ်ယူသူဘက်တွင်လည်း အရည်အသွေးကောင်းမွန်သည့် ဆန်စပါးများကို ရရှိနိုင်၍ဖြစ်သည်။ ဤစနစ်သည် အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင် အောင်မြင်နေသည့် စနစ်တစ်ခုဖြစ်သည်။

**ပြည်တွင်းစားနပ်ရိက္ခာဖူလုံရေးနှင့် တောင်သူလယ်သမားအကျိုးစီးပွား မြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးခြင်း**

နိုင်ငံတော်အတွင်းအရေးပေါ်အခြေအနေများ ပေါ်ပေါက်ပါက စားနပ်ရိက္ခာများဖူလုံစေရေးအတွက် နိုင်ငံတော် အရန်ဆန်ထားရှိရေး ကြီးကြပ်မှုကော်မတီကို ၂၅-၁-၂၀၁၂ ရက်နေ့တွင် ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၂ -၂၀၁၃ ဘဏ္ဍာနှစ်တွင် အရန်ဆန်တန်ချိန် ၅၀၄၁၅ ဒသမ ၂၂ တန် ဝယ်ယူထားရှိရန် နိုင်ငံတော်က ကျပ် ၁၀ ဘီလီယံ၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကျပ် ၃ ဒသမ ၅၃ ဘီလီယံ၊ ဗဟိုသမဝါယမအသင်းမှ ကျပ် တစ်ဘီလီယံ စုစုပေါင်း ၁၄ ဒသမ ၅၃ ဘီလီယံ ရယူ၍ ဝယ်ယူခဲ့ပါသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ရန်ပုံငွေမှ ကျပ် ၂၂ ဒသမ ၂၁၁ ဘီလီယံ သုံးစွဲ၍ အရေးပေါ်ရိက္ခာဆန် ၅၀၃၇၄ ဒသမ ၉၅၁ တန် ဝယ်ယူခဲ့ပါသည်။

ထို့ပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း နိုင်ငံတော်က စပါးတင်း ၁၀၀ လျှင် ရည်ညွှန်းဈေး ကျပ်ငါးသိန်း သတ်မှတ်ထားသော်လည်း သတ်မှတ်ရည်ညွှန်းဈေးအောက်ရောက်လျက်ရှိသဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွား မထိခိုက်စေရေးအတွက် နိုင်ငံတော်ရန်ပုံငွေမှ ကျပ် ၆ ဒသမ ၈၁၅ ဘီလီယံဖြင့် စပါးတင်း ၁၂၉၅၀၀၀ ဝယ်ယူခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင်လည်း နိုင်ငံတော်က စပါးတင်း ၁၀၀ လျှင် ရည်ညွှန်းဈေး ကျပ် ၅ ဒသမ ၂ သိန်း သတ်မှတ်ထားသော်လည်း ရည်ညွှန်းဈေးအောက် ရောက်ရှိနေသဖြင့် တောင်သူလယ်သမားများ၏ အကျိုးစီးပွားများ ထိခိုက်မှုမရှိစေရေးအတွက် နိုင်ငံတော်ရန်ပုံငွေမှ ကျပ် ၁ ဒသမ ၅၃၃ ဘီလီယံဖြင့် စပါးတင်း ၂၈၁၂၅၀ ဝယ်ယူခဲ့သည်။ ဆန်စပါးလုပ်ငန်းများအပေါ်အခြေခံ၍ ပြည်တွင်းရိက္ခာဖူလုံရေးသာမက တောင်သူများ၏ အကျိုးစီးပွားများ မထိခိုက်စေရေးအတွက်ပါ အဘက်ဘက်မှ တွက်ချက်စဉ်းစား၍ ဆောင်ရွက်ခဲ့ပါသည်။ ယနေ့ထိတိုင် ဆောင်ရွက်နေဆဲဖြစ်ပါသည်။

> “ဆန်စပါးဝယ်ယူမည့်သူက လိုအပ်သည့်ပမာဏ၊ အရည်အသွေး၊ မည်သည့်မျိုး၊ မည်သည့်စနစ်ဖြင့် စိုက်ရမည် စသည်တို့ကို သတ်မှတ်ထားတတ်ပြီး မျိုးနှင့် သွင်းအားစုများကို ဈေးနှုန်းသင့်၍ ကြိုတင်ထုတ်ပေးခြင်းဖြစ်ကာ တောင်သူများက လိုအပ်သည့် စိုက်ပျိုးစရိတ်များ၊ သွင်းအားစုများ၊ နည်းပညာ အထောက်အပံ့များ ရရှိပါသည်။ နှစ်ဦးနှစ်ဖက် ကောင်းမွန်သည့် စနစ်ဖြစ်ပြီး ဆန်စပါးပေါ်ချိန် ဈေးကျသည့်ဒဏ်ကို တောင်သူများ မခံစားရသလို ဝယ်ယူသူဘက်တွင်လည်း အရည်အသွေးကောင်းမွန်သည့် ဆန်စပါးများကို ရရှိနိုင်၍ဖြစ်သည်။ ဤစနစ်သည် အိန္ဒိယ၊ တရုတ်နှင့် ထိုင်းနိုင်ငံတို့တွင် အောင်မြင်နေသည့် စနစ်တစ်ခုဖြစ်”

**အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးရေးအတွက် ကူညီပံ့ပိုးခြင်း**

နိုင်ငံတော်အစိုးရအဆက်ဆက်သည် ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆန်စက်များ၊ ကြိတ်ဖွပ်ရောနှောစက်ရုံများ၊ ဖွဲနုဆီသန့်စက်ရုံများ၊ သိုလှောင်ရုံများ၊ ဆန်စက်အပိုပစ္စည်းစက်ရုံများ၊ စက်ပြင်အလုပ်ရုံများ၊ ရေဆင်းတံတားများ၊ ကုန်ရထားတွဲကြီးများကို တည်ဆောက်ခြင်း၊ မွမ်းမံအဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်ပေးနိုင်ရေးနှင့် ဝန်ထမ်းလေ့ကျင့်ရေးဌာန၊ သင်တန်းအထောက်အကူပြုပစ္စည်းများ ရရှိရေးတို့အတွက် ၁၉၇၅-၁၉၇၆ ဘဏ္ဍာနှစ်မှ ၁၉၈၁-၁၉၈၂ ဘဏ္ဍာနှစ်အထိ ADB ပထမအကြိမ်ချေးငွေ အမေရိကန်ဒေါ်လာ ၆ ဒသမ ၅ သန်း၊ ၁၉၇၉မှ ၁၉၈၈ ခုနှစ်အထိ ADB ဒုတိယအကြိမ်ချေးငွေ အမေရိကန်ဒေါ်လာ ၁၇ သန်း၊ ၁၉၈၁-၁၉၈၈ ခုနှစ်အထိ ADB ဒုတိယအကြိမ်ချေးငွေ အမေရိကန်ဒေါ်လာ ၁၆ သန်း၊ ၁၉၈၂ ခုနှစ်တွင် OECF ပထမချေးငွေ (BP-14) တရုတ်ယွမ် ၄၁၂၂ သန်း၊ ၁၉၈၂ ခုနှစ်တွင်ပင် OECF ပထမချေးငွေ (BP-28) တရုတ်ယွမ် ၃၀၈ ဒသမ ၉၉ သန်း၊ ၁၉၈၁ မှ ၁၉၈၆ ခုနှစ်အထိ IDA ပထမချေးငွေ အမေရိကန်ဒေါ်လာ ၂၃ သန်း၊ ၁၉၈၆-၁၉၈၇ ဘဏ္ဍာနှစ်မှ ၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်အထိ IDA ဒုတိယချေးငွေ အမေရိကန်ဒေါ်လာ ၃ ဒသမ ၉၅ သန်းရရှိရေးအတွက် ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ပြီးဖြစ်သည်။ ဆက်လက်၍လည်း မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးနေဆဲဖြစ်ပါသည်။

**အောင်မြင်မှုများနှင့် အကျိုးကျေးဇူးများ**

နိုင်ငံတော်က ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မှန်ကန်ထိရောက်သည့် မူဝါဒများချမှတ်ပေးနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များ၊ တောင်သူလယ်သမားများက လိုက်နာအကောင်အထည်ဖော် ဆောင်ရွက်ခြင်းများကြောင့် ပုဂ္ဂလိကအသင်းအဖွဲ့များ၏ ဦးဆောင်စီမံခန့်ခွဲမှုစွမ်းရည်များ တိုးတက်လာခြင်း၊ တောင်သူလယ်သမားများ ထုတ်လုပ်နိုင်စွမ်းမြင့်မားလာခြင်း၊ ပြည်ပဆန်ဈေးကွက်တွင် မြန်မာ့ဆန်နှင့် ဆန်ထွက်ပစ္စည်းများ ဈေးကွက်နှိုင်းယှဉ်နိုင်စွမ်း တိုးတက်လာခြင်း၊ အကျိုးတူလယ်ယာစနစ်ဆောင်ရွက်ရန် လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းနိုင်ခြင်း၊ တရုတ်နိုင်ငံ GACC နှင့် ဆန်တင်ပို့နိုင်ရေး MoU ရေးထိုးနိုင်ခဲ့ခြင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ဆန်ဖြူ ၂ ဒသမ ၅သိန်း၊ ပေါင်းဆန် ငါးသိန်း နှစ်စဉ်တင်ပို့ရန် ၂၀၁၇ ခုနှစ်မှ ၂၀၂၇ ခုနှစ်အထိ (ငါးနှစ်တစ်ကြိမ်) MoU ရေးထိုးနိုင်ခဲ့ခြင်း၊ စီးပွားရေးသံမှူးများ စေလွှတ်နိုင်ခဲ့ခြင်းကြောင့် ပြည်ပဆန်ဈေးကွက်အခြေအနေများကို သိရှိနိုင်ခြင်းစသည့် အောင်မြင်မှုများနှင့် အကျိုးကျေးဇူးများကို ရရှိခဲ့သည်။

သို့ဖြစ်၍ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရက ခေတ်ကာလအခြေအနေများနှင့်ကိုက်ညီသော အဖွဲ့အစည်းများ ပြောင်းလဲဖွဲ့စည်းပေးနိုင်ခဲ့ခြင်း၊ ဒေသတွင်းနိုင်ငံများ၏ ဆန်စပါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုများကို မျက်ခြည်မပြတ်စောင့်ကြည့်၍ မြန်မာနိုင်ငံနှင့်သင့်တော်သည့် ဥပဒေ၊ မူဝါဒများချမှတ်ကာ ထိန်းကျောင်းဆောင်ရွက်ခြင်း၊ ပြည်တွင်း ပြည်ပသို့ တင်ပို့ရောင်းချသည်အထိ ပါဝင်နေသူများဖြင့် Supply Chain Mechanism တစ်ရပ် ထူထောင်ပေးခြင်း၊ မြန်မာ့ဆန်စပါး စံချိန်စံညွှန်းသတ်မှတ်ချက်များ ဆောင်ရွက်ပေးခြင်းနှင့် မြန်မာ့ခေတ်မီဆန်စက်များ တိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်ပေးခြင်း၊ ကန်ထရိုက်လယ်ယာစနစ် ထူထောင်ပေးခြင်း၊ မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပို့ကုန် မဟာဗျူဟာများ ရေးဆွဲထားရှိခြင်းများ ဆောင်ရွက်ပေးနေသည့်အပြင် ပြည်တွင်းရိက္ခာဖူလုံရေးနှင့် တောင်သူလယ်သမား အကျိုးစီးပွားမြှင့်တင်ရေးများအတွက်ပါ ကြိုတင်တွက်ချက်မျှော်တွေးကာ ဆောင်ရွက်ပေးနေ၍လည်းကောင်း၊ အစိုးရက ဈေးကွက်ချိတ်ဆက်၍ ပြည်ပသို့ ဆန်နှင့် ဆန်ထွက်ပစ္စည်းများ တင်ပို့နိုင်ရေးအတွက် အားပေးကူညီဆောင်ရွက်ပေးခြင်း အစိုးရ၊ ပုဂ္ဂလိက၊ တောင်သူလယ်သမားများက ဟန်ချက်ညီညီ ဆောင်ရွက်သဖြင့် လည်းကောင်း မကြာသော ကာလတစ်ခုအတွင်း ဒေသတွင်းနှင့် ပြည်ပနိုင်ငံများနည်းတူ ဆန်စပါးလုပ်ငန်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန် အခြေအနေကောင်းများကို ပိုင်ဆိုင်ထားပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။ ။

# “စာကောင်းရေးချင်ရင် စိတ်ကောင်းအရင်မွေးပါ” ဆိုတဲ့ ဆရာကြီးဇော်ဂျီရဲ့ စကားကိုလည်း မြေဝယ်မကျ ရင်ဝယ်ပိုက်ထားကြစေလိုတယ်

စာရေးဆရာ မော်သာထွေး

တွေ့ဆုံမေးမြန်း
အာကာလင်း
ဓာတ်ပုံ – တင်စိုး

ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီသည် ၂၀၂၁ ခုနှစ်အတွင်း ပထမအကြိမ် ထုတ်ဝေခဲ့သည့် စာအုပ်များကို စိစစ်ရွေးချယ်ခဲ့ပြီး အမျိုးသားစာပေဆုချီးမြှင့်ရန် ရွေးချယ်ခံရသော စာအုပ်များနှင့် စာရေးဆရာများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာခဲ့ရာ ဆုရရှိသူများအား မြန်မာ့အလင်းမှ တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြလိုက်ပါသည် –

**စာအုပ်အမည် – GLOBAL PERSPECTIVE VIEWS ON ENERGY AND ELECTRICITY**
**ဘာသာရပ် – အင်္ဂလိပ်ဘာသာ(သုတ)**
**စာရေးသူ – Maw Thar Htwe (Mandalay)**

“၂၀၁၈ ခုနှစ်မှာ စွမ်းအင်နဲ့ လျှပ်စစ်ကို ကမ္ဘာကြည့်ကြည့်မယ်” ဆိုတဲ့ စာအုပ်တစ်အုပ်ကို မြန်မာလိုရေးပြီး စာဖတ်ပရိသတ်ကို ကျေးဇူးပြုခဲ့တယ်။ ၂၀၁၈ ခုနှစ်မှာ မြန်မာလိုရေးသားဖြန့်ဝေစဉ်ကတည်းက ဒီစာအုပ်ဟာ စာအုပ်စင်တွေပေါ်မှာ Best Seller အဖြစ် အတော်ကြာကြာ ရပ်တည်နေခဲ့တယ်။ အခုဆိုရင် စတုတ္ထအကြိမ် ထိတောင်ရိုက်ပြီး ဖြန့်ဝေပြီးပါပြီ။ ဒီစာအုပ်ဟာ အမျိုးသားစာပေဆုမရခဲ့ပေမယ့် ထွန်းဖောင်ဒေးရှင်း စာပေဆုရကြောင်းတော့ ကြေညာတာတွေ့ခဲ့ရပါတယ်။ အခု အမျိုးသားစာပေဆုရတာဟာ အဲဒီမြန်မာလိုရေးခဲ့တဲ့ စာအုပ်ကို အင်္ဂလိပ်လို ပြန်ဆိုရေးသားခဲ့တဲ့ “Global Perspective Views on Energy and Electricity” ဆိုတဲ့ စာအုပ်နဲ့ ရတာပါပဲ။ ပရိသတ်ရဲ့ ဆန္ဒနဲ့ ထပ်တူကျသွားခဲ့ပြီလို့ ယူဆပါတယ်။ ဒါဟာ ကျွန်တော့်အတွက်တော့ အမျိုးသားစာပေဆု ပထမဆုံးရတဲ့ စာအုပ်ပါပဲ။


ဝါသနာပါတာက စာဖတ်ခြင်းနဲ့ အားကစားပါပဲ၊ အရွယ်ရလာလေ စာဖတ်တာ ပိုများလာလေပါပဲ။ လစဉ် စာအုပ်စာစောင်ဝယ်ဖို့ သီးခြားငွေဖယ်ထားပါတယ်။ နေ့စဉ် စာမဖတ်တဲ့နေ့ မရှိအောင် မိမိအိမ်ဧည့်ခန်းနဲ့ စာဖတ်ခန်းမှာ စာအုပ်၊ သတင်းစာတွေကို လက်တစ်ကမ်းမှာပဲ မြင်သာအောင်ထားပါတယ်။ မှတ်သင့်တာတွေ့ရင် စာအုပ်နဲ့ မှတ်ပါတယ်။ မူလတန်းအရွယ်ကတည်းက သတင်းစာဖတ်တယ်၊ ရှေ့သို့ လစဉ်ထုတ် စာစောင်ဖတ်တယ်၊ ရွှေသွေး၊ ရှုင်ပြုံး၊ စံရွှေမြင့်၊ ကြံ့ဗဟုံး၊ မောင်ကမ္ဘာစတဲ့ ကာတွန်းတွေလည်းဖတ်ခဲ့တယ်။ သူ့အရွယ်နဲ့သူ လိုက်လျောညီထွေရှိမယ့် စာတွေဖတ်ခဲ့ရာက စာဖတ်တဲ့ အကျင့်ရခဲ့တယ်။

မှတ်မှတ်ရရ ၁၉၆၃ ခုနှစ်က တော်လှန်ရေးကောင်စီနဲ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲပျက်ပြားပြီး နဝင်းချောင်းဖြတ်တော့ ပုဆိုးလေးတွေ “မ” ပြီး တောတွင်းကို ပြန်ဝင်သွားတဲ့ ဗမာပြည် ကွန်မြူနစ်တွေရဲ့ နောက်ကျောကနေ ရိုက်ထားတဲ့ “သူတို့ကျောခိုင်းသွားကြလေပြီ” ဆိုတဲ့ပုံကို ဒီနေ့ထိ မျက်စိထဲမှာ မြင်နေဆဲပါပဲ။ ရှေ့သို့ စာစောင်ရဲ့ နောက်ကျောဖုံး စာမျက်နှာမှာ ပါပါတယ်။ ဒါမျိုးအမှတ်တရတွေ မူလတန်းအရွယ်ကတည်းက ရခဲ့တာတွေရှိပါတယ်။ ပြောလိုတာက အမေဖြစ်သူနဲ့ အစ်ကိုဖြစ်သူတို့ရဲ့ စာဖတ်သန်မှုနဲ့ စာဖတ်ဖို့ အားပေးခဲ့မှုတွေဟာ ဒီနေ့ထိ နေ့စဉ်စာမဖတ်ရရင်တစ်ခုခု လိုနေသလိုပါပဲ။ နောက်ပိုင်း အသက်ရလာတော့ လုပ်ငန်းတာဝန်တွေနဲ့ ပိနေခဲ့ပေမယ့်၊ နောင်တစ်ချိန် ငါပင်စင်ယူရင် ဘာပဲရေးရေး အထောက်အထားလေးတွေရအောင်ဆိုတဲ့ စိတ်နဲ့ မှတ်သားသင့်တဲ့စာအုပ်၊ အစီရင်ခံစာ စာတာတွေကို သိမ်းဆည်းပြီး စာရေးသားတဲ့အခါ အထောက်အထားများ အဖြစ် ပြန်ပြီးထုတ်သုံးတာပါ။

တာဝန်ထမ်းစဉ်က တာဝန်တွေကြောင့် စာမရေးနိုင်ခဲ့သော်လည်း၊ စုဆောင်းထားခဲ့တဲ့ အထောက်အထားတွေ ပြည်တွင်း၊ ပြည်ပအတွေ့အကြုံတွေဟာ ပင်စင်ယူတဲ့အချိန်မှာ မိမိစာတွေ ရေးအောင် တိုက်တွန်းနေသလို ခံစားခဲ့ရလို့ စာတွေစပြီး ရေးဖြစ်တာပါ။ ဒီတော့ ပြည်သူတွေကို ဗဟုသုတရစေမယ့် စာအုပ်တွေများများ ရရှိပါစေဆိုတဲ့ စေတနာနဲ့ စာအုပ်တွေရေးဖြစ်ခဲ့တာပါ။ ဒီနေ့ နိုင်ငံတော်တာဝန်ရှိသူတွေဟာ ကဏ္ဍစုံမှာ ထူးချွန်ခဲ့သူ၊ ပြည်သူ့အကျိုး အားတတ်သရော ဆောင်ရွက်ခဲ့သူတွေကို ပိုမိုအားပေးပံ့ပိုးနေတယ်ဆိုတာ သမိုင်းပြန်ကြည့်ရင် အသိသာကြီးပါ။ ဒီထဲမှာ စာပေဆုလည်းပါတယ်။ ခေတ်အဆက်ဆက် စာပေဆုရခဲ့တဲ့အထဲမှာ အမျိုးသားစာပေဆု ခုနစ်ကြိမ်အထိ ရသူရှိတယ်။ သိပ်အားကျတယ်။

အခုစာတွေ ရေးနေတယ်ဆိုတာက ဆုရအောင်ရေးတာတော့ မဟုတ်ပါဘူး။ ဆုရပြီလို့ တီဗွီသတင်းမှာကြားလိုက်တဲ့ အချိန်မှာတော့ “ငါအားထုတ်ရေးသားခဲ့တဲ့စာအုပ် မြန်မာလိုရေးတုန်းက သူ့အကြောင်းနဲ့သူ အမျိုးသားစာပေဆု မရခဲ့ပေမယ့် အခုအင်္ဂလိပ်လို ဘာသာပြန်ရေးခဲ့တော့ ဆုရပြီး စာဖတ်ပရိသတ်ကြီးလည်းပျော်ပြီ” ဆိုတဲ့ ပီတိစိတ်ဟာ နှလုံးသားထဲ နက်နက်ရှိုင်းရှိုင်းကို ရောက်လာခဲ့တယ်။ ဆက်ပြီးတွေးမိတာက စာပေဆုဆိုတာ အကြောင်းအားလုံး တိုက်ဆိုင်မှ ရတာပါလားဆိုတာကိုပါ ဆင်ခြင်မိတယ်။ တစ်ချိန်က ဒီစာအုပ်ကို မြန်မာလိုရေးခဲ့တုန်းက စာဖတ်ပရိသတ်များလို့ ပီတိဖြစ်ခဲ့ဖူးတယ်။ အခုအဲဒီစာအုပ်ကို ဘာသာပြန်ပြီး ထုတ်လိုက်တော့ စာပေဆုရလာတဲ့အချိန်မှာ ပီတိဟာအမြင့်ဆုံးကို ရောက်သွားတော့တာပဲ။ စာဖတ်ပရိသတ် ရဲ့ကျေးဇူး၊ နိုင်ငံတော်ရဲ့ကျေးဇူး၊ စာပေစိစစ်ရေးဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေရဲ့ ကျေးဇူးတွေပါလားလို့လည်း ခံစားမိတယ်။ စာရေးသူတိုင်း လိုချင်တဲ့ နိုင်ငံတော်က ပေးတဲ့ဆုကို ရတော့ ပျော်တာပေါ့ဗျာ။

“အသိမှန်မှ အလုပ်မှန်မယ်” ဆိုသလို အသိတွေမှန်အောင် ကူညီဖို့ စာရေးသူတွေမှာ တာဝန်ရှိတယ်လို့ ခံယူတယ်။ “စာကောင်းရေးချင်ရင် စိတ်ကောင်းအရင်မွေးပါ” ဆိုတဲ့ ဆရာကြီး ဇော်ဂျီရဲ့ စကားကိုလည်း မြေဝယ်မကျ ရင်ဝယ်ပိုက်ထားကြစေလိုတယ်။ နောက်ဆုံးပြောလိုတာကတော့ စာဖတ်ပရိသတ်ရဲ့ မေတ္တာ၊ နိုင်ငံတော်ရဲ့ စာပေအပေါ် အလေးအနက်ထားမှု၊ စာပေစိစစ်ရေးအဖွဲ့ရဲ့ စနစ်တကျ ရွေးချယ်ပေးမှု၊ မိဘ၊ အစ်ကို၊ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာအားလုံးနဲ့ စာဖတ်ပရိသတ်တို့ရဲ့ ကျေးဇူးတွေ ပေါင်းစုမိလို့သာ ဒီဆုကိုရတာပါ။ ဒီအတွက် ဝမ်းသာမှုရော ကျေးဇူးတင်မှုပါ ရင်နဲ့အပြည့်ပါလို့ ပြောလိုပါတယ်။



အမျိုးသားစာပေဆု အင်္ဂလိပ်ဘာသာ(သုတ) ဆုရ
စာရေးဆရာ မော်သာထွေးနှင့် ဆုရစာအုပ်

**စာအုပ်အမည် – Through the Window of Sarpay Beikman**
**ဘာသာရပ် – အင်္ဂလိပ်ဘာသာ (ရသ)**
**စာရေးသူ – Maung Swe Ngae**

“ဒီနှစ် ၂၀၂၂ ခုနှစ် ဩဂုတ် ၂၆ ရက်က စာပေဗိမာန်ရဲ့ စိန်ရတုပေါ့၊ အဲဒီစိန်ရတုကိုအမှီ ဘာလုပ်ရမလဲ ဆိုပြီး စဉ်းစားတာ ကိုယ်ကလည်း စာပေဗိမာန်မှာ နှစ်ပေါင်း ၄၀ ကျော် လုပ်လာခဲ့တာ၊ ၄၀ ကျော်ဆိုတာက စာပေဗိမာန်ကို ၁၉၈၀ ကနေ စရောက်တယ်၊ အယ်ဒီတာနဲ့ လုပ်နေလိုက်တာ ၂၀၀၀ ပြည့်နှစ်မှာ စာတည်းမှူးချုပ်ဖြစ်သွားတယ်၊ စာတည်းမှူးချုပ်ဖြစ်ပြီးတော့ ၂၀၀၇ နှစ်မှာ အငြိမ်းစားသွားတယ်။ အငြိမ်းစားသွားပေမယ့် အကြံပေးအဖြစ် ငါးနှစ်ဆက်လုပ်ပြီးတော့ နားလိုက်တယ်၊ နားလိုက်တယ်ဆိုပေမယ့် စာပေဗိမာန်ရဲ့ စာပေအဖွဲ့အစည်းတွေရဲ့ လုပ်ငန်းတွေမှာ အကုန်လုံးပါနေတယ်၊ အဲဒီအချိန်တည်းက အခုအချိန်အထိပေါ့ နှစ်ပေါင်း ၄၀ စာပေဗိမာန်ကို အလုပ်အကျွေးပြုတာ။

ဒီစာပေဆုရတဲ့စာအုပ်ထဲမှာ စာပေဗိမာန်အကြောင်းတွေ၊ ဆိုရန်တိုဗီလာအကြောင်းတွေ၊ နောက်ပြီးတော့ စာပေဗိမာန်မှာရှိနေတဲ့ ပြည်သူ့စာကြည့်တိုက်အကြောင်းတွေ၊ စာပေဆုတွေအကြောင်း၊ တစ်သက်တာစာပေဆုမွေးဖွားလာတဲ့အကြောင်း၊ ကိုယ်တိုင်လုပ်ခဲ့တာဖြစ်တဲ့အတွက် ကိုယ်တိုင်သိလို့ ရေးခဲ့တာဖြစ်ပါတယ်၊ နောက်ပခုက္ကူဦးအုံးဖေ စာပေဆုအကြောင်းပေါ့၊ အဲဒါအင်္ဂလိပ်လိုမရှိဘူး၊ နောက်စာတမ်းဖတ်ပွဲကြီးတွေ၊ အရှေ့တောင်အာရှစာပေဆု အကြောင်းတွေရေးထားတယ်၊ တစ်သက်တာစာပေဆု ဘယ်လိုပေါ်လာသလဲဆိုတာ ဒီအထဲမှာ အကုန်ပါတယ်၊ နောက်ဒီစာအုပ်က နှစ်ပိုင်းခွဲထားတယ်။ အေနဲ့ဘီနဲ့ပေါ့၊ ဘီကဘာလဲဆိုတော့ ရသထဲမှာပါတယ်၊ အဲဒီထဲမှာ တရုတ်စာရေးဆရာအသင်းနဲ့ ကျွန်တော်တို့စာရေးဆရာအကြောင်းတွေ၊ ဆင်ဖြူကျွန်းအောင်သိန်းတို့အကြောင်းတွေ အကုန်ပါတယ်၊ ကျွန်တော်ဘယ်လိုကြိုးစားလာခဲ့ရတယ်ဆိုတဲ့အကြောင်း၊ နောက်အများကြီးပဲ စာဖတ်တဲ့ အကြောင်းလေးတွေပါတယ်။ သုတရော ရသပါ နှစ်ပိုင်းပါဝင်တယ်။ အဲဒါကြောင့် ရသပိုင်းကနေပေးတာ ဖြစ်ပါတယ်။

ဒီစာအုပ်ကို ဘာကြောင့်ရေးရလဲ ဆိုတော့ ကိုယ့်ရဲ့မိခင်ဌာန စာပေဗိမာန်ကြီးကို ကိုယ်ကကျေးဇူးဆပ်တဲ့အနေနဲ့ ရေးခဲ့တာဖြစ်ပါတယ်။ ဆုရမယ်လို့ ထင်မထားဘူး။ အခုလိုဆုရတာဟာ ကိုယ်က ကျေးဇူးဆပ်လို့ ပြန်လည်ကျေးဇူးတုံ့ပြန်တဲ့ သဘောမျိုးလို့ အောက်မေ့ပါတယ်။ စာအုပ်က သိပ်မထုတ်တော့ဘူး၊ ဝတ္ထုတွေရေးတယ်၊ ကဗျာတွေရေးတယ်၊ ဆောင်းပါးတွေရေးတယ်၊ အရင်တုန်းက အင်္ဂလိပ်သတင်းစာနဲ့ မြန်မာသတင်းစာမှာ မောင်လှိုင်အမည်နဲ့ရေးတာ၊ အရင်တုန်းက သတင်းစာ ခုနစ်စောင်ရှိတယ်၊ အဲဒီ ခုနစ်စောင်မှာ မောင်လှိုင် အမည်နဲ့ ရေးတာ၊ အင်္ဂလိပ်လည်း ရေးတယ်၊ မြန်မာလည်းရေးတယ်၊ အခုဒီဘက်ပိုင်းကျတဲ့အခါကျတော့ အင်္ဂလိပ်ကိုပဲ မောင်လှိုင်အမည်နဲ့ရေးတယ်၊ တစ်ခါတစ်ခါ မောင်ဆွေငယ်နဲ့ရေးတယ်၊ အပြင်စာစောင်မှာတော့ မောင်ဆွေငယ်နဲ့ရေးတာပေါ့။ မောင်လှိုင်နဲ့တစ်အုပ်ထုတ်တယ်၊ မောင်လှိုင်နဲ့က နှစ်အုပ်ထုတ်တာ၊ ဒါက မောင်ဆွေငယ်နဲ့ထုတ်တာ၊ စာအုပ်အနေနဲ့ဆိုရင်သုံးအုပ်ရှိသွားပြီ၊ ဒီစာအုပ်ကို ထုတ်ပေးတဲ့သူကို ကျွန်တော် ကျေးဇူးတင်တယ်၊ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်ကို ကျေးဇူးတင်ပါတယ်။ ဒီဆောင်းပါးတွေကို ရေးနိုင်အောင် ကျွန်တော့်ကို လက်တွဲခေါ်ပေးခဲ့တဲ့ ဆရာကြီး ဦးဘကျော်တို့၊ မင်းကျော်မင်း တို့ကို ကျေးဇူးတင်ပါတယ်၊ နောက်ပြီး ငယ်ငယ်တုန်းက ကျွန်တော့်ကိုသင်ပေးခဲ့တဲ့ ဝါးခယ်မက ဆရာကြီးဦးအောင်သန်း၊ အင်္ဂလိပ်စာပါမောက္ခဆရာကြီး ဦးမျိုးမင်း၊ ဆရာကြီး ဒေါက်တာ မောင်မောင်ကြင်၊ ဆရာကြီး သခင်ဘသောင်း သူတို့ဆီကနေပြီး ကျွန်တော်က ပညာတွေရခဲ့တာဆိုတော့ အဲဒီဆရာကြီးတွေကိုလည်း ကျေးဇူးတင်ပါတယ် ဟု ပြောသည်။ ဆရာကြီး ဦးမောင်လှိုင် (မောင်ဆွေငယ်) သည် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တွင် မိသားစုနှင့် နေထိုင်လျက်ရှိသည်။





အမျိုးသားစာပေဆု အင်္ဂလိပ်ဘာသာ(ရသ) ဆုရ
စာရေးဆရာမောင်ဆွေငယ်နှင့် ဆုရစာအုပ်

# ကျိုင်းတုံမြို့ အိမ်တွင်းမှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းလျက်ရှိ



**ကျိုင်းတုံ အောက်တိုဘာ ၃၁**

ရှမ်းပြည်နယ်အတွင်း MSME အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အိမ်တွင်းမှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၃၀ ရက် က ကျိုင်းတုံမြို့ ကျိုင်းလန်(၂)လမ်းရှိ ရှင်းရှင်းခေါက်ဆွဲ အိမ်တွင်းမှုလုပ်ငန်းအဆင့်ဆင့် ပြုလုပ်နေမှုကို ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြောင်းနှင့် အိမ်တွင်းမှု တစ်ပိုင်တစ်နိုင်ဝိုင်လုပ်ငန်း၊ အာခါစက်မှုလက်မှု ကုန်ထုတ်သမဝါယမ အသင်းလီမိတက်မှ အာခါတိုင်းရင်းသားရိုးရာ အထည်များ ရောင်းချနေမှုတို့ကို ကြည့်ရှုကြသည်။

ဆက်လက်၍ ကျိုင်းတုံမြို့ လားဟူနှင့်အာခါ ကုမ္ပဏီလီမိတက်တို့မှ လက်ဖက်ခြောက်ထုတ်လုပ်နေမှုနှင့် လားဟူတိုင်းရင်းသားရိုးရာအထည်များ၊ ဂျိန်ဖောရတနာ တန် ၁၀၀ ကျ ဆန်စက်တွင် ဒေသထွက်ရွှေရင်အေး(နွေစပါး)၊ မော်ဘီ(မိုးစပါး) ကြိတ်ခွဲနေမှုနှင့်ရွှေစင် အဆင့်မြင့် တန် ၁၅၀ ကျ ဆန်စက်တို့ကို သွားရောက်ကြည့်ရှုကြသည်။

အဆိုပါ ရွှေစင် အဆင့်မြင့်တန် ၁၅၀ ကျ ဆန်စက်သည် စက်ပစ္စည်းများ အဆင့်သင့်ရောက်ရှိနေပြီး မကြာခင် စက်ရုံလည်ပတ်၍ ဒေသထွက်စပါးများကို ကြိတ်ခွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

## ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူး

**ပုဗ္ဗသီရိ အောက်တိုဘာ ၃၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ပြည်ထဲရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန နေပြည်တော် မီးသတ်ဦးစီးမှူးရုံး ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေး သင်တန်း (၁/၂၀၂၂)ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။

အခမ်းအနားသို့နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး မင်းနောင်၊ နေပြည်တော်တိုင်း မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးလှိုင်ဝင်းအောင်၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ခရိုင်/မြို့နယ်မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီးမင်းနောင်က အမှာစကားပြောကြားရာ၌ "သဘာဝ ဘေးအန္တရာယ်များကြုံတွေ့လာရပါက ထိခိုက်ဆုံးရှုံးမှုများကိုလျှော့ချနိုင်ရေးအတွက် အဓိကလိုအပ်သည့် ရှာဖွေကယ်ဆယ်ခြင်းနှင့် ကြိုတင်ကာကွယ်ခြင်း လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ရန် အထူးအရေးကြီးကြောင်း၊ ထို့ကြောင့် သင်တန်း တက်ရောက်သူများ အနေဖြင့် ဘေးအန္တရာယ်ဆိုင်ရာ ကြိုတင်ကာကွယ်ခြင်း၊ ရှာဖွေကယ်ဆယ်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် လေ့လာဆည်းပူးပြီး အများပြည်သူအကျိုးအတွက် ဆောင်ရွက်ကြစေလိုကြောင်း" တိုက်တွန်း ပြောကြားခဲ့သည်။

ထို့နောက် နေပြည်တော် ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည်တက်ရောက်လာကြသည့် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ခင်းကျင်းပြသထားသည့် ရှာဖွေကယ်ဆယ်ရေး ပစ္စည်းများနှင့် သရုပ်ပြသမှုများကို ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါသင်တန်းကို အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဟိုတယ်ဝန်ထမ်းများနှင့် ဈေးဝယ်စင်တာများမှ သင်တန်းသား သင်တန်းသူ ၅၀ အား နည်းပြ ရှစ်ဦးဖြင့် မီးသတ်တပ်ဖွဲ့၏ အခန်းကဏ္ဍနှင့် ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းစဉ်များ၊ အခြေခံကြိုးချည်နည်းစနစ်များ၊ ကြိုးအသုံးပြု၍ ကယ်ဆယ်ခြင်းနည်းစနစ်များ၊ ခေတ်မီရှာဖွေကယ်ဆယ်ရေး ပစ္စည်းများနှင့် ကိုင်တွယ်ထိန်းသိမ်း အသုံးပြုခြင်းများ၊ အသက်ရှူကိရိယာအသုံးပြုခြင်း၊ ရေတွင်းအသက်ကယ်ဆယ်ခြင်း၊ အဆောက်အအုံပြိုကျမှု ရှာဖွေကယ်ဆယ်ခြင်း၊ ယာဉ်မတော်တဆမှုနှင့် အခြေခံအသက်ကယ်နည်းစနစ်များ၊ လူနာသယ်ဆောင်ခြင်း နည်းလမ်းများကို အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၁၁ ရက်အထိ စာတွေ့လက်တွေ့ လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း သိရသည်။

**သားငယ် (ပုဗ္ဗသီရိ)**





## ဘီလူးချောင်း သဘာဝရေပြင်အတွင်း ငါးမျိုးစိုက်ထည့်

**လွိုင်ကော် အောက်တိုဘာ ၃၁**

ကယားပြည်နယ်အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ငါးမျိုးများ စိုက်ထည့်ခြင်းနှင့် ငါးမွေးတောင်သူများသို့ ငါးမျိုးများပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းက လွိုင်ကော်မြို့ ပြည်နယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနီး ဘီလူးချောင်း သဘာဝရေပြင်၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနနှင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ငါးမွေးတောင်သူများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မြင့်ဝေ ဦးဆောင်ပြီး တာဝန်ရှိသူများသည် ဘီလူးချောင်းသဘာဝရေပြင်၌ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကောင်ရေ ၁၉၀၀၀၀ ကို ငါးမျိုးများ စိုက်ထည့်ပေးခဲ့ကြပြီး သတ္တပလူနှင့် မှုံပြာကျေးရွာအခြေပြုငါးမွေးတောင်သူ ၁၀ ဦးထံသို့ နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်း၊ ရွှေဝါငါးကြင်းနှင့် ငါးခုံးမကောင်ရေ ၁၀၀၀၀၀ ပေးအပ်ခဲ့ကြသည်။

**ကိုဇင်(လွိုင်ကော်)**

## နတ်မောက်မြို့နယ်၌ အခြေခံပညာအလယ်တန်းကျောင်း ကျောင်းဆောင်သစ်တိုးချဲ့ဆောက်လုပ်

**နတ်မောက် အောက်တိုဘာ ၃၁**

မကွေးတိုင်းဒေသကြီးနတ်မောက်မြို့နယ် တမာလန်းပင်ကျေးရွာရှိ ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ပညာသင်ကြားနိုင်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ပညာရေးဝန်ကြီးဌာနမှ အာရ်စီတစ်ထပ် ကျောင်းဆောင်သစ် တိုးချဲ့ ဆောက်လုပ်လျက် ရှိကြောင်း တာဝန်ခံကျောင်းအုပ်ထံမှ သိရသည်။

အဆိုပါ ကျောင်းဆောင်သစ် တိုးချဲ့ တည်ဆောက်ခြင်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၇၄ ဒသမ ၈၂၅ သန်းဖြင့် တင်ဒါအောင်မြင်သောကုမ္ပဏီက တာဝန်ယူဆောင်ရွက် လျက်ရှိသည်။



အဆိုပါ နတ်မောက်မြို့နယ် တမလန်းပင်ကျေးရွာရှိ အခြေခံပညာကျောင်းဆောင်သစ်တိုးချဲ့တည်ဆောက်ခြင်းကို စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ကာလအတွင်း ပြီးစီးရေးကိုကျေးရွာအရည်အသွေးစစ်ဆေးရေးကော်မတီ၊ ကျေးရွာကျောင်း အကျိုးတော်ဆောင်များနှင့် တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မူမူစန်း**


ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဂျာနယ်
ထွက်ရှိ



၁-၁၁-၂၀၂၂ ရက်နေ့ထုတ် အတွဲ(၁၉)၊ အမှတ်(၂၁)တွင်
- မြန်မာ့ယဉ်ကျေးမှုကို ဖော်ကျူးသည့် တန်ဆောင်မုန်းလ ပွဲတော်များ
- စီးပွားဖြစ်စေသော စပျစ်စိုက်ပျိုးနည်း
- နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် စားသုံးဆီဖူလုံရေး ဆောင်ရွက်ကြပါစို့
- ပဲတီစိမ်းပန်းတိုင်အထွက်ကောင်းရန် ဆောင်ရွက်ရမည့် နည်းလမ်းများ
- အိန္ဒိယနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးမှုတွင် အသေးစားနှင့် အလတ်စား လုပ်ငန်းများ၏ အခန်းကဏ္ဍ
- စီးပွားရေးတွက်ခြေကိုက်သော ငါးရှဉ့်မွေးမြူနည်း
- ကင်ပွန်းချဉ်ရဲ့အစွမ်း အံ့မခန်း
- ဂရုစိုက်ပါ ရေယုန်နာအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ပါသည်။

တစ်စောင် (၂၅၀) ကျပ်

အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

DKY Journal

## ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ အထက(၁) မှ မယုမွန်နိုင် (G-10)၊ မပန်းအိဆွေ (G-6) နှင့် မပန်းအိဝေ(G-6) တို့၏ဖခင် အမည်မှန်မှာ ဦးထူး ၅/ စကန(နိုင်)၁၆၆၂၈၈ ဖြစ်ပါကြောင်း။

ဦးထူး

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

